# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက် ၂၀၁၅ ခုနှစ်၊ ဧပြီ ၂၆ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၀၃]


**သုသိက္ခိတ ဝိနယမင်္ဂလာ**

စည်းကမ်းကျင့်ဝတ်ကို ကောင်းစွာသင်ယူခြင်း၊
လိုက်နာကျင့်သုံးခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။



# သီလဝါအထူးစီးပွားရေးဇုန် ပထမအဆင့် ၂၀၁၅ ဇွန်လတွင် အပြီးသတ်နိုင်မည်

တွေ့ဆုံမေးမြန်း-မြတ်သန္တာမောင်
ဓာတ်ပုံ-အငယ်လေး

**ရန်ကုန် ဧပြီ ၂၅**

မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ မြန်မာ အစိုးရနှင့် ဂျပန်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် ကီလိုမီတာ ၂၀ သာ ကွာဝေးသော သီလဝါဆိပ်ကမ်းအနီးရှိ မြန်မာနိုင်ငံ၏ ပထမဆုံး အထူးစီးပွားရေးဇုန် သီလဝါမှာ စတင်ရုပ်လုံးပေါ်လာပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ ပထမဆုံးအထူးစီးပွားရေးဇုန် ဖြစ်လာမည့် ဟက်တာ ၂၄၀၀ ကျယ်ဝန်းသည့် သီလဝါအထူးစီးပွားရေးဇုန်၌ အပိုင်း(က)အနေဖြင့် ၃၉၆ ဟက်တာကို သက်မှတ်၍ အကောင်အထည်ဖော်လျက်ရှိနေသည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် စီမံကိန်းအပိုင်း(က) ပထမအဆင့်သည် ၈၁ ရာခိုင်နှုန်းကျော်အထိ ရုပ်လုံးဖော်ပြီးစီးနေပြီဖြစ်ကာ စာမျက်နှာ ၉ ကော်လံ ၁ ❐

## ရခိုင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့ထံမှ ခဲယမ်းများနှင့် ဆေးဝါးများသိမ်းဆည်းရမိ

စာ➤ ၁၂

## မူဆယ်မြို့ရှိ မြဝတီဘဏ်ခွဲအား လက်နက်ကိုင်နှစ်ဦးက လာရောက်ပစ်ခတ်မှုဖြစ်ပွား

စာ➤ ၁၂

## ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်းလျော့နည်းသွားကြောင်း ယူနီဆက်ဖ်မြန်မာနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ ထုတ်ပြန်

**ရန်ကုန် ဧပြီ ၂၅**

ယနေ့သည် ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ (World Malaria Day) ဖြစ်ပြီး ကမ္ဘာပေါ်ရှိ ကြီးမားသောတိုးတက်မှုအဖြစ် ငှက်ဖျားရောဂါကြောင့် သေဆုံးမှုနှုန်း လျော့ချမှုအဖြစ် ပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ၂၀၀၁ မှ ၂၀၁၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၄ ဒသမ ၃ သန်းကို ငှက်ဖျားရောဂါဖြစ်ပွားခြင်းမှ ကာကွယ်တားဆီးခြင်း၊ ရောဂါရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသမှုရှိနိုင်ခြင်းမှတစ်ဆင့် စာမျက်နှာ ၁၁ ကော်လံ ၁ ✻




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မိုးဦးလေဦးအန္တရာယ်

မြန်မာနိုင်ငံတွင် နှစ်စဉ်ဧပြီလနှင့် မေလများသည် မိုးဦးကာလဖြစ်ပါသည်။ မိုးဦးကာလအတွင်း မုန်တိုင်းများဖြစ်ပေါ်မှုနှင့်အတူ မိုးသက်လေပြင်းများကျရောက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးများကြွေကျခြင်း၊ အပူရှိန်လွန်ကဲခြင်း စသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားတတ်ပါသည်။ မိုးဦးလေဦးကာလအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ဆုံးရှုံးမှုများ မဖြစ်ပွားရအောင် ဆောင်ရန်ရှောင်ရန်များ သတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများပြတ်ကျခြင်း၊ ဓာတ်တိုင်များလဲကျခြင်း၊ နေအိမ်နှင့် အဆောက်အအုံများ ပျက်စီးခြင်းတို့ဖြစ်ပွားနိုင်ပါသည်။ အပူရှိန်မြင့်မားပြီး မိုးသည်းထန်စွာရွာသွန်းနေချိန် မိုးကြိုးလျှပ်စီးများဖြစ်ကာ မိုးကြိုးအန္တရာယ်ကျရောက်နိုင်ပါသည်။ လေတိုက်နှုန်းမြင့်မားနေချိန် ကမ်းနီးကမ်းဝေး ငါးဖမ်းသင်္ဘောများ၊ စက်လှေများနစ်မြုပ်တတ်ပါသည်။ သစ်ပင်ကြီးများလဲကျခြင်း၊ သစ်ကိုင်းများကျိုးကျခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ပွားနိုင်ပါသည်။

လေပြင်းများတိုက်ခတ်ချိန် လဲကျနိုင်သောသစ်ပင်ကြီးများနှင့် ကင်းဝေးသည့် ခိုင်ခံ့သောအဆောက်အအုံများ နေအိမ်များအတွင်း၌သာ နေထိုင်သင့်ပါသည်။ အပြင်သို့သွားလာနေခြင်းဖြင့် လေပြင်းတိုက်ရာမှ လွင့်စဉ်လာသော အပိုင်းအစများကြောင့် ထိခိုက်အန္တရာယ်ဖြစ်ပွားနိုင်ပါသည်။ ပြုတ်ကျနေသော လျှပ်စစ်ဓာတ်ကြိုးများကြောင့် ဓာတ်လိုက်သေဆုံးနိုင်ပါသည်။ ဓာတ်ကြိုးများပြုတ်ကျနေသည်ကို တွေ့ရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံး ဆက်သွယ်အကြောင်းကြားသင့်ပါသည်။

မိုးသည်းထန်စွာရွာသွန်းပြီး လျှပ်စစ်မိုးကြိုးမုန်တိုင်းများ ဖြစ်ပေါ်နေချိန် ဘေးကင်းသော အဆောက်အအုံများအတွင်း နေထိုင်သင့်ပါသည်။ မိုးကြိုးပစ်မှု ဖြစ်ပွားနိုင်သည့် လွင်တီးခေါင်အရပ်သို့ သွားလာနေခြင်းမပြုသင့်ပါ။ အထူးသဖြင့် မိုးကြိုးပစ်မှုအများဆုံးဖြစ်ပွားလေ့ရှိသော အရပ်ဒေသများ၌ ကျွဲနွားများနှင့်အတူ လယ်ကွင်းများသို့ဖြတ်သန်းကာ သွားလာခြင်းမှ ရှောင်ကြဉ်သင့်ပါသည်။ မိုးကြိုးလျှပ်စစ်စီးများ ဖြစ်ပေါ်နေချိန် ရှောင်ရန်ဆောင်ရန်များ သတိပြုလိုက်နာဆောင်ရွက်သင့်ပါသည်။

လေတိုက်နှုန်းမြင့်မားနေချိန် ပင်လယ်ပြင်သို့ စက်လှေများဖြင့် ငါးဖမ်းထွက်ခြင်း၊ ရေကူးခြင်းတို့ကို သတိပြုဆောင်ရွက်သင့်ပါသည်။ မိုးဦးလေဦးကာလအတွင်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ရှေးဦးသူနာပြုကြက်ခြေနီလုပ်ငန်းများ အရန်သင့်ဖြစ်အောင် ပြင်ဆင်ဇာတ်တိုက်လေ့ကျင့်ထားသင့်ပါသည်။ သို့ပါ၍ မိုးဦးလေဦးကာလအတွင်း မလိုလားအပ်သော ဘေးအန္တရာယ်များ ကျရောက်ခြင်းမှ ကင်းဝေးရအောင် ဆောင်ရန် ရှောင်ရန်များကို သတိပြုလိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။



## နည်းပညာနှင့် သက်မွေးပညာကဏ္ဍ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်လိုအပ်

**နေပြည်တော် ဧပြီ ၂၅**

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေး(၃/၂၀၁၅)ကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ Task Force ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့်Vocational Training ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသလိုအပ်ချက်များအလိုက် ဖွင့်လှစ်ရန်လိုကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရေရှည် တိုးတက်ဖွံ့ဖြိုးစေရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန် လိုကြောင်း၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် Vocational Training Center များကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၏ လိုအပ်ချက်နှင့်အညီ ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပြီး နည်းပညာနှင့် သက်မွေးပညာရေးနှင့်သက်ဆိုင်သော Polytechnic Institute နှင့် Polytechnic School များ ဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ၌ Public-Private Partnership Model ဆောင်ရွက်ရန်နှင့် ဘဏ္ဍာရေးအစီအစဉ်များ သီးခြားထည့်သွင်းပြဋ္ဌာန်းနိုင်ရန် လိုအပ်ပါကြောင်း၊ နည်းပညာနှင့်သက်မွေးပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြပါရန် ပြောကြားသည်။

ဆက်လက်၍သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် Polytechnic Institute နှင့် Polytechnic Schoolများ ဖွင့်လှစ်နိုင်ရေး စီမံချက်ရေးဆွဲတင်ပြရေး ကိစ္စများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန (၅)၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ Task Force အဖွဲ့ဝင်များဖြစ်သော သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများကလည်း အသေးစိတ်ရှင်းလင်းဆွေးနွေး အကြံပြုခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့နှင့် သားဖွားဆရာမများနေ့ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၅**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းသည် အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ (International Day of the Midwife) အထိမ်းအမှတ် အခမ်းအနားကို မေ ၁၂ ရက်တွင်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ (International Nurses Day) အထိမ်းအမှတ်အခမ်းအနားကို မေ ၁၆ ရက်တွင်လည်းကောင်း၊ ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ် (ပင်မ) ခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ အထိမ်းအမှတ်အခမ်းအနားကိုလည်း " Nurses: A Force for change, Care effective, cost effective " "တန်ဖိုးသက်သာ ထိရောက်စွာ ပြောင်းကာပြုစု စွမ်းအားထု ဒို့များသူနာပြု" ဆောင်ပုဒ်နှင့် စပ်လျဉ်း၍ ဟောပြောခြင်း၊ စဉ်ဆက်မပြတ် သူနာပြု ပညာရေးဆိုင်ရာ ဟောပြောဆွေးနွေးခြင်း အစီအစဉ်များဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ထို့အတူ အပြည်ပြည်ဆိုင်ရာ သားဖွားဆရာမများနေ့ကို "Midwives : for a better tomorrow " "ပိုမိုကောင်းမဲ့ မနက်ဖြန်အတွက် သားဖွားဆရာမများ စွမ်းဆောင်ရွက်" ဆောင်ပုဒ်နှင့်အညီ ဟောပြောခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း (ဗဟို) နည်းတူ တိုင်းဒေသကြီး၊ ပြည်နယ်တို့မှ သူနာပြုနှင့် သားဖွားအသင်းများကလည်း ကျင်းပသွားကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **ရီရီမြင့်**



## ဟသ္သာတ၌ လေပြင်းတိုက်ခတ်

**ဟသ္သာတ ဧပြီ ၂၅**

ဟသ္သာတမြို့နယ်တွင်ဧပြီ ၂၃ ရက် ညနေ ၄ နာရီမှ ည ၇ နာရီခန့်အထိ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့်နေအိမ်အချို့ အမိုးလန်ခြင်းနှင့် ပြိုကျပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် စစ်ကွင်းကျေးရွာအုပ်စု စစ်ကွင်းကျေးရွာနှင့် သဋ္ဌေးကုန်းကျေးရွာတို့တွင် အမိုးလန် ၃၇ အိမ်၊ ပြိုလဲ နှစ်အိမ်၊ ညောင်ဝိုင်းကျေးရွာ အုပ်စုညောင်ဝိုင်းကျေးရွာတွင်အမိုးလန် ၁၉ အိမ်၊ ပြိုလဲသုံးအိမ်၊ ကုန်းကြီးကျေးရွာ အုပ်စုအတွင်းရှိ ကျုံဖားကျေးရွာ၊ ခလောက်မဲကျေးရွာနှင့် အနောက်တံခွန်တိုင် ကျေးရွာတို့တွင် အမိုးလန် ၂၇ အိမ် ပျက်စီးခဲ့ကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၄-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ပဲရည် | တစ်ကျပ်သား | ကျပ်၆၈၁၀၀၀ |
| ရန်ကုန် | ၁၅ပဲရည် | တစ်ကျပ်သား | ကျပ်၆၄၀၉၀၀ |
| မန္တလေး | ၁၆ပဲရည် | တစ်ကျပ်သား | ကျပ်၆၈၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၅ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း၉၂ | တစ်လီတာ | ကျပ် ၆၄၀ |
| အောက်တိန်း၉၅ | တစ်လီတာ | ကျပ် ၉၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၁၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၈၈-၁၀၉၂ |
| ဥရောပ | တစ်ယူရို | ၁၂၂၀-၁၂၃၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၀-၇၈၂ |
| ထိုင်း | တစ်ဘတ် | ၃၀.၅-၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၇-၁၆.၃ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၀-၃၄၃ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် (အသစ်) | တစ်အိတ် | ၁၇၅၀၀-၁၈၀၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၃၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၃၃ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၇၅-၄၀၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၂၀၀-၁၆၀၀ |
| ကြက်သွန်ဖြူ(ကြိုကုတ်) | တစ်ပိဿာ | ၂၀၀၀-၂၁၅၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၅၂၀-၇၅၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၃၀၅၀-၃၁၅၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၆၀၀၀-၇၀၀၀ |
| သကြား | တစ်ပိဿာ | ၉၅၀-၁၀၀၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

**ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/စေ့ငုတင်ပြသည်။**

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ



**ရန်ကုန် ဧပြီ ၂၅**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ၏ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟိုလန်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးတီခွန်မြတ်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗဟိုအမျိုးသမီးဆေးရုံကြီးကို ခုတင်(၁၀၀၀) ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်မည်

**ရန်ကုန် ဧပြီ ၂၅**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ သွားရောက်ခဲ့သည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ခေတ္တဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာခင်လေးကြွယ်က ဆေးရုံ၏ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအား ရှင်းလင်းတင်ပြခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ပြည်သူများ၏ မျှော်မှန်း သက်တမ်းတိုးမြင့်လာစေရေးအတွက် ရည်မှန်းချက်ထားလုပ်ဆောင်ရာတွင် တစ်နှစ်အောက်ကလေးများနှင့် သားဖွားမိခင်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသော ခွဲစိတ်ခန်းများအား နိုင်ငံတကာအဆင့်မီ ခွဲစိတ်ခန်းများဖြစ်လာအောင် အဆင့်မြှင့်တင်ပေးမည့်အပြင် မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်အား တိုးချဲ့ဆောက်လုပ်ပေးမည်ဖြစ်ပြီး ဗဟိုအမျိုးသမီးဆေးရုံကြီးကိုလည်း ခုတင်(၁၀၀၀) ဆံ့ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်၍ ဆေးရုံကြီး၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် အဆောက်အအုံများကို ဆောက်လုပ်ပေးမည်ဖြစ်သည်။ ၎င်းအပြင် မူလဆေးရုံ အဆောက်အအုံများသည် ရှေးဟောင်းလက်ရာများ ကျန်ရှိနေသောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကဲ့သို့ မူလလက်ရာမပျက် ပညာရှင်များနှင့်စနစ်တကျ ပြင်ဆင်ထိန်းသိမ်းရန် ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးရုံဝင်းအတွင်းရှိ အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာအား သွားရောက်ကြည့်ရှုသည်။ မွေးကင်းစကလေး အထူးကြပ်မတ်ကုသဆောင်၊ ဆေးရုံကြီးအဆောင် A နှင့် အဆောင် B ရှိ ခွဲစိတ်ခန်းများ သင်ကြားရေးအဆောင်၊ Teaching Center၊ ဓာတ်မှန်ဌာနနှင့် ရင်သားစစ်ဆေးသောဓာတ်မှန်စက် (MAM-MOGRAM) စက်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ခုတင်(၅၀၀)ဆံ့ အထူးကု ဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခဲ့သည်။ ခုတင်(၅၀၀) အထူးကု ဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းက ဆေးရုံလုပ်ငန်းဆိုင်ရာ အချက်အလက်များကိုရှင်းလင်းတင်ပြ၍ အသည်းရောဂါ အထူးကုဌာန ဆေးကုသဆောင်၊ အသစ်တိုးချဲ့ ဆောက်လုပ်မည့် အဆောက်အအုံပုံစံများအား ပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အထူးရောဂါကု ဆေးရုံကြီးများ အဆင့်မြှင့်တင်ရေးနှင့် ပြည်တွင်း၌ အသည်းအစားထိုး ကုသခွဲစိတ်မှုများ ပိုမိုပြုလုပ်နိုင်ရေးတို့အတွက် အသည်းရောဂါအထူးကုဌာန ဆေးကုသဆောင်အသစ်ကို အဆင့်မီ ဆောက်လုပ်ပေးမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်မှုများအတွက် လိုအပ်သော အထောက်အကူပြုဆေးဝါးနှင့် ဆေးပစ္စည်းကိရိယာများကို ဖြည့်တင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အသည်းရောဂါ အထူးကုသဆောင်တွင် တပ်ဆင်နေသော စက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး အကြောအဆစ် ဆေးကုသဆောင်၊ ဆီးနှင့် ကျောက်ကပ်ရောဂါဆေးကုသဆောင်၊ ဓာတ်မှန်ဌာနနှင့်ဓာတ်ခွဲဌာနများကို လှည့်လည် ကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

# ထိရောက်ကောင်းမွန်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ဗီယက်နမ်-မြန်မာ ပူးပေါင်းဆောင်ရွက်ရန်ဆွေးနွေး



**နေပြည်တော် ဧပြီ ၂၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမြဝင်းနှင့် ဗီယက်နမ်နိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးရေးမှူးချုပ် မစ္စတာ ဟွေဖောင်ထျန် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Royal ACE ဟိုတယ်တွင် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် GIV နှင့် မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့အကြား ထိရောက်ကောင်းမွန်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံအကြား အပြန်အလှန်အတွေ့အကြုံဖလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးရန် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ရွှေစင်စကြာ ကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ မမှန်မကန်စွပ်စွဲပြောဆိုမှုအပေါ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေးဆောင်ရွက်သွားမည်

၂၄-၄-၂၀၁၅ ရက်နေ့ထုတ် Daily Eleven သတင်းစာတွင် ရွှေစင်စကြာကုမ္ပဏီလီမိတက်က နို့တစ်စာတစ်စောင်ဖော်ပြခဲ့ပါသည်။ အဆိုပါ နို့တစ်စာတွင် ၅-၄-၂၀၁၅ ရက်နေ့ညတွင် ဘတ်စ်ကား(၂)စီး ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ "Sky Net in house channels,mntv ၏ပေ့ါဆစ္စာ မမှန်မကန်သတင်းထုတ်လွှင့်ခြင်းကို Shwe Than Lwin Media Co.,Ltd,Sky Net တို့အပြင် MRTV-4, မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV), 4 Digital တို့ကလည်း မြန်မာနိုင်ငံတစ်နံတစ်လျား ထုတ်လွှင့်ပေးခဲ့ကြပါသည်။ ထို့ကြောင့် ၄င်းတို့သည်လည်း mntv နှင့်အတူ ကျွန်ုပ်အမှုသည် ကုမ္ပဏီ၏အရပ်ရပ်နစ်နာမှုအတွက် တာဝန်ရှိလာခဲ့ပါသည်" ဟု ဖော်ပြထားပြီး အဆိုပါနစ်နာမှုအတွက် နှစ်လအတွင်း လျော်ကြေးငွေပေးအပ်ရန်နှင့် ပျက်ကွက်ပါက တရားစွဲတောင်းခံသွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ယူထုတ်လွှင့်လျက်ရှိသော MRTV News Channel, MRTV Entertainment Channel, တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း (NRC) တို့တွင် ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ ယာဉ်မတော်တဆမှုသတင်းအား လုံးဝ(လုံးဝ)ဖော်ပြထုတ်လွှင့်ခဲ့ခြင်းမရှိပါ။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် အဆိုပါယာဉ်မတော်တဆမှုသတင်းကို ဖော်ပြထုတ်လွှင့်ခြင်းမရှိခဲ့သော်လည်း ရွှေစင်စကြာကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ စွပ်စွဲဖော်ပြချက်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ဂုဏ်သိက္ခာကို များစွာထိခိုက်နစ်နာစေသကဲ့သို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ရုပ်သံလိုင်းများကို ကြည့်ရှုနေသောပြည်သူများ၏ ယုံကြည်မှုကိုလည်း များစွာလျော့နည်းထိခိုက်စေပါသည်။

သို့ပါ၍ ရွှေစင်စကြာ ကုမ္ပဏီလီမိတက်၏ နို့တစ်စာပါ မမှန်မကန်စွပ်စွဲပြောဆိုမှုအပေါ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် တရားဥပဒေနှင့်အညီ ဖြေရှင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

## မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများ မိုးဆက်လက် ထစ်ချုန်းရွာ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

နိုင်ငံ့တာဝန်ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

# လစ်ဗျားမဟာမိတ်တပ်များ စစ်သွေးကြွများအား လေကြောင်းမှတိုက်ခိုက်ချေမှုန်း

**ထရီပိုလီ ဧပြီ ၂၅**

လစ်ဗျား အရှက်ဦး (ဖာအာလစ်ဗျား) မဟာမိတ်တပ်များက ဆာတေးမြို့မြောက်ပိုင်း အိုင်အက်စ်၊ အိုင်အယ်လ်တက်ဖရီ စစ်သွေးကြွအုပ်စု၏ စခန်းများကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။

ဖာအာလစ်ဗျား လေယာဉ်တစ်စင်းသည် ကြာသပတေးနေ့ ညနေပိုင်းက အိုင်အက်စ်၊ အိုင်အယ်လ်လစ်ဗျား အဖွဲ့ခွဲဝင်များနေထိုင်ရာ နေရာများကို လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ဒေသဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် မြို့တော် ထရီပိုလီအရှေ့ဘက် မိုင် ၂၈၀ အကွာဆာတေးမြို့ရှိ အိုင်အက်စ်၊ အိုင်အယ်လ် အခြေစိုက်စခန်းအပါအဝင် နေရာအချို့ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တစ်ဆက်တည်းမှာပင် အဆိုပါ စစ်သွေးကြွ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဗုဒ္ဓဟူးနေ့မှစတင်ကာ နှစ်ဖက်စလုံး တိုက်ပွဲကြီးဖြစ်ပွားခဲ့ကြောင်း ကြေညာလိုက်သည်။



လစ်ဗျားနိုင်ငံအတွင်း တက်ဖရီ စစ်သွေးကြွများ ရှိနေခြင်းကြောင့် အခြေအနေ ပို၍ရှုပ်ထွေးလာလျက်ရှိသည်ဟုဆိုသည်။ တက်ဖရီ စစ်သွေးကြွများသည် ဖေဖော်ဝါရီလအတွင်းက ဆာတေးမြို့ကိုတိုက်ခိုက်သိမ်းပိုက် ထိန်းချုပ်ထားသည်။ မီဆရာတာမြို့ မြောက်ပိုင်းတွင် အခြေစိုက်သည့် လစ်ဗျားအရှက်ဦးတပ်များက ၂၀၁၄ ခုနှစ်ဩဂုတ်မှ စတင်ကာ ထရီပိုလီမြို့ကို သိမ်းပိုက်ခဲ့သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က ကဒါဖီကို ဖြုတ်ချပြီးကတည်းက မငြိမ်မသက်မှုများ ဖြစ်ပွားလျက်ရှိသည်။

**(ပရက်စ်တီဗွီ)**

# ကက်ရှ်မီးယား ယာဉ်မတော်တဆမှုကြောင့် လူခြောက်ဦးသေဆုံး

**ဆရီနာဂါ ဧပြီ ၂၅**

စနေနေ့က ယာဉ်တစ်စီးသည် အိန္ဒိယတို့ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားရှိ လမ်းပေါ်၌ ယာဉ်ဘီးချော်ခဲ့၍ မြစ်ထဲသို့ ကျသွားခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး ခြောက်ဦးမှာ ဒဏ်ရာရရှိခဲ့သည်ဟု ရဲကပြောသည်။

အိန္ဒိယတို့ ထိန်းချုပ်ထားသည့် ကတ်ရှ်မီးယား တောင်ဘက် ၁၅၀ ကီလိုမီတာအကွာ ရမ်ဘမ်မြို့၌ ယာဉ်တိမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယမန် နေ့ နံနက်ကဖြစ်ပွားခဲ့သည့် အဆိုပါ ကြေကွဲဖွယ်ယာဉ်မတော်တဆဖြစ်ပွားမှု၌ Tavera ခရီးသည်တင်ယာဉ်ဖြင့် ကားမောင်းသူ အပါအဝင် ခရီးသည် ၁၂ ဦးလိုက်ပါခဲ့ရာ ရမ်ဘမ်ရှိ Chenab မြစ်ထဲသို့ ထိုးကျခဲ့သည်ဟု ရဲအရာရှိ ဂျမ်မူက ပြောခဲ့သည်။

လူခြောက်ဦးမှာ ပျောက်ဆုံးနေပြီး သေဆုံးသွားသည်ဟု ယူဆရကြောင်း၊ ကျန်ခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ရမ်ဘမ်ဒေသဆေးရုံမှ သိရှိရသည်။ ဒေသစံတော်ချိန် ၅ နာရီ ၁၅ မိနစ်၌ မတော်တဆယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်ဟု ရဲများက ပြောခဲ့သည်။

Tavera ခရီးသည်တင်ယာဉ်သည် ခရီးသည်ရှစ်ဦးတင်ဆောင်နိုင်သော်လည်း တောင်တက်ခရီးများအတွက် ခရီးသည်ခုနစ်ဦးသာ တင်ဆောင်ခွင့်ပြုထားသည်။ မဆင်မခြင်မောင်းနှင်မှု၊ ခံနိုင်ဝန်ထက်ပို၍ တင်ဆောင်မှုနှင့် လမ်းခရီးကြမ်းတမ်းမှုကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ဂယ်လီပိုလီ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ပြုလုပ်

**လန်ဒန် ဧပြီ ၂၅**

ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့သည် ပထမကမ္ဘာစစ်အတွင်း တူရကီနိုင်ငံ ဂယ်လီပိုလီ၌ တိုက်ပွဲဝင်ခဲ့ကြသော နှစ်နိုင်ငံစစ်သည်များကို အောက်မေ့သတိရသောအားဖြင့်လည်းကောင်း၊ ဩစတြေးလျနှင့် နယူးဇီလန်တပ်ဖွဲ့ဝင်များ ဂယ်လီပိုလီကို စတင်အခြေချရာ နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် အဖြစ်လည်းကောင်း ပွဲတော်များကို စနေနေ့၌ ကျင်းပခဲ့ကြသည်။

အောက်မေ့သတိရဖွယ် အခမ်းအနားတစ်ခုကို ပင်နီးဆူလာ၌ ကျင်းပရာ ဂုဏ်သရေရှိလူကြီးလူကောင်းများ တက်ရောက်ခဲ့ကြသည်။



ပထမကမ္ဘာစစ်အတွင်းက ဂယ်လီပိုလီမြို့တွင် နှစ်နိုင်ငံမှ စစ်သည်ပေါင်း၁၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ကြသည်။

အန်ဇက်နေ့သည် ဩစတြေးလျနှင့် နယူးဇီလန်နှစ်နိုင်ငံလုံးအတွက် အရေးကြီးသော အမျိုးသားနေ့တစ်နေ့ဖြစ်သည်။

ဂယ်လီပိုလီသည် ဩစတြေးလျလူမျိုးများ၏ အမှန်စင်စစ်အသည်းနှလုံးနှင့်တူသော နေရာဖြစ်သည်။ ၎င်း နေရာ၌ ဩစတြေးလျတိုက်သားများသည် ၎င်းတို့၏ အဆင့်အတန်းကိုကမ္ဘာပေါ်ရှိ အခြားလူမျိုးများနှင့် တန်းတူရှိကြောင်းပြသခဲ့သည့်နေရာဖြစ်သည်။ ထိပ်တန်းခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိများသည် ကျဆုံး စစ်သည်များကို လွမ်းသူပန်းခွေချရန် လန်ဒန်မြို့ ဝိုက်ဟောရှိ ဆီနိုတက်ဖ်၌ စုရုံးနေကြသည်။ **(ဘီဘီစီ)**

# မူးယစ်ဆန့်ကျင်ပညာရေးမှသည် တက္ကသိုလ်ပညာရေးသို့ တရုတ်အလေးပေး

**ပေကျင်း ဧပြီ ၂၅**

တက္ကသိုလ်ကျောင်းသူ ကျောင်းသားများနှင့် အထက်တန်းကျောင်းသားများအတွက် အဆင့်မြင့်ပညာဝင်ခွင့်ရစေရန် အားကစားစွမ်းဆောင်ရည် စစ်ဆေးသွားမည့် အစီအစဉ်တစ်ခုကို တရုတ်နိုင်ငံက မူးယစ်ဆန့်ကျင် ပညာရေး အစီအစဉ် တစ်ခုအဖြစ် ချမှတ်ခဲ့သည်။

တက္ကသိုလ်သင်ရိုးညွှန်းတမ်းတွင် မူးယစ်ဆန့်ကျင်သည့် အစီအစဉ်များနှင့် အားကစားအထူးပြု ဘာသာရပ်များတွင် ထည့်သွင်းရေးဆွဲသွားမည်ဖြစ်သည်။

အရွယ်မရောက်သေးသော အားကစားသမားများအကြား မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ကာကွယ်ရန် ပညာရေးအနေဖြင့် တားမြစ်သင့်သည်ဟု တရုတ်မူးယစ်ဆန့်ကျင်ခေါင်းဆောင် Jiang Zhixueu က အလေးအနက်စဉ်းစားခဲ့သည်။ လူငယ်များ မူးယစ်ဆေးကိုရှောင်ရှားပြီး ပညာရေးက ပထမဖြစ်နေရမည်ဟု သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ကျောင်းသားများကို ဟောပြောပေးစဉ် ၎င်းကပြောကြားခဲ့သည်။

တရုတ်ထုံးတမ်းစဉ်လာအရ အားကစားသမားများကို ငယ်ရွယ်စဉ်ကပင် အထူးကြပ်မတ်လေ့ကျင့်ပေးပြီး အားကစားပညာရပ်နှင့် ပတ်သက်၍ တစိုက်မတ်မတ် သင်ကြားပေးသည်။

ရလဒ်အနေဖြင့် ပညာရေးတွင် ထိပ်တန်း မရောက်နိုင်သည့် အနေအထားတွင်ရှိနေသူများအဖို့ အားကစားပညာဖြင့် အသက်မွေးဝမ်းကျောင်းနိုင်မည်ဖြစ်သည်။

**(ဆင်ဟွာ)**

# နီပေါတွင် အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ် လူ ၁၀၀၀ ကျော်သေဆုံး

**ခတ္တမန္ဒူ ဧပြီ ၂၅**

နီပေါနိုင်ငံတွင် ဧပြီ ၂၅ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၅၆ မိနစ်ခန့်က အင်အား ၇ ဒသမ ၉ ရစ်ချ်တာစကေးရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ ခတ္တမန္ဒူမြို့တွင် သေဆုံးသူ ၁၈၁ ဦး အပါအဝင် စုစုပေါင်း လူ ၁၀၀၀ ကျော်သေဆုံးပြီး မြို့တော် ခတ္တမန္ဒူရှိ ၁၉ ရာစုခေတ်က သမိုင်းဝင်မျှော်စင်ကြီးလည်း ပြိုကျခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါငလျင်သည် မြို့တော် ခတ္တမန္ဒူမှ အနောက်မြောက်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာရှိ လမ်ဂျုံးခရိုင်တွင်ဗဟိုပြုပြီး ငလျင်၏ပြင်းအားကြောင့် တောင်တန်းဒေသများတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ငလျင်ဒဏ်ကြောင့် သေဆုံးမှုဦးရေမှာ နီပေါနိုင်ငံထဲတွင် ၁၀၀၀ ကျော်ရှိပြီဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် အဆောက်အအုံ ၃၄ ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အဆောက်အအုံတစ်ခု ပျက်စီးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

“ငလျင်ဒဏ်ကြောင့် သေဆုံးသူများရဲ့အလောင်းများကို ကျွန်တော်တို့ အခုသယ်ယူလျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူတွေကို လူနာတင်ကားဖြင့် ဆေးရုံများသို့ အမြန်ပို့ဆောင်လျက်ရှိပါတယ်”ဟု ငလျင်လှုပ်မှုဖြစ်ပွားစဉ်က ခတ္တမန္ဒူမြို့ရှိ ကော်ဖီဆိုင်တစ်ဆိုင်တွင် သူငယ်ချင်းများနှင့်အတူရှိနေသော အိန္ဒိယကမ္ဘာလှည့်ခရီးသည် ဒိဗီယာနီပန့်ဆိုသူက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးလုပ်သားများသည် အပျက်အစီးများထဲတွင် ပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများကို အမြန်ကယ်ဆယ်နိုင်ရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ငလျင်ဒဏ်ကြောင့် ဧဝရက် တောင်တန်းဒေသတွင် ဆီးနှင်းထု လျှောကျမှုဖြစ်ပွားခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

**(ရိုက်တာ)**



# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

**နေပြည်တော် ဧပြီ ၂၅**

၂၀၁၅ ခုနှစ်၊ ဧပြီ ၂၅ ရက်နေ့ထုတ် Daily Eleven နေ့စဉ်သတင်းစာ၏ ရှေ့မျက်နှာဖုံးစာမျက်နှာတွင် "ဧပြီ ၂၃ ရက် လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်တွင် တပ်မတော်တပ်ရင်းတစ်ခု ကိုးကန့်အဖွဲ့၏နယ်မြေအတွင်း ကျွံဝင်သွားပြီး ထိခိုက်သေဆုံးမှုများပြားဟု အတည်မပြုနိုင်သေးသော သတင်းများထွက်ပေါ်နေ" ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ် ဖော်ပြခဲ့ပါသည်။

ယင်းသတင်းဓာတ်ပုံတွင်လည်း Zhengyi Kokang အမည်ရှိ Facebook စာမျက်နှာမှ ဖော်ပြထားချက်အချို့ဟု ပုံစာတပ်ပြီး တပ်မတော်မှ လက်နက်၊ ခဲယမ်းများ၊ တပ်မတော်သားသုံ့ပန်း ဓာတ်ပုံများအား ဖော်ပြထားပြီး ယင်း Facebook ပါ အကြောင်းအရာအချက်အလက်များကိုပါ ထည့်သွင်းရေးသားဖော်ပြထားပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတိုက်ပွဲဖြစ်စဉ်များအပါအဝင် ထုတ်ပြန်ပေးနိုင်သည့် တပ်မတော်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို မြဝတီရုပ်မြင်သံကြား၊ သဇင်ရေဒီယို၊ သဇင် FM၊ မြဝတီသတင်းစာ၊ မြဝတီ Webportal အပါအဝင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၊ နိုင်ငံပိုင်သတင်းမီဒီယာများ ၊ ပုဂ္ဂလိကသတင်းမီဒီယာများနှင့်ပါ ဆက်သွယ်ထုတ်ပြန်ပေးလျက်ရှိပါသည်။ ယခုကဲ့သို့ ခိုင်မာမှုမရှိသော ပြည်ပ Facebook တစ်ခုအား ကိုးကား၍ Daily Eleven နေ့စဉ်သတင်းစာတွင် ထည့်သွင်းဖော်ပြမှုသည် သတင်းစာကျင့်ဝတ်နှင့်ကိုက်ညီမှုမရှိသည့်အပြင် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ပေးဆပ်မှုများစွာဖြင့် ထမ်းဆောင်နေသည့် တပ်မတော်သားများ၏ ဂုဏ်သိက္ခာနှင့် စိတ်ဓာတ်ကို ထိခိုက်စေသဖြင့် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်သည်၊ မိသားစုများကိုယ်စား ပြင်းထန်စွာကန့်ကွက်ပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

# အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ် လုယူထွက်ပြေးသူအား ဖမ်းဆီးရမိ

**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးအတွက် သတင်းစုံစမ်းဆောင်ရွက်နေစဉ် ဧပြီ ၁၉ ရက် ည ၇ နာရီ မိနစ် ၅၀ က ကမာရွတ်မြို့နယ် (၃) ရပ်ကွက် ဗဟိုလမ်းတွင် အမျိုးသမီးတစ်ဦးထံမှ ပိုက်ဆံအိတ် လုယူခံရကြောင်း အော်ဟစ်အကူအညီ တောင်းသဖြင့် လုယက်ထွက်ပြေးသူကို လိုက်လံဖမ်းဆီးခဲ့သည်။

ထိုသို့ လိုက်လံဖမ်းဆီးရာ ကမာရွတ်မြို့နယ် (၃) ရပ်ကွက် စံပယ် (၂) လမ်းအရောက်တွင် ပိုက်ဆံအိတ် လုယူထွက်ပြေးသွားသူ လှိုင်မြို့နယ်နေ ကျော်ကျော်(ခ) ညိုဝင်းမောင် (၃၅နှစ်)ကို ငွေကျပ် ၂၁၅၀၀ နှင့် စာရွက်စာတမ်းများပါရှိသည့် ပိုက်ဆံအိတ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**



ပြစ်မှုကျူးလွန်သူ ကျော်ကျော်(ခ) ညိုဝင်းမောင်အားတွေ့ရစဉ်။

# လူတစ်စုက သံတုတ်များဖြင့် ဝိုင်းဝန်းရိုက်နှက်၍ ဆရာဝန်နှစ်ဦးဒဏ်ရာရရှိ

**ကောလင်း ဧပြီ ၂၅**

ဧပြီ ၂၃ ရက် ည ၁၁ နာရီက ဆရာဝန် အိမ့်ကြီးမောင်၊ ဆရာဝန် သူရကိုကိုနှင့် ဆရာဝန် စိုးဇေယျာအောင်တို့သည် MARKY အမျိုးအစားကားဖြင့် ကောလင်းမြို့ ဈေးရုံရပ်ကွက်ရှိ ပြည်သူ့ဆေးရုံဝင်းအတွင်းသို့ ပြန်လာကြစဉ် ဆေးရုံဝင်းထဲအရောက် သူရအောင် (ခ) ဆင်ပိန်ပါရှစ်ဦးက နှစ်ပေခန့်ရှိ သံတုတ်များဖြင့် ရန်ပြုရိုက်နှက်ကြရာ ဒေါက်တာအိမ့်ကြီးမောင် (၂၆ နှစ်) (လက်ထောက်ဆရာဝန်)တွင် ဒဏ်ရာများ(စိုးရိမ်ရ)နှင့် ဒေါက်တာသူရကိုကို (၂၆ နှစ်)(လက်ထောက်ဆရာဝန်) (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် ဥပဒေအရ အရေးယူ ပေးရန် ဒေါက်တာခင်မောင်သန်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်သူ့ဆေးရုံ၊ ကောလင်းမြို့နေသူက ကောလင်းမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သူရအောင်(ခ)ဆင်ပိန် (၂၈ နှစ်)ခန့်၊ ကျော်ဇေယျာရပ် ကောလင်းမြို့နှင့် (တစ်ရပ်ကွက်တည်းနေသူ)ရင်အောင် (၂၃ နှစ်)ခန့်၊ ဇင်မင်းထွန်း (ခ) ပြားပြား (၂၈ နှစ်) ခန့်၊ နေလင်းထွန်း (၂၈ နှစ်)ခန့်၊ အောင်သုခ (၂၂ နှစ်) ခန့်၊ အောင်ပြည့်ဖြိုး (၂၃ နှစ်)ခန့်၊ စိုင်းအောင်လွင်(၂၃ နှစ်)ခန့် ငပွေးလေးကျေးရွာ ကောလင်းမြို့နယ်နှင့် ကျော်ဇင်(ခ) နွားကြီး (၂၁ နှစ်) ခန့် ဝါးရုံးတုံးကျေးရွာ ကောလင်းမြို့နယ်နေသူရှစ်ဦးအား ကောလင်းမြို့မရဲစခန်းက အမှုဖွင့်ခဲ့ပြီး အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

# သူဌေးကုန်းဘူတာအနီးတွင် သံလမ်းခုံးကျော်ဖြတ်ကူးစဉ် ဆိုင်ကယ်နှင့် မီးရထားတိုက်မိ၍ လူတစ်ဦးသေဆုံး

**ကျောက်တံခါး ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရဲစခန်းတောင်ဘက် သုံးမိုင်ခန့်အကွာ သူဌေးကုန်းဘူတာအနီး မီးရထားသံလမ်းကူးတွင် ဧပြီ ၂၄ ရက် ညနေ ၃ နာရီက ဆိုင်ကယ်နှင့် ဖြတ်သန်းရာမှ လူတစ်ဦးမီးရထားနှင့်တိုက်မိ၍ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အခင်းဖြစ်နေရာသို့ ကျောက်တံခါးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးသိန်းထိုက်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး မီးရထားလမ်း ကြေးနန်းမိုင်တိုင်အမှတ် ၁၀၅/၁၉ နှင့် ၁၀၅/၂၀ အကြား သူဌေးကုန်းဘူတာအနီး ရထားလမ်းခုံးကျော်တွင် တောင်ခင်ရွာမှ သူဌေးကုန်းကျေးရွာ လမ်းအတိုင်း ချစ်ထွေး (၃၇ နှစ်) ငါးဖယ်အင်းကျေးရွာ ကျောက်တံခါးမြို့နယ်နေသူ မောင်းနှင်သော ဖီလင် ၁၁၀ ဆိုင်ကယ်က ဂိတ်ပိတ်မောင်းတံခါးဖွင့်ထားသည့်အတွက် ဖြတ်ကူးမောင်းနှင်စဉ် နေပြည်တော်-မော်လမြိုင် အမှတ် (၁၆) အစုန်ရထားက ခုတ်မောင်းလာရာ ဆိုင်ကယ်မောင်းနှင်သူ ချစ်ထွေးက ရထားအနီးဆိုင်ကယ်ကို ရပ်ပြီး ခုန်ဆင်းစဉ် အရှိန်လွန်ပြီး ရထားတွဲနှင့် ပွတ်တိုက်မိခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ချစ်ထွေးတွင် ဒဏ်ရာများရရှိခဲ့ပြီး ကျောက်တံခါး ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးခဲ့သည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

**ရှောင်လေဝေးဝေး မူးယစ်ဆေး**

# လေပြင်းတိုက်ခတ်ရာနေရာများတွင် ရဲတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ပေး



**နေပြည်တော် ဧပြီ ၂၅**

ဧပြီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် တာဝကျေးရွာ၊ ထော်သိုကျေးရွာ၊ ကျောက်စရစ်ကုန်းကျေးရွာ၊ တောင်ကုန်းကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ မီးသွေးကျင်းကျေးရွာနှင့် အရှေ့အရိုးတောင်ကျေးရွာတို့ရှိ လူနေတဲအိမ် ၂၃ လုံးပျက်စီးခဲ့ပြီး တမံကြီးကျေးရွာနှင့် အထက်တမာတကောကျေးရွာကြား လှိုင်သာယာ- တွံတေး ကားလမ်း မိုင်တိုင်အမှတ်(၄/၁-၅)ကြား လမ်းဘေးရှိ ဓာတ်တိုင် ၂၄ တိုင်တို့ လဲကျခဲ့သည်။

အဆိုပါနေရာများသို့ တွံတေးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်ကူညီ ဆောင်ရွက်ပေးခဲ့ပြီး လေဘေးသင့်ပြည်သူများကို နီးစပ်ရာဆွေမျိုးများထံ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# မီးပွိုင့်တွင် ရပ်စောင့်နေသည့် ယာဉ်ငယ်နှစ်စီးအား ခရီးသည်တင် ဘီအမ်ယာဉ်က အရှိန်မထိန်းနိုင်ဘဲဝင်တိုက်

**ရန်ကုန် ဧပြီ ၂၅**

ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ထဲသို့ ပြေးဆွဲနေသည့် အမှတ် (၂၄၅) ယာဉ်လိုင်းမှ ယာဉ်မောင်းသန်းကျော်ဌေး မောင်းနှင်သည့် ခရီးသည်တင် ဘီအမ်အမျိုးအစား ယာဉ်အမှတ် X/.... သည် မြောက်ဘက်မှ တောင်ဘက်သို့ မောင်းနှင်ပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဆူးလေဘုရားလမ်း မီးပွိုင့်အရောက်တွင် အဆိုပါမီးပွိုင့်၌ မီးနီ၍ ရပ်စောင့်နေသော အငှားယာဉ် BB/... ယာဉ်ငယ်နှင့် ကိုယ်ပိုင်ယာဉ်ငယ် 5F/... ယာဉ်ငယ်နှစ်စီးတို့ကို အရှိန်မထိန်းနိုင်ဘဲ နောက်မှဆင့်ကဲ ဝင်တိုက်မိသည်။

အဆိုပါ ယာဉ်သုံးစီးဆင့်ကဲ တိုက်မိခြင်းကြောင့် အငှားယာဉ်ပေါ်ပါခရီးသည် နိုင်ငံခြားသားတစ်ဦးနှင့် ကိုယ်ပိုင်ယာဉ်ငယ်ပေါ်ပါ အမျိုးသမီးတို့ ဒဏ်ရာအနည်းငယ်စီရရှိသွားကြပြီး ဆင့်ကဲတိုက်မိသည့် ယာဉ်သုံးစီးစလုံးအနည်းငယ်စီ ပျက်စီးသွားသည်။ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မှုစစ်ရဲအုပ် ဇော်မျိုးကျော်က ကျောက်တံတားမြို့နယ် မြို့မရဲစခန်းတွင် အမှုဖွင့်ပြီးဘီအမ်ယာဉ်နှင့် ယာဉ်မောင်းသန်းကျော်ဌေးတို့အား စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ဥမ္မာသန့်၊**
**ဓာတ်ပုံ-တင်လှမောင်**



# အပြောစကားပြေ အစဉ်အလာ(၁)

**မောင်ခင်မင်(ဓနုဖြူ)**

"ဟာ. . . မလာစဖူး အလာထူးတဲ့ ပုဂ္ဂိုလ်တွေ ပါကလား။ လာကြဗျာ"

"အေးကွ။ ငါက မင်းဆီလာဖို့ စိတ်ကူးနေတုန်း သူရောက်လာတာနဲ့ ထွက်လာကြတာ"

"ဟုတ်တယ်ဗျ။ ကျွန်တော်ကလည်း ခင်ဗျားနဲ့ တွေ့ချင်နေတုန်းဆိုတော့ အတော်ပဲ"

အိမ်ကိုရောက်လာသော မိတ်ဆွေနှစ်ယောက် ဖြစ်ပါသည်။ တစ်ယောက်မှာ ကျွန်တော်နှင့်လုပ်ဖော်ကိုင်ဖက် တက္ကသိုလ်ဆရာ တစ်ယောက်ဖြစ်သည်။ ယခု အငြိမ်းစားယူပြီးပါပြီ။ သိပ္ပံဆောင်းပါးများ၊ သုတေသနစာတမ်းများ ရေးခဲ့သူဖြစ်သည်။ နောက်တစ်ယောက်ကတော့ ဝတ္ထုတွေ၊ ကဗျာတွေရေးနေသော စာရေးဆရာဖြစ်သည်။

"ကဲ. . . ဆိုကြပါဦး။ ကျွန်တော့်ဆီ တမင်လာရတဲ့အကြောင်းက ဘာပါလိမ့်ဗျာ"

"ဟိုတစ်နေ့က ခင်ဗျားပါတဲ့ စာပေအစည်းအဝေးတစ်ခုမှာ 'စကားပြော'နဲ့ရေးတဲ့ စာမျိုးတွေနဲ့ပတ်သက်ပြီး အချီအချဆွေးနွေးကြတယ်ကြားလို့ စိတ်ဝင်စားတာနဲ့ လာခဲ့တာပါ" စာရေးဆရာက ပြောသည်။

"ငါကတော့ ဆောင်းပါးတွေ၊ စာတမ်းတွေကို စာဟန်နဲ့ပဲရေးလာတာမို့ စာတွေကို စကားပြောနဲ့ရေးတဲ့အလေ့ တွင်ကျယ်လာရင် မြန်မာစာ အဆင့်အတန်း နိမ့်ကျသွားမလားလို့ စိတ်ပူနေတယ်ကွာ" တက္ကသိုလ်ဆရာက ပြောသည်။

"အင်း. . . ဒီပြဿနာနဲ့ပတ်သက်လို့ ဆွေးနွေးကြတာ နှစ်တွေတော်တော်ကြာပြီဆိုတာ ခင်ဗျားတို့နှစ်ယောက်စလုံးအသိပဲလေ။ ဒီပြဿနာနဲ့အကျိုးအပြစ်ကို မစဉ်းစားခင် မြန်မာစာပေလောကမှာ ဒီနေ့ ထင်ထင်ရှားရှားတွေ့နေရတဲ့ အချက်တစ်ချက်ကို ကြည့်ရအောင်။ အဲဒါကတော့ ခင်ဗျားခုနပြောတဲ့ 'စကားပြော'နဲ့ရေးတဲ့ အရေးအသားတွေ ပိုပိုများလာတဲ့ အချက်ပဲဗျ"

"ဟုတ်ပါတယ်။ ဒါကြောင့်လည်း တို့ကစိတ်ဝင်စားတာပေါ့"

"စဉ်းစားကြည့်လေ။ ဝတ္ထုတွေမှာ စာရေးဆရာက ဇာတ်ကြောင်းပြောတဲ့အချိန်မှာရော၊ ဇာတ်ဆောင်တွေ စကားပြောတဲ့အပိုင်းမှာရော 'စကားပြော'နဲ့ ရေးတဲ့ အလေ့ ပိုတွင်ကျယ်လာတာအမှန်ပဲ။ ပြီးတော့ ရသစာတမ်းတွေ၊ မှတ်တမ်းတွေ၊ အင်တာဗျူးတွေ ဆွေးနွေးချက်တွေမှာလည်း စကားပြောသလို ရေးတာတွေ ပိုပိုများလာတယ်လေ။ အဲဒီလိုရေးတာကို အများလက်ခံလာတဲ့ သက်သေပဲပေါ့ဗျာ"

"ဒါပေမယ့် ကျမ်းတွေ၊ သုတေသနစာတမ်းတွေ၊ ကျောင်းသင်ခန်းစာတွေ၊ ပညာပေးစာအုပ်တွေ တော်တော်များများကိုတော့ 'စကားပြော'နဲ့ မဟုတ်ဘဲ 'စကားပြေ'နဲ့ ရေးနေကြတာ အများကြီးပဲလေ"

"ခင်ဗျား အခုပြောတဲ့ 'စကားပြေ'ဆိုတာ စကားပြောသလိုမဟုတ်ဘဲ စာရေးသလိုရေးတဲ့စာမျိုးကို ဆိုလိုတာမဟုတ်လား"

"ဟုတ်တာပေါ့"

"ခု ကျွန်တော်တို့ပြောနေကြတဲ့ ရေးပုံနှစ်မျိုးကို 'စကားပြော'နဲ့၊ 'စကားပြေ'လို့ခွဲပြီး ဒီနေ့ပြောနေကြတာကြားရတယ်။ စကားပြောသလိုရေးရင် 'စကားပြော' စာရေးသလိုရေးရင် 'စကားပြေ'လို့ ဆိုလိုတာမဟုတ်လား။ မကြာခင်က ရုပ်မြင်သံကြား အင်တာဗျူးတစ်ခုမှာ အမျိုးသမီးစာရေးဆရာတစ်ယောက်က ကျွန်မက 'စကားပြော'နဲ့ 'စကားပြေ' ကို သင့်သလိုသုံးပါတယ်လို့ ပြောတာကြားလိုက်ရတယ်"

" ကျွန်တော်လည်း ကြားလိုက်ပါတယ်"

" ကဲ . . . ဒီတော့ ပြဿနာကို ပြန်ကောက်ရအောင်။ ' စကားပြော' နဲ့ရေးရင် မြန်မာစာအရေးအသားအဆင့်အတန်း နိမ့်ကျသွားလိမ့်မယ်လို့ ဘာဖြစ်လို့ ထင်ရတာလဲ"

" မြန်မာစာစည်းကမ်းစနစ်တွေ ပျက်သွားမယ်လေ။ အဲဒီလိုပျက်သွားရင် အဆင့်အတန်းနိမ့်သွားမှာပေါ့" တက္ကသိုလ်ဆရာက ဆိုသည်။

" ကျွန်တော်ကတော့ စကားပြောသလို ရေးတာနဲ့ မြန်မာစာ စည်းကမ်းစနစ်တွေ ပျက်မသွားနိုင်ဘူးလို့ ထင်တယ်"

" ကဲ. . . ခုပဲ၊ ခင်ဗျားတို့နှစ်ယောက် အယူအဆချင်းကွဲနေပြီ။ မေးပါရစေဦး။ စည်းကမ်းစနစ်တွေ ပျက်သွားမယ်ဆိုတော့ ဘာတွေပျက်သွားမယ်ထင်လို့လဲ"

"သဒ္ဒါစည်းကမ်းတွေ ပျက်မသွားဘူးလား"

"ဩော် . . . သဒ္ဒါစည်းကမ်းဆိုတာ ဘာသာစကားရဲ့ ဖွဲ့ထုံးစည်းကမ်းပါပဲ။ လွယ်လွယ်ပြောရင် ဝါကျဖွဲ့တဲ့ စည်းကမ်းပေါ့ဗျာ။ စာလိုပဲရေးရေး၊ စကားပြောလိုပဲရေးရေး၊ ဝါကျစည်းကမ်းအတိုင်း ရေးရတာချည်းပဲဗျ။ ဝါကျစည်းကမ်းကို ဖောက်ဖျက်လို့မရဘူး"

"ဟုတ်လို့လားကွာ"

"ကဲ. . . ကျွန်တော်ပြောမယ်။ 'ကျွန်တော်သည် မန္တလေးမှရန်ကုန်သို့ ရထားဖြင့်လာသည်' ဆိုတာ စာလိုရေးတာလား၊ စကားလိုရေးတာလား"

" စာလိုရေးတာပေါ့ကွ"

"အဲဒီအကြောင်းကို စကားပြောသလိုရေးရင် ဘယ်လိုရေးမလဲ"

"ကျွန်တော် ပြောကြည့်မယ်။ 'ကျွန်တော်ဟာ မန္တလေးက ရန်ကုန်ကို ရထားနဲ့လာတယ်'လို့ ရေးရမှာပေါ့"

"အဲဒီလိုရေးတဲ့အတွက် သဒ္ဒါစည်းကမ်း၊ ဝါကျစည်းကမ်းပျက်သွားသလား။ အဓိပ္ပာယ်တလွဲတချော်တွေ ဖြစ်သွားသလား"

"အဲဒီလိုတော့ မဖြစ်ပါဘူး"

"ဘယ်ဖြစ်မှာလဲ။ စကားပြောရင်လည်း သဒ္ဒါစည်းကမ်း၊ ဝါကျစည်းကမ်းအတိုင်း ပြောရတာပဲလေ။ 'လာတယ် ရန်ကုန်ကိုရထားနဲ့မန္တလေးက ကျွန်တော်'လို့ တမင်ဖျက်ပြီး ပြောရင်တော့ သဒ္ဒါစည်းကမ်းနဲ့မညီဘူးပေါ့"

"ဟာဗျာ၊ စကားပြောသလိုရေးတဲ့ စာရေးဆရာတွေ၊ ကျွန်တော်အပါအဝင် ဘယ်သူမှ အဲဒီလိုတမင် စည်းကမ်းဖျက်ပြီး မရေးကြပါဘူးဗျာ။ သဒ္ဒါစည်းကမ်းအတိုင်းရေးကြတာပါပဲ"

"ဟုတ်ပါတယ်။ ဒါကြောင့် စကားပြောသလို ရေးတာဟာ သဒ္ဒါစည်းကမ်း လုံးဝမပျက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စကားပြောတယ်ဆိုတာကိုက သဒ္ဒါစည်းကမ်း၊ ဝါကျစည်းကမ်းအတိုင်း ပြောရလို့ပါပဲ"

"ဒီလိုဆိုရင် စကားပြောသလိုရေးရင် စာလုံးပေါင်းသတ်ပုံတွေရော ပျက်မသွားဘူးလား" တက္ကသိုလ်ဆရာက မေးသည်။

"မပျက်ပါဘူးဗျာ။ ပျက်စရာမှ အကြောင်းမရှိတာ။ စာလုံးပေါင်းသတ်ပုံဆိုတာ စကားလိုပဲရေးရေး၊ စာလို့ပဲရေးရေး၊ တညီတညွတ်တည်းလိုက်နာဖို့ သတ်မှတ်ထားတဲ့ စည်းကမ်းလေးဆိုပါတော့။ 'လူကြီးတွေ မန္တလေးက လာကြတယ်' ဆိုတဲ့စကားကို စာနဲ့ရေးရင် 'လူဂျီးဒွေ မန်းဒလေးဂ လာဂျဒယ်'လို့ အသံထွက်တဲ့အတိုင်း ရေးရင်တော့ စာလုံးပေါင်းသတ်ပုံ စည်းကမ်းပျက်သွားမှာပေါ့။ ဒါပေမယ့် စကားပြောသလို ရေးတဲ့သူတွေဟာ ဘယ်သူမှ အဲဒီလို စာလုံးပေါင်းသတ်ပုံဖျက်ပြီး အသံထွက်တဲ့အတိုင်းမရေးကြပါဘူး။ သတ်မှတ်ထားတဲ့ စာလုံးပေါင်းသတ်ပုံအတိုင်း ရေးတာချည်းပါပဲ"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်"

> **'လူကြီးတွေ မန္တလေးက လာကြတယ်' ဆိုတဲ့စကားကို စာနဲ့ရေးရင် 'လူဂျီးဒွေ မန်းဒလေးဂ လာဂျဒယ်' လို့ အသံထွက်တဲ့အတိုင်း ရေးရင်တော့ စာလုံးပေါင်းသတ်ပုံ စည်းကမ်းပျက်သွားမှာပေါ့**

"ကဲ. . . ဒီလိုဆိုရင် စကားပြောသလိုရေးတဲ့အတွက် သဒ္ဒါစည်းကမ်း၊ ဝါကျစည်းကမ်းလည်း ပျက်မသွားဘူး။ စာလုံးပေါင်းသတ်ပုံ စည်းကမ်းလည်း ပျက်မသွားဘူးဆိုတာ သိသာထင်ရှားနေပါပြီဗျာ။ ဒီလိုဆိုရင် မြန်မာစာအရေးအသားဟာ စကားပြောသလိုရေးရုံနဲ့ အဆင့်အတန်းနိမ့်ကျမသွားတာ သေချာနေပြီပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ။ ခင်ဗျား. . . ရှင်းပြတော့ တော်တော်ရှင်းသွားပါပြီ" စာရေးဆရာက ပြောသည်။

"ငါလည်း အဲဒီလောက်တော့ ရှည်ရှည်ဝေးဝေး မစဉ်းစားဖူးပါဘူး။ စကားပြောသလိုရေးရင် စာပျက်သွားမယ်ဆိုတဲ့ အတွေးနဲ့ပဲပြောမိတာပါ"

"ကျွန်တော်နဲ့ခင်မင်တဲ့ စာရေးဆရာမကြီးတစ်ယောက်ကလည်း စကားပြောသလိုရေးရင် မြန်မာစာပျက်သွားမှာပေါ့လို့ ခဏခဏပြောတာကြားရတယ်။ သူက အဲဒီလိုရိုးရိုးသားသား ယုံကြည်နေပုံရပါတယ်။ ဒီလိုဆိုရင် အခုခေတ်မှာ ထင်ထင်ရှားရှားတွေ့နေရတဲ့ သာဓကတစ်ခုပဲ ကျွန်တော်ပြောပါ့မယ်"

"ပြောပါဗျာ"

"တခြားမဟုတ်ပါဘူး။ အခုဆိုရင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်က ပါမောက္ခချုပ်ဆရာတော် အရှင်နန္ဒမာလာဘိဝံသ ဟောကြားတော်မူတဲ့ ဟောစဉ်တရားတော်စာအုပ်ကလေးတွေ အများကြီးထွက်နေတာ ခင်ဗျားတို့အသိပဲ။ အဲဒီစာအုပ်တွေမှာ ဆရာတော်စကားပြောနေသလိုပဲ ရေးထားတာမဟုတ်လား၊ တရားဟောတဲ့ဟန်အတိုင်း ရေးတာလေ။ အဲဒီတရားတွေဟာ 'စကားပြော'နဲ့ ရေးထားတဲ့အတွက် အဆင့်အတန်းနိမ့်ကျသွားတယ်လို့ ဆိုမလား"

"မဆိုဝံ့ပါဘူးကွာ"

"ဟုတ်ပါတယ်ဗျာ"

"ဟုတ်ပါတယ်။ ဆရာတော်ရဲ့ တရားတွေဟာ အင်မတန်ရှင်းလင်းပြေပြစ်ပါတယ်။ အဓိပ္ပာယ်လည်း နားလည်လွယ်ပါတယ်။ သဒ္ဒါစည်းကမ်း၊ သတ်ပုံစည်းကမ်းနဲ့လည်းညီပါတယ်။ ဒီတော့ စကားပြောနဲ့ ရေးလို့ စာပျက်တယ်ဆိုတဲ့အဆိုဟာ မခိုင်လုံဘူး မဟုတ်လား"

"ဟုတ်ပါတယ်"

"တခြားဆရာတော်တွေ ဟောတဲ့တရားတွေလည်း အဲဒီလို စကားပြောနဲ့ ရေးတာတွေ အများကြီးပါပဲဗျာ"

"ဟုတ်ပါပြီကွာ"

"ဒီနေရာမှာ ကျွန်တော်တစ်ခု ပြောချင်တာက 'စကားပြော'နဲ့ ရေးတာတွေလို့ အများပြောနေကြတာဟာ တကယ်တော့ 'စကားပြော' မဟုတ်ဘူးဗျ။ အပြောဟန်နဲ့ရေးထားတဲ့ 'အပြောစကားပြေ'တွေပါ။ အစီအစဉ်မရှိဘဲ ဟိုရောက်ဒီရောက်ပြောတာမျိုးမဟုတ်ဘဲ ပြောတဲ့ဟန်လည်း အစီအစဉ်တကျ ရေးထားတာမို့ 'အပြောစကားပြေ'လို့ခေါ်တာ ပိုပြီးသင့်လျော်ပါတယ်။ စာဟန်နဲ့ ရေးတဲ့စကားပြေကိုတော့ 'အရေးစကားပြေ' ပေါ့ဗျာ။ ဒီဟန်နှစ်မျိုးဟာ ကျွန်တော်တို့ မြန်မာဘာသာစကားမှာတွေ့ရတဲ့ ထင်ရှားတဲ့လက္ခဏာပါ။ ဒီတော့ ခင်ဗျားတို့နဲ့ကြုံတုန်း အဲဒီ 'အပြောစကားပြေ' ဘယ်လိုစခဲ့တယ်ဆိုတဲ့ အစဉ်အလာအကြောင်း ဆွေးနွေးကြရအောင်ဗျာ"

## လှိုင်ကော်မြို့ လောဓမ္မရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား



**လှိုင်ကော် ဧပြီ ၂၅**

ကယားပြည်နယ် လှိုင်ကော်မြို့ လောဓမ္မရပ်ကွက် အိမ်အမှတ် လော(ခ)၁၂၄ ကျောက်တောင်လမ်း အုပ်စု (၁၁)ရှိ လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေအိမ်တွင် ဒေါ်တင်ညွန့်ဆိုသူမှာ လျှပ်စစ်ထမင်းပေါင်းအိုး တည်ထားခဲ့ရာမှ အပူလွန်ကဲပြီး ဧပြီ ၂၃ ရက်နံနက် ၁၀ နာရီခွဲက မီးလောင်မှု စတင်ဖြစ်ပွားခဲ့သည်။

အနီးဝန်းကျင်ရှိ ရေစုပ်စက်တစ်လုံးဖြင့် ကနဦးငြိမ်းသတ်ဆောင်ရွက်ခဲ့ပြီး မီးသတ်ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစောထွန်း ဦးဆောင်၍ သန္နွေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်တပ်ဖွဲ့ဝင် ၂၀၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ မီးသတ်ရေယာဉ် တစ်စီး၊ ရေဂါလန် ၅၀၀၀ခန့် အသုံးပြု၍ ငြိမ်းသတ်ဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် နေအိမ်အပေါ်ထပ် ကြမ်းခင်းနှင့် အိမ်တွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

မီးလောင်မှုနှင့် စပ်လျဉ်း၍ ဒေါ်တင်ညွန့်အား လှိုင်ကော်မြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်အတွင်းသို့ တောဆင်ရိုင်းများ ရောက်ရှိလာ

**ကျောက်တံခါး ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၇၇/၅) အနီး လမ်း၏ အနောက်ဘက် ဘိုင်းဒါးချောင်း၏ မြောက်ဘက်တစ်မိုင်ခန့်အကွာသို့ ပဲခူးရိုးမအတွင်းရှိ ပိန္နဲမြောင်မှ ဘိုင်းဒါးချောင်းအတိုင်း ဆင်ထီး၊ ဆင်မနှင့် ဆင်ကလေးများပါ စုစုပေါင်း တောဆင်ရိုင်း ၁၁ ကောင်သည် အစာရှာဖွေရင်း ဧပြီ ၂၂ ရက် ညနေ ၄ နာရီက ရောက်ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကို ကျောက်တံခါးမြို့နယ်သစ်တောဦးစီးဌာနမှ ဘီနယ်မြေတာဝန်ခံတောအုပ် ဦးကံမင်းနိုင်က မြို့နယ်သစ်တောဦးစီးဌာနသို့ တင်ပြခဲ့ရာ ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနဦးစီးမှူး ဦးစောဂျင်မိနီ၏ စီစဉ်မှုဖြင့် တောဆင်ရိုင်းများကို ၎င်းတို့လာရာအရပ် ပဲခူးရိုးမတောနက်အတွင်းသို့ သဘာဝအတိုင်း နေထိုင်ကျက်စားနိုင်ရန် ဧပြီ ၂၃ ရက်က သစ်တောဝန်ထမ်းများ၊ ဆင်ဦးစီးများ၊ သစ်တောရဲများပူးပေါင်း၍ ပြန်လည်ပို့ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

အလိမ္မာ စာမှာရှိ

# လှေလှော်လေ့ကျင့်ရေးစခန်းနှင့် မြန်မာ့ရိုးရာ စွန်အလှ/စွန်ဖြတ်ပြိုင်ပွဲ ကြည့်ရှုအားပေး

**ရန်ကုန် ဧပြီ ၂၅**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ နိုင်ငံလိုက်အဆင့်ရရှိမှုတွင် မြန်မာနိုင်ငံအတွက် အဓိကအားထားရသည့် လှေလှော်အားကစားနည်းအနေဖြင့် ရိုးရာ လှေ၊ ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာ လှေလှော်သုံးမျိုးကို လာမည့်(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မျှော်မှန်းရွှေတံဆိပ် ၁၇ ခုရရှိအောင် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်လျက်ရှိရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် အင်းလျားကန်ရှိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် လှေလှော်လေ့ကျင့်ရေးစခန်းသို့ ယနေ့ နံနက် ၈ နာရီက သွားရောက်ကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်ပြီး(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ရိုးရာလှေနှင့် အပြည်ပြည်ဆိုင်ရာ လှေအားကစားနည်းများ စံချိန်ယူလှော်ခတ်ပြိုင်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ လှေ(ကျား)၈-တက်/၄ တက်၊ မီတာ ၁၀၀၀၀၊ ရိုးရာလှေလှော်(ကျား-၂)တက်/(မ-၁၂) တက်စံချိန်ယူပြိုင်ပွဲများ၊ မျိုးဆက်သစ်(ကနူး/ကယက်) လှေနှင့် အပြည်ပြည်ဆိုင်ရာလှေလှော်ခတ်သရုပ်ပြမှုများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး စံချိန်သစ်ချိုးနိုင်ခဲ့သော အားကစားသမားများနှင့် မျိုးဆက်သစ် အားကစားသမားများကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအဖွဲ့ဝင် ဦးသစ္စာက ဆုငွေများ ချီးမြှင့်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံ ရိုးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းလင်းသောင်းနှင့်အတူ ကျိုက္ကဆံအားကစားကွင်း ရှိ ဘော့စ်ဘောအားကစားကွင်း၌ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော(၁၁)ကြိမ်မြောက် စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲ၌ စွန်ဖြတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမား ၁၂၀၊ စွန်အလှပြိုင်ပွဲတွင် အားကစားသမား ရှစ်ဦး စုစုပေါင်း ၁၂၈ ဦးတို့ စွန်ဖြတ်တစ်ဦးချင်းပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲများကျင်းပရာ အသင်းလိုက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်အသင်း ၁၄ သင်း ယှဉ်ပြိုင်ကြသည်။ ယနေ့စွန်ဖြတ်ပြိုင်ပွဲအကြိုအုပ်စု ဗိုလ်အဆင့်ပြိုင်ပွဲ၊ အသင်းလိုက် (ရှုံး/ထွက်)အသင်းပြိုင်ပွဲများကျင်းပခဲ့ရာ ၄င်းပြိုင်ပွဲတွင် စွန်အလှပြိုင်ပွဲတစ်ဦးချင်းနှင့် အသင်းလိုက်စွန်ဖြတ်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ အင်းလေးအပန်းဖြေစခန်းသို့ရောက်ရှိ

**ညောင်ရွှေ ဧပြီ ၂၅**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် နဝမတန်းဘက်စုံပညာထူးချွန်လူငယ်များအဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေး စုရပ်မှ စတင်ထွက်ခွာလာရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့ရှိ အင်းလေးခေါင်တိုင် အပန်းဖြေစခန်းသို့ ညနေ ၆ နာရီခန့်တွင် ရောက်ရှိလာခဲ့ကြသည်။

နဝမတန်းဘက်စုံပညာ ထူးချွန်လူငယ် ၁၇၆ ဦးနှင့် ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦး စုစုပေါင်း ၁၉၄ ဦး ပါဝင်သည့် အဆိုပါအဖွဲ့ကို ရှမ်း ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှိုင်၊ မြို့နယ်ပညာရေးမှူး ဒေါ်နီနီတင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘင်ခရာတပ်ဖွဲ့နှစ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားလူမျိုးပေါင်းစုံတို့က ပန်းစည်းပန်းကုံးများ ပေးကမ်းခြင်း၊ ရှမ်းရိုးရာအက၊ အင်းရိုးရာအကများဖြင့် ၎င်းတို့ တည်းခိုနေထိုင်မည့် ဟိုပင်တည်းခိုရိပ်သာသွားရာ လမ်းဘေးဝဲယာတစ်လျှောက်တွင် ကပြဖျော်ဖြေခြင်းများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

“ဒီနှစ် ဘက်စုံထူးချွန်လူငယ်တွေကို ကြိုဆိုပွဲက အရင်နှစ် ညောင်ရွှေအထက(၁)မှာ ကြိုဆိုပွဲထက် ပိုပြီးစည်ကားတာ တွေ့ရတယ်။ ဒေသခံတိုင်းရင်းသား လူမျိုးပေါင်းစုံတို့က အပြုံးကိုယ်စီနဲ့ တကယ့်ကို လှိုက်လှိုက်လှဲလှဲနှင့် ဝမ်းသာအားရ ကြိုဆိုပုံက မြင်ရသူတို့ရင်ထဲမှာ ကျေနပ်စရာပါပဲ”ဟု ဒေသခံတိုင်းရင်းသားတစ်ဦးက စကားသံခပ်ဝဲဝဲလေးဖြင့် မြန်မာ့အလင်းသို့ ပြောသည်။

ယခုနှစ် နဝမတန်းဘက်စုံပညာထူးချွန် လူငယ်အဖွဲ့သည် အင်းလေးလူငယ်အပန်းဖြေစခန်းသို့ ဖြတ်သန်းလာရာ လမ်းတစ်လျှောက်တွင် ကလောမြို့ တောင်လေးလုံးနှင့် နောက်ဆုံးခေါင်တိုင်ကျေးရွာ စသည့်နေရာသုံးနေရာတို့မှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများက စည်ကားစွာ ကြိုဆိုကြသည်။ ညပိုင်းတွင် ဘက်စုံပညာ ထူးချွန်လူငယ်အဖွဲ့ကို ခေါင်တိုင်အထကဝင်းထဲတွင် တိုင်းရင်းသားရိုးရာအကပဒေသာများဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

**သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)**



# ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ ငွေဆောင်အပန်းဖြေစခန်းသို့ ရောက်ရှိ

**ပုသိမ် ဧပြီ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းတွင် ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေအနားယူရန် ၂၀၁၅ ခုနှစ် ဘက်စုံပညာထူးချွန် ဒသမတန်း ကျောင်းသား ကျောင်းသူများသည် အပန်းဖြေစခန်းတာဝန်ခံ တိုင်းဒေသကြီး ပညာရေးမှူးဦးအောင်ကျော်ထွန်း၊ ကြီးကြပ်ဆရာ ဆရာမ ၁၈ ဦး တို့သည် ဧပြီ ၂၅ ရက် နံနက် ၈ နာရီခွဲက ဆားမလောက်ကျေးရွာသို့ ရောက်ရှိလာရာ ညောင်တုန်းမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ထို့နောက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဆက်လက်ထွက်ခွာလာပြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်သို့ ရောက်ရှိရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ပုသိမ်ဟိုတယ်တွင် ငွေဆောင်အပန်းဖြေစခန်း တာဝန်ခံ တိုင်းဒေသကြီးပညာရေးမှူး ဦးအောင်ကျော်ထွန်းက မိတ်ဆက်အမှာစကား ပြောကြားပြီး ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ နံနက်စာ အတူသုံးဆောင်ကြသည်။ ထို့နောက် ပုသိမ်ဟိုတယ်မှ ဆက်လက်ထွက်ခွာကြရာ ငွေဆောင်အပန်းဖြေစခန်းသို့ ညနေပိုင်းတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူ ၁၇၆ ဦးသည် ဧပြီ ၂၆ ရက်မှ မေ ၅ ရက်အထိ အပန်းဖြေစခန်းတွင် အခြေခံစစ်ပညာ ကင်းထောက်ပညာတို့ကို သင်ယူပြီး ဒေသန္တရ လေ့လာရေးခရီးနှင့် အပန်းဖြေအနားယူမည်ဖြစ်သည်။ **(တိုင်းဒေသကြီး ပြန်/ဆက်)**

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်သည့်အဖွဲ့ဝင်များကို စိုက်ပျိုးလိုသည့်ပျိုးပင်များ အခမဲ့ဖြည့်ဆည်းပေးသွားမည်

**နေပြည်တော် ဧပြီ ၂၅**

သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောအတွင်းရှိ ယာမြေများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်သည့် အဖွဲ့ဝင်များကို စိုက်ပျိုးလိုသည့်ပျိုးပင်များအား အခမဲ့ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းနှင့် ပတ်သက်၍ ဦးစွာအသုံးပြုသူများအဖွဲ့ ဖွဲ့စည်းရမှာဖြစ်ပါတယ်။ အဖွဲ့ဝင်တွေစိုက်ပျိုးလိုသည့် ပျိုးပင်များကို ဌာနကနေပြီး အခမဲ့ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။ ထုတ်ပေးတဲ့ ပျိုးပင်တွေကတော့ သစ်တောသစ်ပင်နဲ့ နှစ်ရှည်ပင်တွေပဲဖြစ်ပါတယ်။ အဖွဲ့ဝင်တစ်ဦးကို အနည်းဆုံးတစ်ဧကအတွက် ပျိုးပင် ၁၅၀ ကစပြီး ထုတ်ပေးပါတယ်။ ၁၀ ဧကစိုက်ပျိုးမယ်ဆို ပျိုးပင် ၁၅၀၀ ထုတ်ပေးတယ်။ ထုတ်ကုန်တွေအတွက် ဈေးကွက်ဖော်ဆောင်ရေးတို့အထိ ဆောင်ရွက်ပေးသွားမှာပါ။ နောက်ထပ်လည်း စိုက်ပျိုးရေးမှာ လိုအပ်တဲ့ ချေးငွေနဲ့နည်းပညာတွေ ရရှိရေးအတွက်ကိုလည်း ဆောင်ရွက်နေပါတယ်။ အခုလို စိုက်ပျိုးတဲ့အတွက် ဒေသခံ ပြည်သူတွေအနေနဲ့ သီးနှံစိုက်ပျိုးလို့ရတဲ့အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေတိုးမယ်။ အိမ်သုံးထင်းတွေရမယ်။ နှစ်ရှည်ပင်တွေကို စိုက်တဲ့အတွက် သစ်တောထိန်းသိမ်းရာလည်းရောက်ပါတယ်”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သစ်တောကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောအတွင်းရှိ ယာမြေများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်သည့်အဖွဲ့ဝင်များ စိုက်ပျိုးလိုသော ပျိုးပင်များကို သက်ဆိုင်ရာဒေသရှိ သစ်တောဦးစီးဌာနများတွင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ နှစ်ရှည်ပင်များအဖြစ် သရက်၊ ပိန္နဲ၊ သနပ်ခါး၊ စန္ဒကူး၊ လျှော်၊ တညင်း၊ သျှားပင်၊ ပျဉ်းကတိုး၊ သစ်အမျိုးမျိုးတို့ကို ထုတ်ပေးလျက်ရှိသည်။ အဆိုပါယာမြေများတွင် သစ်တောသစ်ပင်၊ နှစ်ရှည်ပင်များအပြင် ပဲအမျိုးမျိုးနှင့် အခြားသီးနှံ အမျိုးမျိုးကိုလည်း စိုက်ပျိုးနိုင်ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် မတ်လအထိ တည်ထောင်ခဲ့သော အစုအဖွဲ့ပိုင် သစ်တော ၂၀၄၇၁၀ ဒသမ ၄၁ ဧကရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းတွင် ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တောများအတွင်းရှိ ယာမြေများကို သီးနှံသစ်တော ရောနှောစိုက်ပျိုးထားသောစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ၂၂၉၁၂ ဒသမ ၉၄ ဧကကို တည်ထောင်နိုင်ခဲ့ကြောင်းသိရသည်။ ယာမြေများအား သစ်တောပြန်လည်တည်ထောင်ခြင်းနှင့် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်၍ ယာမြေများကို ဆက်လက်ခွင့်ပြုသွားမည်ဖြစ်သည်။



**တည်ထောင်စိုက်ပျိုးထားသည့် အစုအဖွဲ့ပိုင် သစ်တောတစ်ခုကို တွေ့ရစဉ်။** ဓာတ်ပုံ-ချစ်သမီး

ဒေသခံပြည်သူများအနေဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများကို သီးနှံသစ်တော ရောနှောစိုက်ပျိုးနည်းအသွင် တည်ထောင်ခြင်းဖြင့် မိမိတို့ယာမြေများကို လုပ်ထုံးလုပ်နည်းများအတိုင်း တရားဝင်ဆက်လက်လုပ်ကိုင်နိုင်မည်ဖြစ်ပြီး တစ်ဖက်တစ်လမ်းမှလည်း သစ်တောသစ်ပင်ထိန်းသိမ်းရေးကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံရဲ့ နိုင်ငံတကာရေးရာ ပါဝင်ဆောင်ရွက်နိုင်တဲ့ အခန်းကဏ္ဍပိုမြင့်မားလာ

အမေး၊ အရေး- မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်၊ နေလင်း(မြန်/ဆက်)

ရန်ကုန် ဧပြီ ၂၅

**၁၉၅၅ ခုနှစ်က မြန်မာနိုင်ငံအပါအဝင် လွတ်လပ်ရေးရပြီး နိုင်ငံငါးနိုင်ငံက ဦးစွာဖော်ဆောင်ခဲ့သည့် နှစ်(၆၀)ပြည့် အာရှ- အာဖရိက ထိပ်သီးညီလာခံနှင့် (၁၀)နှစ်ပြည့် အာရှ-အာဖရိက မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်ခြင်းအခမ်းအနားကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် ဘန်ဒေါင်းမြို့တို့၌ ဧပြီ ၂၁ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည်။**

**၎င်းခရီးစဉ်တွင် နိုင်ငံတော်သမ္မတကြီးနှင့်အတူ လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။**



ဦးအောင်မင်း
(ပြည်ထောင်စုဝန်ကြီး)




ဦးဝဏ္ဏမောင်လွင်
(ပြည်ထောင်စုဝန်ကြီး)




ဦးရဲထွဋ်
(ပြည်ထောင်စုဝန်ကြီး)

**ဦးအောင်မင်း (ပြည်ထောင်စုဝန်ကြီး)**

ဒီဘန်ဒေါင်းခရီးစဉ်မှာ နိုင်ငံတော်သမ္မတကြီးနဲ့အတူ အစည်းအဝေးနှစ်ခု တက်ရောက်ခဲ့သလို တက်ရောက်လာတဲ့ နိုင်ငံ့ခေါင်းဆောင်အချို့နဲ့လည်း တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နီပေါနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က တော်တော်တူတယ်။ သူတို့လည်း နှစ်ပေါင်းရှည်ကြာစွာ တိုင်းရင်းသားလက်နက်ကိုင်ပြဿနာရှိခဲ့တယ်။ သူတို့ဆီမှာကတော့ မော်ဝါဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ဖွဲ့တည်းရှိတာ။ မော်ဝါဒီတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနဲ့ သူတို့က ၂၀၀၆ ခုနှစ်က ငြိမ်းချမ်းရေးလက်မှတ်စထိုးနိုင်ခဲ့တယ်။

လက်မှတ်ထိုးပြီးနောက်ပိုင်း လက်နက်တွေ စွန့်လွှတ်တာ၊ ပြန်လည်နေရာချထားတာ၊ သူတို့ဒေသတွေကို ပြန်လည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတာ၊ သူတို့က အဲဒါတွေကို ကုလသမဂ္ဂအကူအညီနဲ့ တော်တော်ဆောင်ရွက်ထားပြီးဖြစ်တယ်။ သူတို့ဆီမှာ တိုင်းရင်းသားလက်နက်ကိုင်သုံးသောင်းလောက်ရှိတယ်။ တချို့လည်း တပ်မတော်ထဲဝင်၊ တချို့ကအကောက်ခွန်ဌာန၊ တချို့က မှတ်ပုံတင်ဌာန၊ တချို့က ကျောင်းဆရာ၊ တချို့က ကျန်းမာရေးမှူး စတဲ့ သူတို့နဲ့လိုက်လျောညီထွေဖြစ်မယ့် လုပ်ငန်းတွေကို ဝင်ရောက်ထမ်းဆောင်ကြတယ်။ အခုတော့ သူတို့ရဲ့ ကြိုးပမ်းအားထုတ်မှုက အများကြီးတိုးတက်နေပြီ။ တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ လက်နက်ကိုင်ပြဿနာဟာ နိုင်ငံရေးနည်းနဲ့ပဲ ဖြေရှင်းရမှာပါ။ အဲဒါကြောင့် သူတို့နိုင်ငံမှာ တိုင်းရင်းသားလက်နက်ကိုင်တွေက လက်နက်တွေစွန့်ပြီး ပါတီတွေထောင်တာ၊ ရွေးကောက်ပွဲဝင်တာတွေအဆင့်ထိ ဖြစ်နေပြီ။

သူတို့ဖြေရှင်းခဲ့တာ ကမ္ဘာမှာ ကျင့်သုံးနေတဲ့ နည်းအတိုင်းပဲ ကျင့်သုံးခဲ့တယ်လို့ ပြောတယ်။ ကျွန်တော်တို့လည်း သူတို့နည်းနာအတိုင်း ကျင့်သုံးဖို့ ဆုံးဖြတ်ထားပြီးသားဖြစ်တယ်။ ဒါ့ကြောင့် ကျွန်တော်တို့လည်း တစ်ဆင့်ပြီးတစ်ဆင့် သွားနေတာ။ ထူးခြားတာက နီပေါနိုင်ငံဟာ လက်နက်ကိုင်ပြဿနာကို နိုင်ငံရေးနည်းနဲ့ ရှင်းခဲ့တယ်။ ဆွေးနွေးတယ်။ နောက်ဆုံးပြောရရင် သူတို့နဲ့ တွေ့ဆုံဆွေးနွေးလိုက်ရတာ ကျွန်တော်တို့နိုင်ငံရဲ့ငြိမ်းချမ်းရေးအတွက် အများကြီးအထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဝဏ္ဏမောင်လွင် (ပြည်ထောင်စုဝန်ကြီး)**

၂၀၁၅ ဘန်ဒေါင်းညီလာခံမှာ ကြေညာချက်နဲ့ ထုတ်ပြန်ချက်သုံးခုကို အတည်ပြုခဲ့တယ်။ အဲဒါတွေကတော့ Bandung Message 2015၊ Re - invigorating the New Strategic Partnership နဲ့ Declaration on Palestine တို့ဖြစ်တယ်။

ကမ္ဘာ့လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းရှိတဲ့ အာရှတိုက်နဲ့ အာဖရိကတိုက်က ပြည်သူလူထုအချင်းချင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အချင်းချင်း ပူးပေါင်းဆောင်ရွက်သွားကြဖို့ အလားအလာတွေ အများကြီးရှိပါတယ်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ပူးပေါင်းဆောင်ရွက်မှုတွေ ညီညီညွတ်ညွတ်နဲ့ လွန်ခဲ့တဲ့ နှစ် ၆၀ လောက်က အတိုင်းပဲ စည်းလုံးညီညွတ်မှုကို ဆက်လက်ထိန်းသိမ်းသွားကြဖို့ ကောင်းမွန်တဲ့ အလားအလာတွေပဲ ဖြစ်ပါတယ်။

ဘန်ဒေါင်းညီလာခံကို ၁၉၅၅ ခုနှစ်မှာ စတင်ပြုလုပ်ခဲ့တဲ့ ကနဦးနိုင်ငံတွေကပါတဲ့ မြန်မာနိုင်ငံရဲ့ အခန်းကဏ္ဍဟာလည်း အထူးအလေးပေးခြင်းခံရပါတယ်။

ဘန်ဒေါင်းမှာလုပ်တဲ့ နှစ် (၆၀)မြောက် အာရှ-အာဖရိက ညီလာခံရဲ့ အထိမ်းအမှတ်ပွဲမှာ နိုင်ငံတော်သမ္မတကြီးကနေပြီး အာရှတိုက်နိုင်ငံတွေရဲ့ ကိုယ်စားမိန့်ခွန်းပြောကြားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ဦးဆောင်မှုကဏ္ဍကို နိုင်ငံတကာဆက်ဆံရေးမှာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်နဲ့ဆောင်ရွက်ခွင့်ရတဲ့၊ အခွင့်အလမ်းရခဲ့တဲ့ ညီလာခံတွေ၊ အစည်းအဝေးတွေဖြစ်တယ်လို့ ပြောချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ၂၀၁၄ ခုနှစ်မှာ ဘင်းမ်စတက်အလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်တွေကို ထမ်းဆောင်ခဲ့ပြီး ဒီနှစ်မှာလည်း မြန်မာနိုင်ငံရဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမှာ နိုင်ငံခြားရေးမူဝါဒကို တက်တက်ကြွကြွ အကောင်အထည်ဖော်ခွင့်ရခဲ့တယ်။ ဒေသတွင်းမှာလည်း ဦးဆောင်မှုအခန်းကဏ္ဍမှာ ပီပီပြင်ပြင်နဲ့ ဆောင်ရွက်သွားနိုင်တဲ့ အနေအထားတွေ တွေ့ရတဲ့အတွက် ဒီညီလာခံကို တက်ရောက်ရတဲ့ ခရီးစဉ်ကလည်း အထူးအောင်မြင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဦးရဲထွဋ် (ပြည်ထောင်စုဝန်ကြီး)**

ဒီခရီးစဉ်ကတော့ ဘန်ဒေါင်းညီလာခံရဲ့ နှစ်(၆၀)ပြည့် အခမ်းအနားပေါ့။ ၁၉၅၅ တုန်းက အာရှ-အာဖရိက ထိပ်သီးညီလာခံ အများအခေါ် ဘန်ဒေါင်းညီလာခံ လုပ်တဲ့အချိန်တုန်းက မြန်မာနိုင်ငံဟာ အဆိုပြုကမကထလုပ်တဲ့ ငါးနိုင်ငံထဲမှာ အဖွဲ့ဝင်တစ်နိုင်ငံဖြစ်တယ်။ အဲဒီတုန်းကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ဝန်ကြီးချုပ် ဦးနုက ပါဝင်ဆောင်ရွက်ခဲ့တာ။ အဲဒီစစ်အေးကာလတုန်းက အရှေ့အုပ်စု၊ အနောက်အုပ်စုကြားမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ အာရှ-အာဖရိက ၂၉ နိုင်ငံတက်ရောက်ခဲ့တယ်။

အရာရာကိုငြိမ်းချမ်းစွာဖြေရှင်းမယ်၊ ကိုလိုနီစနစ်ကို ဆန့်ကျင်မယ်ဆိုတဲ့ ဘန်ဒေါင်း အခြေခံမူ ၁၀ ချက်ကို ချခဲ့တယ်။ ဘာပဲပြောပြော အဲဒီအချိန်တုန်းကတော့ ဒီဘန်ဒေါင်းညီလာခံဟာ မြန်မာနိုင်ငံရဲ့သံတမန်ရေးရာဆိုင်ရာ အောင်မြင်မှုပါ။ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ ကျတော့ အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံဟာ သံတမန်မျက်နှာစာမှာ တက်ကြွစွာပါဝင်လှုပ်ရှားနိုင်ခြင်း မရှိခဲ့ဘူး။ အခုနိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်လက်ထက်မှာ နိုင်ငံတကာဆက်ဆံရေးပြန်လည်ကောင်းမွန်လာတာနဲ့အမျှ မြန်မာနိုင်ငံရဲ့ နိုင်ငံတကာရေးရာမှာ ပါဝင်ဆောင်ရွက်နိုင်တဲ့ အခန်းကဏ္ဍက ပိုမြင့်မားလာတယ်။

အဲဒီတော့ ဒီနှစ်(၆၀)ပြည့်အခမ်းအနားလုပ်တဲ့အခါမှာ ပြီးခဲ့တဲ့ နှစ် ၆၀ တုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက ဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်ခဲ့သလိုပဲ ဘန်ဒေါင်းအစည်းအဝေးဖွင့်ပွဲမှာ သမ္မတကြီးက အင်ဒိုနီးရှားသမ္မတနဲ့အတူ စင်ပေါ်တက်ရောက်ခွင့်ရတဲ့ တစ်ဦးတည်းသောနိုင်ငံ့ခေါင်းဆောင်ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားမှာလည်း အာရှနိုင်ငံများကိုယ်စား မိန့်ခွန်းပြောခွင့်ရတယ်။ ဒါကြောင့်မို့ ဒီနှစ်(၆၀)ပြည့် ဘန်ဒေါင်းညီလာခံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၆၀ က မြန်မာနိုင်ငံက ဒေသအတွင်း နိုင်ငံတကာ သံတမန်ရေးရာကဏ္ဍမှာ တက်ကြွစွာပါဝင်နိုင်ခဲ့သလိုပဲ အခုအဲဒီနေရာကို ပြန်ပြီးတော့မှယူတဲ့ အခမ်းအနားလို့လည်း ပြောလို့ရပါတယ်။

ဒါကြောင့်မို့ ဒီအခမ်းအနားကို တက်ခြင်းသည် နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ မြန်မာပြည်သူတွေရဲ့ ဂုဏ်သိက္ခာကို မြင့်မားစေခဲ့တယ်။ ဒီအခမ်းအနားတစ်လျှောက် ပြသထားတဲ့ပုံတွေ၊ ပိုစတာတွေထဲမှာလည်း တစ်ချိန်ကဦးဆောင်မှုအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုပုံကိုလည်း အလေးထားဖော်ပြထားတာကို တွေ့ရလို့ တက်ရောက်ရတဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့အနေနဲ့လည်း အများကြီးဂုဏ်ရှိပါတယ်။

ပြီးတော့ ဒီခရီးစဉ်မှာသမ္မတကြီးက အခြားနိုင်ငံ့ခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်။ အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံတဲ့အခါမှာ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းဖို့ကိစ္စတွေ၊ နယ်စပ်ဒေသမှာ တရားမဝင်မှောင်ခိုကုန်ကူးမှုတွေ၊ မူးယစ်ဆေးဝါးကိစ္စတွေနဲ့ နှစ်နိုင်ငံနယ်စပ်အကြမ်းဖက်အဖွဲ့အစည်းတွေ လှုပ်ရှားနိုင်ခြင်းမရှိအောင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်နိုင်ဖို့ဆွေးနွေးခဲ့တယ်။ နောက်နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်သွားဖို့လည်းဆွေးနွေးခဲ့တယ်။ တရုတ်နိုင်ငံနဲ့ကတော့ မဟာဗျူဟာမြောက် လုပ်ဖော်ကိုင်ဖက်ဆက်ဆံရေးကို မြှင့်တင်ဖို့နဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာ ဘန်ဒေါင်းစိတ်ဓာတ်ကို အခြေခံပြီးတော့ တိုးမြှင့်သွားဖို့ဆွေးနွေးတာ။

ဒါ့အပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာဖြစ်နေတဲ့ ပဋိပက္ခအခြေအနေနဲ့ပတ်သက်ပြီးတော့ အမြန်ဆုံးချုပ်ငြိမ်းသွားဖို့ အခြေအနေတွေ ဆွေးနွေးခဲ့တယ်။ နီပေါနဲ့ကတော့ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ အဓိကထားဆွေးနွေးခဲ့တာပါ။ နီပေါ-မြန်မာခရီးသွားကဏ္ဍမှာ ဥပမာ မနှစ်က ကိန်းဂဏန်းအရဆိုရင် မြန်မာလူမျိုးငါးသောင်းကျော်က နီပေါနိုင်ငံရဲ့ ဗုဒ္ဓဖွားမြင်ခဲ့တဲ့ လုမ္ဗိနီကို သွားရောက်လည်ပတ်ခဲ့တယ်။ ခုချိန်မှာ အိန္ဒိယနိုင်ငံကတစ်ဆင့် သွားနေရတာဖြစ်လို့ မြန်မာနဲ့နီပေါနဲ့သာ တိုက်ရိုက်ဆက်သွယ်မှုရှိမယ်ဆိုရင် မြန်မာခရီးသွားတွေကလည်း နီပေါမှာရှိတဲ့ ဗုဒ္ဓနဲ့ပတ်သက်တဲ့နေရာတွေကို ပိုပြီးသွားနိုင်မယ်။ ဒါ့အပြင် အခြားနိုင်ငံကနေပြီးတော့ နီပေါနိုင်ငံရဲ့ ဗုဒ္ဓဘာသာအထွတ်အမြတ်ထားရာနေရာတွေကို လာရောက်လည်ပတ်တဲ့ ခရီးသွားတွေကလည်း နီပေါနိုင်ငံကို လည်ပတ်ပြီးရင် မြန်မာနိုင်ငံမှာရှိတဲ့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အထွတ်အမြတ်နေရာတွေကို ဆက်ပြီးလည်ပတ်လို့ရအောင် ရည်ရွယ်ခဲ့တာဖြစ်တယ်။ ဒါကြောင့် နှစ်နိုင်ငံလေကြောင်းတိုက်ရိုက်ဆက်သွယ်မှုရှိဖို့ အလားအလာတွေကို ဆွေးနွေးခဲ့တာ။

နောက်တစ်ခုကတော့ နီပေါနိုင်ငံက ၂၀၀၆ ခုနှစ်မှာသူ့နိုင်ငံမှာရှိတဲ့ မော်ဝါဒီလက်နက်ကိုင်အဖွဲ့နဲ့ ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့တာရှိတယ်။ အဲဒီငြိမ်းချမ်းမှုရယူတုန်းက သူတို့ရဲ့အတွေ့အကြုံတွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ခဲ့တဲ့အတွေ့အကြုံတွေကိုလည်း သမ္မတကြီးနဲ့ အမြင်ချင်းဖလှယ်ခဲ့ကြတယ်။ ဒါတွေဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ဘန်ဒေါင်းညီလာခံက ရရှိဆွေးနွေးခဲ့တဲ့ အရာတွေပဲဖြစ်ပါတယ်။

**ဦးလှမြင့် (ရန်ကုန်မြို့တော်ဝန်)**




ကျွန်တော့်အနေနဲ့ ဒီဂျကာတာမြို့မှာ ရှိတဲ့ နိုင်ငံအတွက် သင့်တော်တဲ့ လေ့လာသင့်၊ လေ့လာထိုက်တာတွေကို လေ့လာခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ပို့ဆောင်ရေးပိုင်းဆိုင်ရာ တွေကိုလည်း အဓိကထား လေ့လာခဲ့ပါတယ်။ ပထမဦးဆုံး ဂျကာတာမြို့ရဲ့ နေ့စဉ်ခရီးသည် ခုနစ်သိန်းငါးသောင်းလောက် အထောက်အကူပြုနေတဲ့ ကင်ပါဆိုတဲ့ ဘူတာရုံကြီးကို သွားရောက်လေ့လာခဲ့တယ်။ ဒါက ဂျကာတာမြို့ပေါ်မှာ နေ့စဉ်စီးနေတဲ့ ခရီးသည်တွေ ဖြစ်တယ်။

နယ်ကတော့ ခုနစ်သိန်းလောက် ပို့ဆောင်ပေးရတယ်လို့ပြောတယ်။ သူတို့ဆီမှာက ကျွန်တော်တို့ဆီထက် ရထားနဲ့ခရီးသွားမှုကို ပိုအသုံးပြုနေတာတွေ့ရတယ်။ ကျွန်တော်တို့ကိုလည်း Railways တွေကို လေ့လာဖို့ ဖိတ်ခေါ်ခဲ့တယ်။ သူတို့ဆီမှာက တစ်ခုအောင်မြင်နေတာ အီးတိကတ်ပေါ့။ ဖုန်းကနေတစ်ဆင့်၊ စတေရှင်တွေကနေတစ်ဆင့်နဲ့ အေတီအမ်တွေမှာလည်း ဝယ်ယူနေတာကို တွေ့ရတယ်။ ဒါကပို့ဆောင်ရေးမှာ မီးရထားနဲ့ဆိုင်တဲ့ အပိုင်းပေါ့။

ပြီးတော့သူတို့ ဂျကာတာမှာ ဖြစ်ပျက်နေတဲ့ နေ့စဉ်ယာဉ်ကြောကျပ်တည်းမှုတွေ၊ မိုးတွင်းရေလျှံတာတွေ ဆွေးနွေးဖြစ်ခဲ့တယ်။ ဂျကာတာမှာက ယာဉ်စီးရေ ၁၇ ဒသမ ၅ သန်း၊ ဆိုင်ကယ် ၁၃ သန်းကျော်ရှိတယ်လို့ ပြောတယ်။ အမ်အာတီလည်းသူတို့ လုပ်နေတာကြာပြီ။ ၂၀၁၈ ခုနှစ်မှ ပြီးမယ်လို့ပြောတယ်။ နေ့စဉ် ဆိုင်ကယ် မတော်တဆမှုက လေးထောင်လောက်နဲ့ မော်တော်ကားနဲ့ ပတ်သက်တဲ့မတော်တဆမှုက ၂၆၀၀ လောက်ဖြစ်တယ်လို့ သိရတယ်။ ဂျကာတာမှာလည်း ရန်ကုန်မြို့လို ယာဉ်ကြောကျပ်တည်းမှုရှိတယ်။ အဲဒါကို သူတို့ဘယ်လိုဖြေရှင်းတယ်။ ဘယ်လို အကောင်အထည်ဖော်ထားတယ်ဆိုတာကို ဦးစားပေးလေ့လာခဲ့တယ်။

**ဦးအောင်မောင်း (မန္တလေးမြို့တော်ဝန်)**




ကျွန်တော့်အနေနဲ့ မန္တလေးမြို့အတွက် လုပ်ဆောင်စရာတွေ၊ အတုယူစရာတွေ အတွေ့အကြုံတွေ တော်တော်များများ ရခဲ့တယ်။ အထူးသဖြင့် ဂျကာတာမြို့ဟာ မန္တလေး မြို့ထက် ယာဉ်ပိုမိုများပြားတယ်။ ယာဉ်ကြောမကျပ်တည်းအောင် ဖြေရှင်းထားတဲ့ ဘတ်စ်ကားလိုင်းစနစ်ဟာ အလွန်ပဲအတုယူစရာကောင်းတယ်။

ဒါပေမယ့် မန္တလေးမှာက အဲဒီလောက်ထိတော့ ယာဉ်လိုင်းတွေ မကျပ်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ မန္တလေးမှာက လမ်းတွေကိုချဲ့လိုက်တယ်၊ ပြီးတော့အရှေ့အနောက်တောင်မြောက်လမ်းတွေကို တော်တော်များများ ကွန်ကရစ်လမ်းတွေ လုပ်ထားတော့ လမ်းမကြီးတွေကို ရှောင်ကွင်းဖို့ လမ်းတွေဖြစ်ပေါ်လာတဲ့အတွက် ခုချိန်ထိတော့ ယာဉ်ကြောကျပ်တည်းမှုပြဿနာက သိပ်မရှိသေးဘူး။

ခုလောလောဆယ်တော့ သူတို့ဆီက နည်းစနစ်တွေ အတုယူဖို့မလိုသေးဘူး ပြောရမှာပေါ့။ နောင်တစ်ချိန်တော့ သူတို့လို နည်းစနစ်တွေ သုံးဖို့လိုလာနိုင်တယ်။ ပြီးတော့ နောက်တစ်ခုက ဂျကာတာမြို့ရဲ့ အခြေအနေကို လေ့လာကြည့်လိုက်တော့ လမ်းဘေးမှာ ဆိုင်လေးတွေ ရှိနေတာကိုတွေ့ရတယ်။ မန္တလေးအနေနဲ့ကတော့ လမ်းဘေးဆိုင်စနစ်ကို တော်တော်များများဖျောက်ထားတယ်။ အခုလိုလုပ်ထားတော့ လမ်းဘေးပလက်ဖောင်းပေါ် သွားနေတဲ့ ခရီးသည်ပြည်သူတွေ လွတ်လွတ်လပ်လပ်သွားလာနိုင်တာကိုတွေ့ရတယ်။ နောက်တစ်ခုက Green City ကိုကြည့်မယ်ဆိုရင် သစ်ပင်တစ်ခုတည်း ပြောလို့မရဘူး။ မြို့တော်သူ၊ မြို့တော်သားတွေအတွက် ကောင်းမွန်တဲ့၊ လိုအပ်တဲ့ အခြေအနေအားလုံးကို ဖြည့်ဆည်းပေးနိုင်မှ Green City လို့ပြောလို့ရမှာ။ ဒါလေးတွေကို လေ့လာလိုက်တော့ ဂျကာတာမြို့သူမြို့သားတွေအတွက် တော်တော်လေးကို ဖြည့်ဆည်းပေးထားတာတွေ့ရတယ်။ အထူးသဖြင့် မီးရထားနဲ့ ချိတ်ဆက်ပြေးဆွဲတဲ့စနစ်လေးတွေ တော်တော်ကောင်းမွန်တယ်။ ငွေနဲ့ လက်မှတ်ဝယ်စရာမလိုဘဲ ဖုန်းနဲ့ ကြိုတင်ဘိုကင်လုပ်လို့ရတယ်။ ကြိုတင်ဘိုကင်လုပ်တာကလည်း ထိုင်မယ့်ခုံနံပါတ်၊ တွဲနံပါတ်ကအစ သိနိုင်အောင် လုပ်ထားတာကိုတွေ့ရတယ်။ ဒါကလည်း မြို့သူ မြို့သားတွေအတွက် ကောင်းမွန်တဲ့အခြေအနေကို ဖန်တီးပေးထားတာဖြစ်တယ်။ သူတို့ရဲ့ မြို့ပတ်ရထားက ထိုင်ခုံကလည်း အဆင့်မီမီ၊ အဲကွန်း၊ တီဗွီနဲ့စနစ်တကျလုပ်ပေးထားတာတွေ့ရတယ်။ ဒါတွေကလည်း ဂျကာတာမြို့ရဲ့ အတုယူစရာကောင်းတဲ့အချက်တွေပဲ ဖြစ်တယ်။

❒ **ရှေ့ဖုံးမှ**

၂၀၁၅ ဇွန်လတွင် အပြီးသတ်နိုင်ရန် မျှော်မှန်းဆောင်ရွက်နေကြောင်း သိရသည်။ စီမံကိန်း အပိုင်း (က)၏ ဒုတိယအဆင့်ကိုလည်း ဆက်လက်အကောင်အထည် ဖော်လျက်ရှိပြီး ၂၀၁၆ ဇွန်လ၌ အပြီးသတ်နိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

ထို့ကြောင့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းအတွင်း၌ အဓိကလိုအပ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံများတည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သတ်ပြီး သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာ ဒေါ်သန်းသန်းသွယ်အား မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ သီလဝါ၌ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာဒေါ်သန်းသန်းသွယ်**
**(တွဲဖက်အတွင်းရေးမှူး)**
**သီလဝါအထူးစီးပွားရေးဇုန်**
**စီမံခန့်ခွဲမှုကော်မတီ**

**မေး ။ သီလဝါ အထူးစီးပွားရေးဇုန်မှာ ဘယ်လိုအခြေခံ အဆောက်အအုံတွေ ထည့်သွင်းတည်ဆောက် ထားပါသလဲ။**

ဖြေ ။ သီလဝါ အထူးစီးပွားရေးဇုန်အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ(Physical Infrastructure)နဲ့ လူမှုရေးပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ (Social Infrastructure) ဆိုပြီး ကဏ္ဍနှစ်ပိုင်းခွဲပြီး တည်ဆောက်နေပါတယ်။ ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံမှာ ရေရရှိရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး၊ ရေဆိုးသန့်စင်မှုအပိုင်း၊ စွန့်ပစ်ပစ္စည်းအတွက် စီမံထားရှိမှု၊ ဆက်သွယ်ရေး၊ လမ်း၊ drainage၊ Greenery အပိုင်းတွေ ပါဝင်ပါတယ်။

လူမှုရေးပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံ (Social Infrastructure) တွေဖြစ်တဲ့ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အတတ်ပညာသင်တန်းကျောင်းများ၊ International School၊ ဆေးရုံ၊ ဆေးခန်း၊ စူပါမားကတ်နဲ့ အခြားသော Institutional Infrastructure (ရဲစခန်း၊ မီးသတ်စခန်းအစရှိသည်ဖြင့်) တွေကိုပါ ထည့်သွင်းတည်ဆောက်သွားမှာပါ။

**မေး ။ အထူးစီးပွားရေးဇုန်ဆိုတော့ ရေရရှိရေးအတွက် ဘယ်လိုစီစဉ်ဆောင်ရွက်ထားလဲ။ အသုံးပြုပြီးသွားတဲ့ ရေဆိုးတွေကိုရော ဘယ်လို စနစ်တွေနဲ့အသုံးပြုပြီး စွန့်ပစ်သွားမှာပါလဲ။**

ဖြေ ။ ရေရရှိရေးအတွက် စီမံကိန်း ပထမအဆင့်ကို ဇာမဏီဆည်ကနေ ရယူသွားမှာဖြစ်ပါတယ်။ ဇာမဏီဆည်ကနေ တစ်နေ့ကို ၆၀၀၀ ကုဗမီတာ ရယူသွားမှာဖြစ်ပြီး သီလဝါအထူးစီးပွားရေးဇုန်အတွင်းမှာရှိတဲ့ ရေသန့်စင်စက်ရုံ (Water Purification Plant) ကနေ ရေသန့်စင်ပြီးမှ စက်ရုံတွေကို ဖြန့်ဝေပေးမှာပါ။ ဒါကို ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ ဆည်မြောင်းဦးစီးဌာနတို့က ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်။ ရေကိုဒီထက်ပိုမိုရရှိနိုင်အောင် ကျွန်မတို့ စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ဆွေးနွေးနေပါတယ်။ ရေဆိုးသန့်စင်မှုအပိုင်းအနေနဲ့ ပထမအဆင့်မှာပါတဲ့ ဇုန်တစ်ခုလုံးကို သန့်စင်နိုင်မယ့် ရေဆိုးသန့်စင်စက်ရုံကို တည်ဆောက်ထားပါတယ်။ ရေဆိုးသန့်စင်စက်ရုံကနေ တစ်နေ့လျှင် ရေဆိုး ၄၈၀၀ ကုဗမီတာကို သန့်စင်ပေးနိုင်မှာဖြစ်ပါတယ်။ Centralized sewer network ထဲကိုမဝင်ခင်မှာ စက်ရုံအသီးသီးမှာ ကနဦးရေသန့်စင်ခြင်းစနစ်တွေ ပါရှိရပါမယ်။ ရေဆိုးသန့်စင်ပြီးတဲ့နောက်မှာ Retention



Pond (ရေထိန်းသိုလှောင်ကန်) ကနေ သန့်စင်ပြီးရေရဲ့ အရည်အသွေးဟာဆိုရင် နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ရရှိမှာဖြစ်တဲ့အတွက် ကြပ်မတ်စစ်ဆေးခြင်းအပိုင်းကို အမြဲတစေ လုပ်သွားနိုင်ဖို့ စီစဉ်ထားပါတယ်။

**မေး ။ စက်ရုံတစ်ရုံရဲ့ လည်ပတ်နိုင်မှုမှာ လျှပ်စစ်ဓာတ်အားရရှိမှုက အဓိကကျတဲ့အပိုင်းမှာ ရှိတာဆိုတော့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လက်ရှိမှာရောဘာတွေများ စီစဉ်ဆောင်ရွက်ပြီးပြီလဲ။**

ဖြေ ။ ဟုတ်ကဲ့ရှင့်။ ကျွန်မတို့အနေနဲ့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သန်လျင်လျှပ်စစ်ဓာတ်အားခွဲ စက်ရုံကနေ (၃၃) ကေဗွီ ဓာတ်အားလိုင်းကို သီလဝါအထူးစီးပွားရေးဇုန်မှာ ဆက်သွယ်ထားပါပြီ။ အထူးစီးပွားရေးဇုန်အတွက် လိုအပ်တဲ့ လျှပ်စစ်လိုင်းတွေကို အခုလက်ရှိမှာ ဆက်လက်သွယ်တန်းနေပါတယ်။ တစ်ပြိုင်တည်းမှာ သီလဝါ အထူးစီးပွားရေးဇုန်ထဲမှာ ၅၀ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံ (၁) ခုကို တည်ဆောက်နေပါတယ်။ ၂၀၁၆ မေလလောက်မှာ ပြီးစီးပါမယ်။ ၂၃၀ ကီလိုဗို့လိုင်းကိုလည်း စတင်တည်ဆောက်ရန် လျာထားပြီး ၂၀၁၆ ဩဂုတ်လမှာ ပြီးစီးပါမယ်။ သဘာဝ ဓာတ်ငွေ့လိုင်းကိုလည်း သီလဝါအထူးစီးပွားရေးဇုန်အတွက် တည်ဆောက်နေပြီး ၂၀၁၆ နိုဝင်ဘာလောက်မှာ ပြီးစီးဖို့ လျာထားတယ်။

**မေး ။ သီလဝါ အထူးစီးပွားရေးဇုန်က ထွက်လာမယ့် အမှိုက်တွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုများ စီမံဆောင်ရွက်ထားတယ်ဆိုတာလည်း သိလိုပါတယ်။**

ဖြေ ။ စက်ရုံတွေက ထွက်ရှိလာမယ့် အမှိုက်တွေကို စနစ်တကျ စီမံခန့်ခွဲဖို့ ဂျပန်နိုင်ငံ DOWA ကုမ္ပဏီက စတင်လုပ်ဆောင်နေပါပြီ။ Integrated solid waste management system နဲ့ ဆောင်ရွက်မှာပါ။ ပြန်လည်သန့်စင်ခြင်း (Recycling) နဲ့ မြေဖို့နည်းစနစ် (Landfill)ကိုတော့ သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့် တည်ဆောက်ရာမှာ ပြုလုပ်သွားဖို့ လျာထားပါတယ်။

**မေး ။ ဆက်သွယ်ရေး ကွန်ရက်နဲ့ ပတ်သက်ပြီးတော့ ဘယ်လိုစနစ်တွေထားရှိ အသုံးပြုသွားမလဲ။**

ဖြေ ။ သီလဝါ အထူးစီးပွားရေးဇုန်ဟာ နိုင်ငံတကာနဲ့ ဆက်သွယ်ရမယ့် အရေးကြီးတဲ့ နေရာတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။ အခုအချိန်မှာ Fiber Optic Cable တွေကို သီလဝါအထူးစီးပွားရေးဇုန်ထဲမှာ စတင်ပြီး ချပေးနေပါပြီ။ မကြာခင်မှာ ဆက်သွယ်ရေးကွန်ရက်စနစ်တွေ ကောင်းမွန်မှာပါ။

**မေး ။ စီးပွားရေးဇုန်ထဲမှာ တစ်နေရာကနေ တစ်နေရာကို ဝင်ထွက်သွားလာနိုင်ဖို့အတွက် လမ်းနဲ့ တံတားတွေကို တိုးချဲ့တည်ဆောက်တာတို့၊ အဆင့်မြှင့်တင်တာတို့ရော လုပ်ဆောင်ထားတာမျိုး ရှိလား။**

ဖြေ ။ ရန်ကုန် သန်လျင်တံတား အမှတ် (၁) ကနေ သီလဝါ အထူးစီးပွားရေးဇုန်အထိ ဆက်သွယ်ပေးထားတဲ့လမ်းတွေကို တိုးချဲ့အဆင့်မြှင့်တင်သွားဖို့ ရှိပါတယ်။ ဒါကိုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ODA Loan နဲ့ တည်ဆောက်သွားမှာပါ။ သီလဝါအထူးစီးပွားရေးဇုန်ထဲမှာတော့ အဓိကလမ်းမကြီးနဲ့ လမ်းသွယ်တွေ ပါရှိပါမယ်။ ရေမြောင်းစနစ်တွေကိုလည်း စနစ်တကျ ပြုလုပ်ထားပြီး ဒီမြောင်းတွေက စီးဆင်းလာမယ့် ရေတွေကို ရေဆင်းကန်မှတစ်ဆင့် စီးဆင်းနိုင်အောင် စီမံထားပါတယ်။ လမ်းတွေ မြောင်းတွေနဲ့တွဲပြီး Greenery System (စိမ်းလန်းမြေ) ပါ စီစဉ်ထားပါတယ်။

**မေး ။ စက်မှုဇုန်ထဲမှာရှိတဲ့ လူတွေအတွက် နေထိုင်မှုစနစ်ကို ဘယ်လို စီမံထားပါသလဲ။**

ဖြေ ။ သီလဝါအထူးစီးပွားရေးဇုန်ထဲမှာ အလုပ်မလုပ်ခင် လိုအပ်တဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းတွေအတွက် (Vocational Training Center) မှာသင်ခွင့်ပေးမှာပါ။ ဒီအတွက်ကို ဂျပန်နိုင်ငံ Fuji Works ကုမ္ပဏီက လာရောက်လုပ်ကိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ ဆေးရုံ၊ မီးသတ်စခန်း၊ နိုင်ငံတကာကျောင်းတွေ၊ ဟိုတယ်တွေ၊ အိမ်ရာအဆောက်အအုံတွေပါ ပါလာပြီဖြစ်တဲ့အတွက် သီလဝါ အထူးစီးပွားရေးဇုန်ဟာ တစ်ချိန်မှာ One of the Urban Development (ခေတ်မီဆန်းသစ်သော မြို့ပြဖွံ့ဖြိုးမှုတစ်ခု) ဖြစ်လာပါလိမ့်မယ်။

**မေး ။ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုတွေကိုအနည်းဆုံးဖြစ်အောင် ဘယ်လိုကြိုတင်စီမံထားပါသလဲ။**

ဖြေ ။ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းပိုင်းနဲ့ပတ်သက်ပြီး ပြောရရင် ကနဦးမှာ EIA (Environmental Impact Assessment) ပြုလုပ်တယ်။ နောက်ပြီး construction stage တွေမှာလည်း EMP (Environmental Management Plan) ကို လုပ်နေပါတယ်။ စက်ရုံတစ်ရုံချင်းဆိုင်ရာ မတည်ထောင်ခင်ကတည်းက သဘာဝပတ်ဝန်းကျင်အတွက် ထိခိုက်မှုကို နည်းအောင် ပြင်ဆင်ချက်လို့ခေါ်တဲ့ ECPP (Environmental Conservation and Prevention PLan) ကို စတင်ခိုင်းပါတယ်။ သတ်မှတ်ချက်တွေအရ IEE (Initial Environment Examination) လို့ခေါ်တဲ့ ကနဦးသဘာဝပတ်ဝန်းကျင် စစ်ဆေးရေးလိုသလား၊ EIA လိုသလား အစရှိသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တွေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာနမှ ပညာရှင်တို့ရဲ့ ညွှန်ကြားချက်အတိုင်း ပြုလုပ်ပေးရပါမယ်။ သူတို့ရဲ့ ညွှန်ကြားချက်တွေကလည်း နိုင်ငံတကာ လုပ်ထုံးလုပ်နည်းတွေအတိုင်းဖြစ်ပါတယ်။ ကျွန်မ ရှင်းပြခဲ့တဲ့ ရေဆိုးသန့်စင်စက်ရုံတွေ၊ စနစ်တကျ အမှိုက်စွန့်ပစ်တဲ့ စနစ်တွေကလည်း ပတ်ဝန်းကျင်ထိခိုက်မှုကို အနည်းဆုံးဖြစ်စေပါတယ်။ ပထမဦးဆုံး Investment Permit မပေးခင်ကတည်းက ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေနိုင်တဲ့ လုပ်ငန်းမျိုးတွေကိုတော့ သီလဝါ အထူးစီးပွားရေးဇုန်ထဲမှာ လုပ်ကိုင်ခွင့်မပြုထားပါဘူး။

**မေး ။ အခုလို ဆရာမ ရှင်းပြပေးတဲ့အတွက် သီလဝါ အထူးစီးပွားရေးဇုန်မှာ ဘယ်လို အခြေခံအဆောက်အအုံတွေ ပါဝင်ပြီး ဘယ်လောက်ထိ တည်ဆောက်ပြီးစီး နေပြီဆိုတာ သိရပြီပေါ့။ တခြားဖြည့်စွက် ပြောကြားဖို့ ရှိပါသေးသလား။**

ဖြေ ။ သီလဝါ အထူးစီးပွားရေးဇုန်မှာ ရင်းနှီးမြှုပ်နှံသူတွေ friendly ဖြစ်ဖို့၊ သက်သောင့်သက်သာနဲ့ အဆင်ပြေပြေဖြစ်ဖို့ အထူးကြိုးစားနေပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ လုပ်ရကိုင်ရတာ လွယ်ကူဖို့ အထူးစီးပွားရေးဇုန် ဥပဒေကို ပြဋ္ဌာန်းထားပါတယ်။ ကျွန်မတို့ဆီမှာ ရင်းနှီးမြှုပ်နှံခွင့် လျှောက်တာ၊ ဆောက်လုပ်ခွင့်တွေ လျှောက်တာ၊ မီးဘေးလုံခြုံမှု ခွင့်ပြုချက်တွေလျှောက်တာ၊ ပတ်ဝန်းကျင်ဆိုင်ရာ မထိခိုက်စေရေးအတွက် ပြင်ဆင်ထားရှိချက်တွေကို လျှောက်တဲ့အခါမှာ one stop service center က ဝန်ဆောင်မှုတွေကို Standard Operational Procedure အရတစ်နေရာတည်းမှာပဲ အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေကြတယ်။ သက်သောင့်သက်သာ ဖြစ်ဖို့ကတော့ ကိုယ်ကပေးတဲ့ Infra Service တွေကို ယုံကြည်မှုရှိဖို့ လိုတာပေါ့။ ဒါကို သက်ဆိုင်ရာဌာနတွေ အားလုံးက ဝိုင်းပြီး ကြိုးစားပေးတဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

(ကျေးဇူးတင်ပါတယ်။)

သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (က) ၃၉၆ ဟက်တာအား ပထမအဆင့် (၂၁၁) ဟက်တာ၊ ဒုတိယအဆင့် ဟက်တာ ၁၅၀ နှင့် လူနေရပ်ကွက်နှင့် စီးပွားရေး နယ်မြေအဖြစ် ၃၅ ဟက်တာကို ခွဲဝေအသုံးပြုသွားမည်ဖြစ်သည်။ သီလဝါ အထူးစီးပွားရေးဇုန် ပထမအဆင့်အတွင်း စက်ရုံအလုပ်ရုံများသာမက ရဲစခန်း၊ မီးသတ်စခန်းများအပြင် နိုင်ငံတကာအဆင့်မီ စာသင်ကျောင်း၊ ဆေးရုံ၊ ဈေးဝယ်စင်တာ၊ ကွန်ဒိုမီနီယံနှင့် အဆင့်မြင့်လူနေအိမ်များပါ ပါဝင်မည်ဖြစ်ကြောင်းသိရသည်။



သီလဝါအထူးစီးပွားရေးဇုန်ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုကိုတွေ့ရစဉ်။

# မုဒုံကဆုန်ညောင်ရေသွန်းပွဲ စည်ကားစွာကျင်းပမည်

**မုဒုံ ဧပြီ ၂၅**

မွန်ပြည်နယ် မုဒုံမြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကန်တော်ကြီးစေတီဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ၁၃၇၇ ခုနှစ် ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းလောင်းပွဲတော်ကို မေ ၂ ရက် မွန်းလွဲပိုင်းတွင် ကန်တော်ကြီး စေတီဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်သည်။

ကဆုန်လပြည့် (ဗုဒ္ဓနေ့) ညနေ ၅ နာရီတွင် မုဒုံမြို့ပေါ်ရှိ ရပ်ကွက်ကြီး (၄) ရပ်ကွက်မှ ဘာသာရေးဝတ်အသင်းအဖွဲ့ ၁၅ ဖွဲ့၊ မွန်တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့၊ ကရင်တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့နှင့် မြို့ခံမြို့သူမြို့သားများက ကဆုန်ညောင်ရေအိုးကိုယ်စီဖြင့် မုဒုံမြို့တစ်ပတ်လှည့်လည်အပူဇော်ခံကာ ကန်တော်ကြီးစေတီသို့ သွားရောက်ကြမည်ဖြစ်သည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့၏ “ကဆုန်လပြည့် ဗုဒ္ဓနေ့အကြောင်း သိကောင်းစရာ” ဟောပြောမှုကို နာယူကြပြီး စေတီတော်ပရိဝုဏ်ရှိ ဗောဓိညောင်ပင် ငါးပင်တို့၌ စည်ကားသိုက်မြိုက်စွာ စုပေါင်းညောင်ရေသွန်းလောင်းကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်(မုဒုံ)**

# ကျောက်မဲမြို့တွင် နွေရာသီ ရှမ်းစာပေ သင်တန်းဖွင့်လှစ်

**ကျောက်မဲ ဧပြီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့တွင် ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှင့် ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့တို့က ဦးစီးကျင်းပသော နွေရာသီရှမ်းစာပေသင်တန်းဖွင့်ပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဧပြီ ၂၃ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ရှမ်းစာပေသင်တန်းဖွင့်လှစ်ရခြင်းမှာ စာပေနှင့်ယဉ်ကျေးမှုများ၊ ဓလေ့ ထုံးစံ၊ ဘာသာစကားများ တဖြည်းဖြည်းတိမ်ကောပျောက်ပျက်မသွားစေရေး၊ ရှမ်းပြည်နယ်အတွင်း နေထိုင်သူမည်သူမဆို ရှမ်းစာပေကို သင်ယူတတ်မြောက်နိုင်ရန်၊ တိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်၊ အနာဂတ်စာပေယဉ်ကျေးမှုအစွန့်ရှည်စေရေး လက်ဆင့်ကမ်းသယ်ယူနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာမည်ဖြစ်ကာ ကျောက်မဲမြို့ပေါ်၌သာမက ကျေးရွာများတွင်ပါ ဖွင့်လှစ်ပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲတွင် ကျောက်မဲမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဆောင်ဆီက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က တိုင်းရင်းသားစာပေသင်ကြားရေးကိစ္စဆွေးနွေးပြောကြားခဲ့ကြောင်းနှင့် မြို့နယ်ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဘကအဖွဲ့၏ ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**သိန်းသန်း(iprd)**

# ကဆုန်လပြည့်ဗုဒ္ဓနေ့

— — ဒေါက်တာမောင်ဖြေ — —

**“ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်တည့်၊ ဆန်ခုန်အောက်ထက်၊ ကျော်ဝှန်တက်၍ ဘဝဂ်ရပ်သူ၊ သယမ္ဘူဟုခြောက်ဆူဘုံထွက်၊ အနတ်နတ်တို့၊ ဦးညွှတ်ကျိုးနွံ၊ ဆုံးမခံလျက်**---ပါရမီတော်ခန်းပျို့လာ လူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့ ကိုးကွယ်အားထားရာဖြစ်သော မြတ်ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ကဆုန်လပြည့်နေ့သို့ရောက်တိုင်း မဟာဗောဓိပင်ကို ရေသွန်းလောင်းကြခြင်းဖြင့် ပွဲတော်ပေါ်ပေါက်လာခဲ့ရသည်။ မြတ်ဘုရားရှင် သဗ္ဗညုတဉာဏ်တော်ရရာ ဗောဓိပင်ကိုရည်စူး၍ ပူဇော်ခြင်းကို ဖော်ညွှန်းခြင်းဖြစ်ပေသည်။ ဗောဓိပင်ရှိရာဌာနကိုလည်း ဗောဓိမဏ္ဍလ ဗောဓိမဏ္ဍိုင်ဟုခေါ်ဆိုရသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ မဟာဗောဓိပင်ကိုရေသွန်းသောယဉ်ကျေးမှုဓလေ့သည် ဗုဒ္ဓသာသနာ စတင်ဖြစ်ပေါ်ရာ အိန္ဒိယနိုင်ငံ၏ ဓလေ့ထုံးစံမှဆင်းသက်လာသည့် ယဉ်ကျေးမှု မဟုတ်ပါ။ အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့၌ ကဆုန်လတွင်ညောင်ရေသွန်းသည့်ဓလေ့သည် ရှေးကလည်း မရှိခဲ့ပါ။ ယခုလည်းမရှိပါ။ ညောင်ရေသွန်းလောင်းကြရာတွင် မြတ်ဘုရားရှင်ပွင့်တော်မူခဲ့ရာ မဟာဗောဓိပင်၏ ပင်ပွားများကိုသာသွန်းလောင်းကြခြင်းဖြစ်သည်။

ကဆုန်လသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်များ ဝေစပြုသောလဖြစ်သည်။ တောတောင်တို့သည် တစ်ဖန်ပြန်လည်စိမ်းလန်းလာတော့မည်။ မိုးကောင်းကင်ထက်တွင် တစ်ခါတစ်ခါမင်းလွင်မြူခိုးများ ရစ်သိုင်းအုံ့ဆိုင်းလာတတ်ပြီးမိုးမရွာသော်လည်း မိုးခြိမ်းသံများကြားရတတ်သည်။ မိုးအဖွဲဖွဲတို့၏ တပ်လှန့်ချက်ကြောင့်မြေသင်းရနံ့များလည်းမွှေးပျံ့နေပေတော့သည်။ ဤအခြင်းအရာတို့ကို အကြောင်းပြုလျက် ရှေးသူဟောင်းများက “ကဆုန်အတွင်း၊ မြေသင်းပျံ့ပျံ့၊ မိုးနံ့နံ့နံ့” ဟု မှတ်တမ်းပြုထားခဲ့ကြသည်။

ကဆုန်လ၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ပုဂံကျောက်စာများ၌အဓိပ္ပာယ်ပြည့်စုံစွာ ရေးထိုးမှတ်တမ်းတင်ခဲ့သည်။ ဝေါဟာရ လီနတ္ထဒီပနီကျမ်းတွင် ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်၊ ရေစစ်သောလဟုလည်းကောင်း ၊ မြန်မာလအမည်များစာအုပ်တွင် ရေလောင်းလ၊ ရေသွန်းလောင်းသောလ၊ ရေဖျန်းလဟုလည်းကောင်း အသီးသီးကောက်ယူဖွင့်ဆိုကြသည်။

မြန်မာဗုဒ္ဓဘာသာဝင်တို့၏ မဟာဗောဓိပင်ကို ရေသွန်းသောယဉ်ကျေးမှုဓလေ့သည်မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော်ရောက်စ အလွန်ရှေးကျသောခေတ်ကပင်ရောက်လာခဲ့လိမ့်မည်ဟုခန့်မှန်းရသည်။

သက္ကရာဇ် ၅၆၃ ခုနှစ် စွဲသင်ကြီး ညောင်အုပ်ကျောက်စာ(ကျော-၂၊ ၃) တွင် “က(ဝိ) ပသ်ကူလေပြီဇအ်၊ ညောင်မီဖုန် --- ” နှင့် သက္ကရာဇ် ၆၅၃ ခုနှစ် စောလှဝန်း ဘုရားကျောက်စာ (ကျော-၂၂၊ ၂၃)တွင် “မီးဖုန်းသကြ်န်ဝါရိယ်၊ ညောင်ရိပ်သွန်း၊ မပြတ်စေလျှင်တည်၏” စသည့်ကျောက်စာအရသိရှိရသည်။ ပင်းယခေတ်တွင်ပေါ်လာသော ပြည်မင်းမျက်နှာရှည်ကာချင်းတွင် “စကားဝတ်စုံမြေ၊ သွန်းညောင်ရေထုံး လေတန့်စကူး၊ နွေလဆန်း၊ ဆန်းလဦး၊ ဝတ်ဆံရွှေသား၊ စံကားပွင့်လှဦး” ဟူ၍ ရေးထိုးထားသည်။ ထို့ကြောင့် ပုဂံခေတ်၊ ပင်းယခေတ်ကပင် ညောင်ရေသွန်းလောင်းခြင်းရှိခဲ့သည်။

ကဆုန်လဟူသည် ကုဆန်မှ ကဆုန်ဖြစ်လာရသည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ထိုရာသီကိုစွဲပြီး မြန်မာသူဟောင်းတို့မှ ကဆုန်လခေါ်ဝေါ်ကြသည်။ မြန်မာဘာသာမှ ပညာရှိတို့ ကြံစည်သည်မှာ “ ကံဥဒကံဆိန္ဒတီတိကဆိန် ” ဟုဝစနတ္ထရသည်။ ယောမာ=သော၊ အကြင်လသည်။ ကံဥဒကံ၊ ရေကို၊ ဆိန္ဒတိ၊ ဖြတ်တတ်၏။ က္ကတိတသ္မာ၊ ထို့ကြောင့် သောမာသော၊ ထိုလသည် ကဆိန်၊ ကဆုန်မည်၏။

အဓိပ္ပာယ်မှာ ကန်၊ ချောင်း၊ ဆည်၊ မြောင်း၊ အင်း၊ အိုင်တို့၌ ရေပြတ်ရေစစ်သောလကို ဆိုလိုသည်။ ဗေဒင်ကျမ်းတွင် အာဒိမဇ္ဈ၊ အဝသာန်ခေါ်ဝေါ်ရာ၌ မဇ္ဈိမကို မဇ္ဈူခေါ်သကဲ့သို့ လည်းကောင်း၊ မုဒ္ဒ၊ မဇ္ဈမြန်မာပြန်သကဲ့သို့ လည်းကောင်း၊ကဆိနကဆုန်ဟုဆို၏။ ကျမ်းပြုဆရာ ဆိုလိုရင်းမှာ ကဆိနဟူသော ပါဠိမှကဆုန်ဖြစ်လာသည်။ ကသည်ရေဟော၊ ဆုန် (ဆိ) ဖြစ်သည့် အဓိပ္ပာယ်ရှိ၍ ရေပြတ်သောလဖြစ်သည်ဟုဆို၏။

**ကဆုန်လပြည့်နေ့သည် နေ့ထူးနေ့မြတ်ဖြစ်သည်-**

ဘုရားအလောင်း သုမေဓာရှင်ရသေ့သည် ဒီပင်္ကရာမြတ်စွာဘုရားရှေ့အရောက် ဝမ်းလျားမှောက်ကာ မြတ်စွာဘုရားရှင်ထံမှ နိယတဗျာဒိတ်ကိုခံယူရရှိတော်မူခဲ့၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့် (သောကြာနေ့)ဝယ် ချမ်းမြေ့စုံညီ၊ လုမ္ဗိနီ၌ မဟိလိုက်ဆူဖွားမြင်တော်မူ၏။ သစ္စာလေးပါး မြတ်တရားကို ရရှိတော်မူရာဖြစ်သည့် မဟာဗောဓိပင် ပေါက်သောနေ့ဖြစ်၏။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ ဗုဒ္ဓဟူးနေ့တွင် သစ္စာလေးပါး မြတ်တရားကို ပိုင်ပိုင်ထင်ထင်သိမြင်တော်မူ၍ ဘုရားအဖြစ်သို့ရောက်ရှိတော်မူခဲ့၏။ မြတ်စွာဘုရားသည် ဝါတော်လေးဆယ့်ငါး၊ သက်တော်ရှစ်ဆယ်၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ကုသိနာြုံပြည်၊ မလ္လမင်းတို့၏ ဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။

ဤသို့ ဗုဒ္ဓဝင်တွင်ပါရှိသော နေ့ထူးနေ့မြတ်ကို ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နောက်ပိုင်းတွင် (ဗုဒ္ဓနေ့) ဘုရားနေ့ဟု သတ်မှတ်ခဲ့ကြသည်။

ဗောဓိပင်နှင့်ပတ်သက်၍ စိုက်ပျိုးခဲ့ကြသူများရှိသည်။ သီရိဓမ္မာသောကမင်းကြီး၊ ရှင်အရဟံ၊ နရပတိစည်သူမင်းမှစ၍ မင်းတုန်းမင်းတိုင်အောင် ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခဲ့ကြသူများအဖြစ် အထင်အရှားရှိသည်။ ရသေ့ကြီးဦးခန္တီသည်လည်း စိုက်ပျိုးပူဇော်ခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် အင်ဒီရာဂန္ဒီသည်လည်းစိုက်ပျိုးပူဇော်ထားခဲ့ကြသည်။ ကမ္ဘာအေးသီရိလင်္ကာ ဗောဓိပင်၊ မဟာဝိဇယစေတီနှင့် ရွှေတိဂုံကုန်းတော်ရှိ လွတ်လပ်ရေးဗောဓိပင်တို့မှာလည်း ထင်ရှားကြသည့် ဗောဓိပင်များသာ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခတတ်ကန်ရွာရှိ ဗောဓိတစ်ထောင်ဆရာတော်ဘုရားကြီး ဦးနာရဒသည် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များဖြင့် ကျောင်းပရိဝုဏ်များတွင် ဗောဓိပင်များကို စိုက်ပျိုးလာသည်မှာ မျက်မှောက်ခေတ်တွင် ဗောဓိတစ်သောင်းကျော်နေပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပဉ္စမသံဂါယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၂ ခု နတ်တော်လပြည့်ကျော် ၆ ရက်က မန္တလေးရတနာပုံမြို့တော်၏ တောင်မျက်နှာရှိ ယခုဗောဓိကုန်းအရပ်တွင် သီဟိုဠ်ရဟန်းတော်တို့ စေလွှတ်ပို့သလိုက်သော ဗောဓိပင်နှစ်ပင်တို့ကို မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးကိုးကွယ်ထားသည်။ ၁၂၂၇ ခုနှစ် ကဆုန်လတွင် မဇ္ဈိမဒေသမှ ယူဆောင်ဆက်သသည့် ဗောဓိပင်တော်ကို မန္တလေးနေပြည်တော်ရှိ ကျောက်တော်ကြီးဘုရား၊ မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်အရပ်တွင် အခမ်းအနားဖြင့် ပွဲသဘင်ကျင်းပလျက် ဘဝရှင်မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့သည်။ မဟာရံတံတိုင်းပြင်တပ်အတွင်းအနောက်မြောက်ထောင့်၊ အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်အရပ်များတွင်လည်း ဗောဓိပင်များကို စိုက်ပျိုးတော်မူခဲ့သည်။

## ကဆုန်လပြည့်နေ့ ဗုဒ္ဓနေ့အဖြစ် အထိမ်းအမှတ် ကျင်းပကြသည်မှာ မြန်မာနိုင်ငံ၌သာမက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့၌လည်း ယင်းတို့၏ ရိုးရာများနှင့်ညီစွာ စည်ကားစွာကျင်းပလေ့ရှိ . . .

ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းခေတ်တွင်လည်း ဗောဓိပင်စိုက်ပျိုးခြင်းများ ရှိခဲ့သည်။ ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ ရင်ပြင်တော်အနောက်မြောက်ရှိ ရာဟုထောင့်၌ အိန္ဒိယပြည် မဟာဗောဓိပင်မှ အကိုင်းကိုယူဆောင်၍ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဗောဓိပင်တစ်ပင်စိုက်ပျိုးခဲ့သည်။ ယင်းဗောဓိပင်၏ လက်ယာဘက်တွင် ဘဏ္ဍာထိန်းအဖွဲ့က ၁၉၀၅ ခုနှစ်ခန့်က စိုက်ပျိုးခဲ့သည့်ဗောဓိပင်ရှိသည်။ ထိုညောင်ပင်ကို မယ်ဒက်ဆရာတော်ဗောဓိညောင်ပင်ဟု ခေါ်သည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အနေဖြင့် သဗ္ဗညုမြတ်ဘုရားရှင်နှင့်ပတ်သက်၍ ဗုဒ္ဓဝင်သမိုင်းမှတ်တိုင်စိုက်ထူခဲ့သောနေ့ထူးနေ့မြတ် ထူးခြားချက်များ ပြည့်စုံသော ကဆုန်လပြည့် ဗုဒ္ဓနေ့(ဘုရားနေ့)သို့ ကျရောက်သည့်အခါ၌ ပရိဘောဂစေတီထိုက်သော ဗောဓိပင်ကို ရေအမွှေး၊ နံ့သာရည်စသည်တို့ သွန်းလောင်းပူဇော်ခြင်းသည် ဗုဒ္ဓါအဘိသေကမင်္ဂလာသဘင်များဆင်ယင်ကျင်းပကြခြင်းပင် ဖြစ်ပေသည်။

ဗောဓိပင်အား ပူဇော်သူများသည် အသနဗောဓိယမထေရ်လောင်းသည် တိဿဘုရားရှင်၏ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ရသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်သားဖြစ်ရသည်။ စကြာမင်းဖြစ်ရသည်။ အပါယ်ဘေးမှ လွတ်ကင်းရသည်စသည့်အကျိုးကျေးဇူးများကို ရရှိသည်။ ဂန္ဓောဒကတိသာမထေရ်လောင်းသည် ပဒုမုတ္တရဘုရားရှင်၏ ဗောဓိပင်ကို နံ့သာရည်ဖြင့် သွန်းလောင်းသော ကုသိုလ်ကြောင့် နတ်ပြည်၌ နတ်ဖြစ်ရခြင်း၊ အနာရောဂါကင်းရှင်းခြင်း၊ သောကကင်းဝေးခြင်းစသည့်အကျိုးကျေးဇူးများကို အသီးသီးခံစားကြရသည်။

ကဆုန်လ၏ နွေပန်းချီနှင့်စပ်လျဉ်း၍ ဝိသာခါနက္ခတ်နှင့် လမင်းယှဉ်ပြိုင်ပေါ်ထွက်လာသည်။ ရာသီပန်းအနေဖြင့် စကားဝါပန်းဖြစ်ပြီး နွေပီပီအပူရှိန်ပြင်းလှသည်ကို “မြူခြေငယ်စွန်းပါလို့၊ နေဝန်းငယ်စက်ရှိန်း၊ တောက်လောင်ငယ်ထိန်သည်၊ ဖလ်သူရိန်တေဇာကြောင့် ပုဗ္ဗာပါကဲ့တဲ့လကိုလေး၊ ရာသီငယ်ပြိဿမဟေသီလဲ ရွှေညီခလို့---။ ပန်းမြစံကားဝါ၊ ဝိသာခါနှင့်တာရာခြံရံ၊ စန်းငွေယုန်ဖန်သည့်နှယ်---၊ ဆဒ္ဒန်ပိုင့်ဘွေဘုံမှာ လကဆုန်ညောင်ရေသွန်းပွဲပေမို့၊ သဲလှတယ်လေး” ဟူ၍ မဟာအတုလမင်းကြီးက ကဆုန်လကို လွမ်းခြင်းဖြင့် ပုံရိပ်ဖော်ခဲ့သည်။

စာဆိုလူဦးမင်းက ကဆုန်လဖွဲ့လေးချိုး၌လည်း ရပ်ရှစ်ခွင်တွင်မိုးတိမ်၊ မိုးသားများ လျှပ်ပန်းလျှပ်နွယ်များဆင့်ကာ ပုညရှင်စေတီ၊ ရှင်ပင်နံကိုင်းစေတီ၊ ရွှေကြက်ကျ၊ ရွှေကြက်ယက်စေတီညီနောင်တစ်ဝိုက်တို့၌ မိုးရွာသွန်းပုံကို “သွတ်သွင်းလေပြည်၊ ခွေလက်ယာလည်သော့ခါ၊ ပန်းရည်ပျော့မှိန်ပြာမှာ၊ တိမ်မိလ္လာကြွလှိုင်းငယ်နှင့် ရှစ်တိုင်းဆင်ပုံခန့်ပါဘိ၊ သောင်းမြန့်တစ်ခို” ဟူ၍ တစ်ဖုံ၊ “ဇီလာပုည၊ နံကိုင်းစသည်၊ သီတာလက်ရန်း၊ ကြက်နှစ်နန်းက၊ ကွက်ဆန်းလျှပ်ငုံ၊ တသုန်သုန်နှင့်ကုန်ကုန်နွဲ့သီ၊ ကဆုန်ပီကို၊ ရှဉ်နတ်ကယ်၊ ငြိမ့်တန်းခြယ်လို့၊ လှယ်တည္စန့်ည္စန့်၊ သည်းသို့သာ သွန်တော့တယ်”ဟူ ၍ တစ်နည်းအသီးသီးစာပန်းချီ ရေးခြယ်ခဲ့ကြသည်။

ရှေးအခါက ဘုရင်နှင့် ပြည်သူများသည်ညောင်ရေသွန်းပွဲတော်ကို ရာသီပွဲတော်အဖြစ်ဆင်ယင်ကျင်းပလေ့ရှိကြ၏။ ဤသည်ကို အကြောင်းပြု၍ စာဆိုတော်ဦးပြုံးချိုက လေးဆစ်သဖြန်ဖြင့်

“နေနန်းရယ်တဲ့ဖလ်သူရိန်၊ တန်ခိုး ဥဏှဂူနဲ့၊ ကဆုန်ဟူသည်မာသမှာ၊ ပြင်းပြပူရှိန်၊ ဝိသာခါ ယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ ငွေတာရိန်ငယ်၊ ဒွတ္တံသနေ့စွဲ၊ ပန်းစံကားဝါ၊ နန်းဘမရာ ကေသီဆင်လို့ရွှေပြည်ခွင်ဗိုလ်ပါပေါင်းရယ်တို့၊ ငြိမ့်ညောင်းအောင် ထာဝစဉ်ဖြင့် ခါသဘင် ညောင်ရေသွန်းကြတယ်၊ လွမ်းစရာပွဲ” မှတ်တမ်းတင်ကာလွမ်းခဲ့သည်။

ကုန်းဘောင်ခေတ်ဆင်ဖြူရှင်မင်းတရားလက်တွင် မဲဇာသို့ အပို့ခံရသောလက်ဝဲသုန္ဒရဘွဲ့ခံအမတ်ကြီးဦးမြတ်စံသည် ကဆုန်လပြည့်နေ့က မဲဇာရပ်သူ လှပျိုဖြူသူတို့ သွန်းလောင်းနေကြသော ညောင်ရေသွန်းပွဲသဘင်ကို တွေ့မြင်လိုက်ရသည့်အခါ ရတနာပူရရွှေမြို့တော်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ခမ်းနားကြီးကျယ်လှသည့်ညောင်ရေသွန်းပွဲတော်ကြီးကို သတိရမြင်ယောင်လာပြီး “ပွဲခါညောင်ရေ၊ သွန်းမြဲပေတည့်၊ ရှိသေသဒ္ဓါ၊ ထုံးစဉ်လာဖြင့်၊ မဲဇာရပ်သူ၊ တောင်းဆုယူသည်” စသည်ဖြင့် အလွမ်းဘွဲ့ ပိုဒ်စုံရတုကို သီကျူးထားသည်။ ရတုဘုရင်နတ်ရှင်နောင်သည်လည်း စစ်ချီရတုပိုဒ်စုံ၌---၊ ပေါ်နွေလလျှင်၊ တောင်ကခြိမ့်ခြိုး၊ မင်းလွင်ဦးနှင့်---၊ ပျံ့ဖြူးချုပ်ဆိုင်း၊ မုန်တိုင်းဆင်လို---၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ် ပြကာ စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက၊ ရေသွန်းသာကြည်၊ ပျော်ရမည်ကို --- ဟူ၍ နေပြည်တော်၌ ကျန်ရစ်ခဲ့သော ချစ်သူကို တမ်းတကာစပ်ဆိုခဲ့သည်။

“လောကထွတ်ထားဘုရားသခင်၊ ရွှေပလ္လင်ထက်ရွှေပင်ရောင်တောက်၊ ညောင်တော်အောက်၌၊ ပေါက်သည်ကိုမူ အကြောင်းယူ၍ မဥူလှရာ ပန်းတကာကို---၊ မြူတာတကောင်း မသင်းတောင်းဝယ်၊ သွန်းလောင်းရေပြည့်ဖြိုးမျှထည့်လျက်၊ ပတ်လှည့် ညာကြွေ၊ ရှင်တော်မွေကို ---၊ ရှိသေသဘင်ပွဲကြီးယင်၍၊ ကြည်လင်သဒ္ဓါ ---၊ ငြိမ့်ကြောင်းရှာသည်---၊ အခါညောင်ရေသွန်းတည့်လေး--- ဟူ၍ လူးတားစာဆိုရှင် ဦးအောင်ကြည်ကညောင်ရေသဘင်ပျော်ရွှင်ကြည်နူးဆင်နွဲလာကြသည်ကို ညွှန်းဆိုခဲ့သည်။ ထိုနေ့ထူးနေ့မြတ်ကို ဗုဒ္ဓဘာသာဝင်အပေါင်းတို့က “ကဆုန်လပြည့်နေ့ဗုဒ္ဓနေ့” အဖြစ် အထိမ်းအမှတ် ကျင်းပကြသည်မှာ မြန်မာနိုင်ငံ၌သာမက ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့၌လည်း ယင်းတို့၏ ရိုးရာများနှင့်ညီစွာ စည်ကားစွာ ကျင်းပလေ့ရှိကြောင်း သိရသည်။

# AFF Women's Championship 2015 ပြိုင်ပွဲယှဉ်ပြိုင်ကြရန် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်း ထွက်ခွာ

**ရန်ကုန် မေ ၂၅**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် AFF Women's Championship 2015 ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြရန်အတွက် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းမှာ မေ ၂၄ ရက် နံနက် ၁၀ နာရီကလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဝင် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းမှ အဖွဲ့ခေါင်းဆောင်ဒေါ်မြတ်မြတ်ဦး ဦးဆောင်ကာ အသင်းအုပ်ချုပ်သူနည်းပြများပါဝင်သည့် အဖွဲ့ဝင်ရှစ်ဦးနှင့် ကစားသမား ၂၃ ဦး စုစုပေါင်း ၃၁ ဦးတို့လိုက်ပါသွားခဲ့ပြီး မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအနေနှင့်ပြိုင်ပွဲဝင်ရောက်မယှဉ်ပြိုင်မီ မေ ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုင်းအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အကြိုခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဆက်လက်၍ မေ ၁ ရက်မှ ၁၀ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ကျင်းပမည့် AFF Women's Championship 2015 ပြိုင်ပွဲကို မေ ၂ ရက်၊ ၄ ရက်၊ ၆ ရက်တို့တွင် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကာ အုပ်စု ပတ်လည်အဓိကပြိုင်ဘက်အသင်းများအဖြစ် ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်၊ ဩစတြေးလျစသည့်အသင်းများနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီးနောက်ဆုံးဗိုလ်လုပွဲစဉ်အထိ တက်လှမ်းနိုင်ရန်အတွက် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။



**တင်လှမောင်**

# မြန်မာနိုင်ငံသည် အဂတိလိုက်စားမှုကာကွယ်တားဆီးရေးအတွက် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာတွင် တက်ကြွစွာဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၅

**ဗီယက်နမ်နိုင်ငံအစိုးရ စုံစမ်း စစ်ဆေးရေးအဖွဲ့၏ စုံစမ်းစစ်ဆေးရေးမှူးချုပ် မစ္စတာဟွေဖောင်ထျန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမသို့ ဧပြီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ပြည်ထောင်စုရှေ့နေချုပ်၏ကိုယ်စား ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးအား လာရောက်တွေ့ဆုံဆွေးနွေးသည်။**

ဒုတိယရှေ့နေချုပ်မှ ဆွေးနွေး ပြောကြားရာတွင် ယနေ့အချိန်တွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍများ အသီးသီးတွင် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ဥပဒေများကိုလည်း ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ အစိုးရသစ်သက်တမ်း လေးနှစ်အတွင်း ဥပဒေ ၁၅၉ ခုကို ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပေးနိုင်ခဲ့ကြောင်း၊ အလားတူ နည်းဥပဒေ ၄၀ ခန့်ကိုလည်း ထုတ်ပြန်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး အနေဖြင့် သန့်ရှင်းသောအစိုးရဖြစ်ရေးအတွက် နိုင်ငံနှင့်ပြည်သူ၏ ပုံရိပ်ကို ညစ်နွမ်းစေသော အဂတိလိုက်စားမှုကို ရှောင်ရှားရန် အစိုးရသစ် စတင်တာဝန်ယူစဉ်ကပင် ပြည်ထောင်စုလွှတ်တော်တွင် မိန့်ခွန်းပြောကြားခဲ့ကြောင်း။

မြန်မာနိုင်ငံတွင် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် အထူးဥပဒေများတွင် အဂတိလိုက်စားမှု ကာကွယ်ရေးနှင့် အရေးယူ အပြစ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြဋ္ဌာန်းထားကြောင်း၊ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို သီးခြားပြဋ္ဌာန်းခဲ့ကြောင်း၊ တည်ဆဲဥပဒေ ၂၅ ခုခန့်တွင် အဂတိလိုက်စားမှုတားမြစ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UNCAC) ကို ၂၀-၁၂-၂၀၁၁ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီး စာချုပ်ဝင်နိုင်ငံဖြစ်လာကြောင်း၊ ထိုသဘောတူစာချုပ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် အာဏာတည်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကိုရုပ်သိမ်းခဲ့ကြောင်း၊ ၈-၁-၂၀၁၃ ရက်တွင် ဒုတိယသမ္မတဦးဆောင်သည့် အဖွဲ့ဝင်ကိုးဦးဖြင့် အဂတိလိုက်စားမှု အရေးယူဆောင်ရွက်ရေး ကော်မတီကို စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ဥပဒေပြဋ္ဌာန်းပြီးနောက် ၂၅-၂-၂၀၁၄ ရက်တွင် အဂတိလိုက်စားမှု ပပျောက်ရေးကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊

အလားတူ ပြည်သူ့လွှတ်တော်တွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ရေးကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီများကိုဖွဲ့စည်းပြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုပပျောက်ရေး ကော်မရှင်မှ တောင်းခံသည့် ဥပဒေအကြံဉာဏ်များအား မိမိတို့ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း၊

မိမိတို့နိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ တာဝန်ရှိသူများ၏ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း (IAACA) တွင်လည်းကောင်း၊ အရှေ့တောင်အာရှ အဂတိလိုက်စားမှုဆန့်ကျင်ရေးအဖွဲ့ (SEA-PAC) တွင်လည်းကောင်း အဖွဲ့ဝင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ (FIU) သည် ထိုင်း၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ကိုရီးယားတို့နှင့်MoU ရေးထိုးထားပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းArticle 63 အရ ပြန်လည်သုံးသပ်ခြင်း အစီအစဉ်အရ (Implementation Review Mechanism) တွင် ဝင်ရောက်ရန် အချိန်ကျရောက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံကို သုံးသပ်ရမည်ဖြစ်ပြီး၊ ထိုင်းနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံတို့မှ မြန်မာနိုင်ငံကို သုံးသပ်မည်ဖြစ်ကြောင်း၊ ယင်းကိစ္စအတွက် (UNODC) နှင့်ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခဲ့ပြီး စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အဂတိလိုက်စားမှု ကာကွယ်တားဆီးရေးနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ နယ်ပယ်တွင်လည်းကောင်း၊ ဒေသဆိုင်ရာတွင်လည်းကောင်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မစ္စတာ ဟွေဖောင်ထျန်က မိမိတို့ဗီယက်နမ်နိုင်ငံအစိုးရ စုံစမ်းစစ်ဆေးရေး အဖွဲ့အနေဖြင့် လာဘ်ပေးလာဘ်ယူ ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဗဟိုမှအောက်ခြေအဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ စီမံကိန်းများစွာဆောင်ရွက်လျက်ရှိပြီး လာဘ်ပေးလာဘ်ယူကိစ္စများနှင့် စပ်လျဉ်းသည့် တိုင်ကြားမှုများလည်း ရှိပါကြောင်း၊ လာဘ်ပေးလာဘ်ယူနှိမ်နင်းရေးနှင့်စပ်လျဉ်း၍ မိမိတို့အပြင် ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ကြီးကြပ်မှုအောက်တွင် ဦးစီးကော်မတီတစ်ရပ်ဖွဲ့စည်း၍လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့အဖွဲ့အားလက်ခံတွေ့ဆုံဆွေးနွေးပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေယာဉ်နှင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးသရုပ်ပြ



**ရန်ကုန် ဧပြီ ၂၅**

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ပန်းဆိုးတန်း-ဒလ ကူးတို့ခရီးလမ်းတွင် ပြေးဆွဲလျက်ရှိသော ချယ်ရီကူးတို့ရေယာဉ်များပေါ်တွင် ရေယာဉ်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ရေယာဉ်ပေါ်လိုက်ပါစီးနင်းကြသည့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ချယ်ရီကူးတို့ရေယာဉ်ပေါ်၌ ရေယာဉ်ဝန်ထမ်းများက သရုပ်ပြလေ့ကျင့်မှုကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ပန်းဆိုးတန်း-ဒလ ကူးတို့ ချယ်ရီ(၃) ရေယာဉ်ပေါ်တွင် ပြုလုပ်သည်။

သရုပ်ပြလေ့ကျင့်မှုတွင် ရေယာဉ်ဝန်ထမ်းများက အသက်ကယ်အင်္ကျီ စနစ်တကျ ဝတ်ဆင်ခြင်းများ၊ ရေယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် ခရီးသည်များက အသက်ကယ်အင်္ကျီ လက်တွေ့ဝတ်ဆင်ခြင်းကိုလည်းကောင်း၊ ဒလဘက်ကမ်းတွင် ရေယာဉ်မထွက်ခွာမီ ရေယာဉ်ဝန်ထမ်းများက အသက်ကယ်အင်္ကျီများကို စနစ်တကျဝတ်ဆင်ပြီး ရေထဲသို့ သရုပ်ပြခုန်ချလေ့ကျင့်မှုတို့ကိုလည်းကောင်း ပြုလုပ်ခဲ့ကြသည်။

ရေယာဉ်နှင့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေး သရုပ်ပြလေ့ကျင့်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရေကြောင်းဌာနမှူးချုပ် ဦးဝင်းသိန်းက ဖြေကြားရာတွင် "ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များမှာ အသက်ကယ်အင်္ကျီများကတော့ ပါပြီးသားဖြစ်ပါတယ်။ အသက်ကယ်အင်္ကျီများကို ဘယ်လိုဝတ်ဆင်ရတယ်။ ဘယ်လိုအသုံးပြုရတယ်ဆိုတာ ခရီးသည်တော်တော်များများက မသိသေးပါဘူး။ အခုဝန်ထမ်းများအနေနဲ့ လက်တွေ့ဝတ်ဆင် သရုပ်ပြနေခြင်းဖြစ်ပါတယ်။ လေယာဉ်များမှာဆိုရင်လည်း လေယာဉ်တွေပေါ်မှာ ခရီးသည်တွေထိုင်တဲ့ ထိုင်ခုံတွေအောက်မှာ အသက်ကယ်အင်္ကျီတွေ ပါပြီးသားဖြစ်ပါတယ်။ ဒါကို လေယာဉ်မယ်တွေကနေပြီးတော့ လေယာဉ်မထွက်ခွာမီမှာ ခရီးသည်တွေကို သရုပ်ပြဝတ်ဆင်ပြပါတယ်။ အဲ့ဒီလိုပဲ ကျွန်တော်တို့ရေယာဉ်တွေပေါ်မှာလည်း စတင်ပြီးသရုပ်ပြပေးနေခြင်း ဖြစ်ပါတယ်။ နောင်မှာလည်းရေယာဉ်မထွက်ခွာမီ ပြည်တွင်းရေကြောင်းက ရေယာဉ်တွေအားလုံး ဒီလိုပဲသရုပ်ပြဖို့ အစီအစဉ်တွေ ရှိပါတယ်" ဟု ဖြေကြားခဲ့သည်။

အဆိုပါရေယာဉ် ဝန်ထမ်းများ သရုပ်ပြလေ့ကျင့်နေမှုကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးဇော်ဝင်းနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ပဝယ်လိုအားမြင့်တက်မှုကြောင့် မတ်ပဲဈေးနှုန်း အမြင့်ဆုံးရောက်ရှိ

**မန္တလေး ဧပြီ ၂၅**

ဧပြီလဆန်းမှ တရွေ့ရွေ့စတင်တက်လာသည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ကုလားပဲဖြူဈေးနှုန်းတို့မှာ သင်္ကြန်အပြီးကာလတွင် ပြည်ပဝယ်လိုအား မြင့်တက်လာမှုကြောင့် အမြင့်ဆုံးဈေးနှုန်းသို့ ရောက်ရှိလာပြီး ပဲလောကတွင် တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ခဲ့ဖူးသည့် ဈေးနှုန်းများဖြစ်ကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

ယခုနှစ် မတ်ပဲပေါ်ချိန်တွင် အထွက်နှုန်းမှာ သုံးပုံတစ်ပုံခန့် လျော့ကျသွားသည့်အပြင် အိန္ဒိယနိုင်ငံမှ ဝယ်လိုအားမြင့်တက်ခဲ့ခြင်း ကြောင့် ယခုလို ဈေးနှုန်းများ မြင့်တက်လာခြင်းဖြစ်ကြောင်း ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ယခင်ငါးနှစ်ကို တစ်ကြိမ်လောက် သင်္ကြန်အပြီးမှာ မတ်ပဲဈေးတက်တက်ပေမယ့် ဒီလိုသုံးတင်းဝင်တစ်အိတ်ကို တစ်သိန်းကျော်အထိ မြင့်တက်လာတာမျိုး ပဲလောကမှာ တစ်ခါမှမကြုံခဲ့ပါဘူး။ ဒီနှစ်က မတ်ပဲတင်မက ပဲစင်းငုံနဲ့ ကုလားပဲဖြူကြီးတွေကပါ ဈေးကောင်းရလာတယ်။အခုလို ဈေးတက်ရတဲ့ အကြောင်းအရင်းက အထွက်နှုန်းလျော့ပြီး ပြည်ပဝယ်လိုအား မြင့်တက်လာလို့ ဖြစ်တာပါ။ လစာတွေတိုးလို့ ဈေးတက်တာမဟုတ်ပါဘူး။ တခြားပဲ အမျိုးအစားတွေကတော့ ပုံမှန်ဈေးပဲရှိနေပြီး ထောပတ်ပဲနဲ့ ယင်းပဲတွေကတော့ ဈေးတောင် အနည်းငယ်ကျသွားသေးတယ်"ဟု ၎င်းကပြောသည်။

မန္တလေးပဲဈေးကွက်တွင် အိန္ဒိယနိုင်ငံသို့ တိုက်ရိုက်အရောင်းအဝယ်ပြုလုပ်သူကုန်သည်များ မရှိသော်လည်း ရန်ကုန်ရှိကိုယ်စားလှယ်များသို့ တစ်ဆင့်ရောင်းချသော ဝယ်ရောင်းလုပ်ကိုင်သူ ၁၀ ဦးခန့်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ယခုအချိန်ကတော့ ကြိုပွဲ့ငွေရောင်းထားသူတွေ အရှုံးပြသွားသလို ပစ္စည်းမအပ်နိုင်လို့ ငွေကြေးပြဿနာတွေလည်း ဖြစ်သွားနိုင်တယ်။ သတ္တိရှိပြီး လှောင်ထားသူတွေနဲ့ ကြိုပွဲ့ငွေဝယ်ထားသူတွေကတော့ ဒီအချိန်မှာ အလုပ်ဖြစ်သွားပြီပေါ့ဗျာ။ ပဲလောကကိုလှုပ်ခတ်နိုင်တဲ့ ပဲအမျိုးအစားကတော့ မတ်ပဲနဲ့ ပဲစင်းငုံ နှစ်မျိုးပဲရှိပါတယ်"ဟု ၎င်းကပြောသည်။

မန္တလေးမြို့ ပဲဈေးကွက်တွင် မတ်ပဲဈေးကွက်မှာ ယခင်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ကျော်မှ ဧပြီ ၂၄ ရက်တွင် ငွေကျပ် ၁၀၈၀၀၀ ကျော်၊ ပဲစင်းငုံ(အနီ) ဈေးနှုန်းမှာ ယခင်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ကျော်မှ ယခု ငွေကျပ် ၁၀၃၀၀၀ ကျော်၊ ကုလားပဲဖြူကြီးမှာ ယခင်က သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀ ကျော်မှ ယခု ၆၀၀၀၀ ကျော် အထိရှိနေပြီး ယခု သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀ ကျော်အထိ မြင့်တက်လျက်ရှိနေကြောင်းနှင့် မန္တလေးမြို့တွင် ပဲမျိုးစုံရောင်းဝယ်လုပ်ကိုင်နေသည့် ပွဲရုံပေါင်း ၂၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**✻ ရှေ့ဖုံးမှ**

အသက်ရှင်ခွင့်ရရှိခဲ့ကြောင်း၊ ၎င်းတို့ထဲမှ ၉၂ ရာခိုင်နှုန်းမှာ အသက် ငါးနှစ်အောက်ကလေးများဖြစ်ကြောင်း ယူနီဆက်ဖ်မြန်မာက ထုတ်ပြန်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်းကလည်း ငှက်ဖျားရောဂါနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ ငှက်ဖျားအဖြစ်ဆုံးဒေသများတွင် တာရှည်ခံဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ အခမဲ့ရောဂါရှာဖွေကာ ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ၌ ၎င်းတို့အနေဖြင့် ၂၀၁၁ ခုနှစ်တွင် ကျေးရွာ ၃၀၀၊ ၂၀၁၂ ခုနှစ်တွင် ကျေးရွာ ၆၀၀၊ ၂၀၁၃ ခုနှစ်တွင် ကျေးရွာ ၆၀၀ တို့တွင် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်အတွင်း တာရှည်ခံဆေးစိမ်ခြင်ထောင် ၁၆၆၆၅ လုံးကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ခြင်ထောင် ၅၅၂၄၈ လုံးကို ဆေးစိမ်ပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထုတ်ပြန်ခဲ့သည်။

**မွန်းဦးနဒီ**

# စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်၌ သက်ကြီးပူဇော်ကန်တော့ပွဲကျင်းပ

**စစ်ကိုင်း ဧပြီ ၂၅**

စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် လူမှုရေးအသင်းက ဦးဆောင်ကျင်းပသည့် (၂၇) ကြိမ်မြောက် အသက် ၈၀ နှစ်နှင့် အထက် အဘိုးအဘွား ၁၁၁ ဦးအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ရပ်ကွက် သုခမ္မာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပိုးတန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်လူမှုရေးအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး အဘိုးအဘွားများကို ပူဇော်ကန်တော့ကြသည်။ ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အလှူရှင်များက အဘိုးအဘွား ၁၁၁ ဦးတို့အား အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ **မျိုးဝင်း(စစ်ကိုင်း)**

ပြည်သူ့အကျိုးဖော်ဆောင်ဖို့
အခွန်မှန်စွာ ပေးဆောင်စို့

# အစာအဆိပ်သင့်သေဆုံးကြောင်း ရဲကိုတိုင်ကြားမှု စစ်ဆေးရာမှ လူသတ်မှုပေါ်ပေါက်

**နတ်တလင်း ဧပြီ ၂၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တောင်ညိုရဲစခန်းသို့ ဧပြီ ၂၁ ရက်ညတွင် ခင်စန္ဒာဝင်း(ခ) မာမား၊ မမေသူ(ခ) သူသူ၊ မမေစုလှိုင်(ခ) မေသက်ပိုင်တို့က သန်းဇော်ဝင်း(၄၃ နှစ်) မှာ ရန်ကုန်မှအလာ အစာအဆိပ်သင့်ဖြစ်ပြီး သေဆုံးကြောင်း သတင်းပို့ခဲ့ရာ သေမှုသေခင်း အမှတ်စဉ် ၂/၂၀၁၅ ဖြင့် အမှုဖွင့်ခဲ့သည်။

ရန်ကုန်မှ တောင်ညိုသို့ လာရောက်ကြသူ ခင်စန္ဒာဝင်း(ခ) မာမား၊ မမေသူ(ခ) သူသူ၊ မမေစုလှိုင်(ခ) မေသက်ပိုင်တို့ကို နတ်တလင်းမြို့မရဲစခန်းသို့ခေါ်ယူ၍ ခေတ္တရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဇော်လွင်က ကြီးကြပ်လျက် စုံစမ်းစစ်ဆေးခဲ့ရာ ရန်ကုန်သစ်ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်နေသူ ခင်စန္ဒာဝင်း (၄၃နှစ်) မှာ သေဆုံးသူနှင့်ကိုးလခန့် ချစ်ကြိုက်ခဲ့ပြီး ခင်စန္ဒာဝင်း၏နေအိမ်တွင် နှစ်ဦးသဘောတူ နေထိုင်ခဲ့ကြကြောင်း၊ သန်းဇော်ဝင်းမှာ လှိုင်သာယာမြို့နယ်တွင် နေထိုင်ပြီး အိမ်ထောင်ရှိသူတစ်ဦးဖြစ်ကြောင်း သိရသည်။

ဧပြီ ၁၉ ရက် နံနက် ၉ နာရီတွင် ၎င်းသည် ခင်စန္ဒာဝင်း၏အိမ်သို့ ရောက်ရှိလာခဲ့ကြောင်း၊ ဧပြီ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် မင်္ဂလာဒုံမြို့နယ် အနမ်းပင်ရပ်ကွက်နေ မမေသူ(ခ)သူသူအား ခင်စန္ဒာဝင်းက ဖုန်းဆက် ခေါ်ယူ၍ နံနက် ၁၁ နာရီခွဲခန့်တွင် မေသူရောက်လာကြောင်း၊ သန်းဇော်ဝင်းမှာ အော့အန်ဝမ်းသွားနေကြောင်း၊ ဇနီးဖြစ်သူ ခင်စန္ဒာဝင်းကို ဆေးတိုက်ပါဟု ပြောသည့်အခါ မြေပဒေသာကျွန်းမှ ဝယ်ယူထားခဲ့သည့် ပဲဆေးပြား တစ်ပြားမှ တစ်ခြမ်းကို ၎င်း၏ ပါးစပ်ထဲသို့ထည့်ကာ ရေဖြင့်တိုက်လိုက်ကြောင်း၊ နာရီဝက်ခန့်အကြာတွင် သေဆုံးသွားခဲ့သည်။



ထို့နောက် အလောင်းအား ၎င်းတို့နှစ်ဦးက မိုးကာဖျင်ဖြင့်ထုပ်၍ အဝတ်ထည့်သည့် ပလပ်စတစ်ပုံး အစိမ်းရောင်တွင်ထည့်ကာ စောင်နှင့်အုပ်လျက် အဖုံးပိတ်ပြီး တိပ်အဝါရောင်ဖြင့်ကပ်လျက် နိုင်လွန်ကြိုးဖြင့် ချည်နှောင်ခဲ့ကြကြောင်း၊ အဆိုပါပုံးကို သေဆုံးသူ၏ လိုက်ထရပ်အဖြူရောင်ကား 8B/ ----ဖြင့်တင်၍ နတ်တလင်းမြို့နယ် တောင်ညိုမြို့သစ်သို့ သယ်ယူခဲ့ရာ ဧပြီ ၂၀ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ရောက်ရှိပြီး ဧပြီ ၂၁ ရက် ည ၁၁ နာရီတွင် တောင်ညိုရဲစခန်းသို့ သွားရောက်ကာ သန်းဇော်ဝင်းမှာ ရန်ကုန်မှအလာ အစာအဆိပ်သင့်ရာ သေဆုံးကြောင်းဟု လိမ်ညာ၍ သတင်းပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာ မေစုလှိုင်ခေါ် မေသက်ပိုင် (၂၈နှစ်) ငမိုးရိပ်၊ သင်္ဃန်းကျွန်းမြို့နယ်နေသူမှာ တစ်စုံတစ်ရာ ပါဝင်ပတ်သက်မှု မရှိကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ တောင်ညိုရဲစခန်းမှူး ရဲအုပ်အောင်ဇော်က တရားလိုပြုလုပ်၍ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်သူ ခင်စန္ဒာဝင်း(ခ) မာမားနှင့် မေသူ(ခ)သူသူတို့အား အမှုဖွင့်ပြီး ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## ထူးခြားသည့် နေ့အပူချိန်များ

**ထူးခြားသည့် နေ့အပူချိန်များမှာ မန္တလေးမြို့နှင့် ကျောက်ဆည်မြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပုသိမ်မြို့တွင် ၁ ဒသမ ၃၀ လက်မ၊ ခန္တီးမြို့တွင် ၀ ဒသမ ၀၆ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ရန်ကုန် (မင်္ဂလာဒုံ)နှင့် မုဒုံမြို့တို့တွင် ၀ ဒသမ ၉၄ လက်မစီ၊ ငါးသိုင်းချောင်းမြို့တွင် ၀ ဒသမ ၇၀ လက်မနှင့် ကျိုက်မရောမြို့တွင် ၀ ဒသမ ၆၇ လက်မတို့ ဖြစ်ကြသည်။**

# ရခိုင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့ထံမှ ခဲယမ်းများနှင့် ဆေးဝါးများသိမ်းဆည်းရမိ





**နေပြည်တော် ဧပြီ ၂၅**

ကျောက်တော်မြို့၏ မြောက်ဘက် ဇင်ချောင်းရွာအနီး တောစပ်၌ မသင်္ကာဖွယ်ရာလူလေးဦး ရောက်ရှိနေကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးချက်အရ တပ်မတော်စစ်ကြောင်းက ဧပြီ ၂၄ ရက် နံနက် ၉ နာရီခန့်တွင် သွားရောက်ရှင်းလင်းရာ ၎င်းအဖွဲ့မှာ မြောက်ဘက်တောတွင်းသို့ ထွက်ပြေးသွားခဲ့သဖြင့် ဆက်လက်ရှင်းလင်းရာ သစ်ကိုင်းများဖြင့် ဖုံးဝှက်ထားသည့် ပလတ်စတစ်လက်ပစ်ဗုံး ၁၀ လုံး၊ သံကြွပ်ကိုယ်ထည် လက်ပစ်ဗုံး ၁၄ လုံး၊ ရှေ့ထွက်မိုင်းတစ်လုံး၊ ပလတ်စတစ်ဘူးအတွင်းထည့်ထားသည့် အသုံးပြုရန်အသင့်မိုင်း ၃၆ လုံး၊ TNT 400 ဂရမ် ယမ်းတောင့် ၁၃၅ တောင့်၊ ခါတ်ခဲအသေး အလုံး ၆၀၀နှင့် အမ်၂၂ ကျည် ၂၇၈ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် ကျောက်တော်မြို့နယ် ပင်လုံကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ၌ တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် မြေကြီးအတွင်း မြှုပ်နှံထားသည့် ချပ်ဝတ်တန်ဆာ ၁၇ စုံ၊ ဘေးလွယ်အိတ် ၁၀ လုံး၊ ပြောက်ကျားကျောပိုးအိတ် ၁၀ လုံး၊ ခါတ်ခဲအသေး နှစ်လုံးထည့် ခါတ်မီးအလက် ၅၀၊ တီရှပ်မျိုးစုံ ၁၄ ထည်၊ ဒီဇယ်လေးဂါလန်ပုံးတစ်ပုံး၊ ဆေးဝါးမျိုးစုံ ၆၄ ကတ်၊ ဆေးထိုးအပ် ၄၇ ချောင်း၊ ထိုးဆေးအလုံး ၆၀၊ ဂွမ်း/ပတ်တီးတစ်လိပ်၊ ခါတ်ဆားထုပ် ၃၀၀ နှင့် ဆေးရည်ပုလင်း ၃၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ **(အပေါ်ပုံ)**

ရခိုင်ပြည်နယ်အတွင်း AA လက်နက်ကိုင်အဖွဲ့များ စိမ့်ဝင်လှုပ်ရှားမှုမရှိစေရေး တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **(မြဝတီ)**

# ကာမိုင်းမြို့နယ်ခွဲအတွင်း လက်နက်ကိုင်အဖွဲ့က မိုင်းထောင်စဉ် မိုင်းကွဲ၍ နှစ်ဦးသေဆုံး

**နေပြည်တော် ဧပြီ ၂၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့နယ်ခွဲအတွင်း တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် ဧပြီ ၂၄ ရက် နံနက် ၆ နာရီခွဲတွင် နောင်းမီးကျေးရွာအနီး တနိုင်း-မြစ်ကြီးနားကားလမ်း၏ အနောက်ဘက် ၈ ပေခန့်အကွာ၌ မိုင်းကွဲ၍ သေဆုံးနေသော အလောင်းနှစ်လောင်းကို တွေ့ရှိခဲ့သည်။

အဆိုပါ သေဆုံးသူများမှာ နောင်းမီးကျေးရွာတွင် နေထိုင်သော ဘောက်ရာ (၂၆ နှစ်)နှင့် ဆိုင်းလီ (၂၇ နှစ်) တို့ဖြစ်ကြောင်း၊ ၎င်းနေရာတွင် အကျယ် ၂ ပေ၊ အနက် ၆ လက်မခန့်ရှိ ကျင်းတစ်ကျင်းဖြစ်ပေါ်ခဲ့ကြောင်းနှင့်အနီးဝန်းကျင်မှ ခါတ်ခဲအသေး ၁၂ လုံး၊ အဝေးထိန်းစနစ်သုံးစနက်အုံနှစ်ခု၊ ခါတ်မီးနှစ်လက်၊ ကတ်ကြေးတစ်လက်၊ မီးတိပ်တစ်ခွေနှင့် ခါးမြောင်နှစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

၎င်းသေဆုံးသူများမှာ နောင်းမီးကျေးရွာတွင် မိသားစုများရှိကာ လွန်ခဲ့သော သုံးနှစ်ခန့်က အတင်းအဓမ္မ လူသစ်စုဆောင်းခြင်းခံရသူများဖြစ်ကြောင်းနှင့် သင်တန်းပေးထားသည့် အမာခံဖောက်ခွဲရေးသမားများဖြစ်ပြီး ကားလမ်းတွင် မိုင်းထောင်စဉ် မိုင်းကွဲ၍ သေဆုံးခြင်းဖြစ်ကြောင်း စိစစ်သိရသည်။

တပ်မတော်စစ်ကြောင်းက သေဆုံးသူများအား နောင်းမီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ၎င်းတို့၏မိဘဆွေမျိုးထံသို့ လွှဲပြောင်းပေးအပ်မှုနှင့်အတူ ကျေးရွာသင်္ချိုင်းတွင် ဒေသဓလေ့ထုံးစံနှင့်အညီ ကောင်းမွန်စွာ သင်္ဂြိုဟ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# မင်းလှမြို့နယ်ရှိ MPT တာဝါတိုင်တွင် တပ်ဆင်ထားသော ဆိုလာပြားများ အခိုးခံရ

**မကွေး ဧပြီ ၂၅**

မကွေးမြို့ ကံသာရပ်ကွက်ရှိ ABC ကုမ္ပဏီရုံးခွဲတာဝန်ခံ ဦးပြည့်ဖြိုးအောင် (၂၅ နှစ်)သည် ဧပြီ ၂၄ ရက် နံနက် ၈ နာရီက ABC ကုမ္ပဏီရုံးခွဲတွင်ရှိနေစဉ် မင်းလှမြို့နယ် စစ္စနို့ကျေးရွာရှိ MPT တာဝါတိုင်အစောင့်လုပ်သား ဦးဖိုးလုံးက ၎င်းသည် အဆိုပါနေ့ နံနက် ၆ နာရီခွဲက အိပ်ရာမှနိုး၍ MPT တာဝါတိုင်အတွင်းတပ်ဆင်ထားသော ဆိုလာပြားများကိုကြည့်ရှုစစ်ဆေးရာ SOLAR Risesiys အမျိုးအစား၊ မော်ဒယ် နံပါတ် SR-195.72 M 36.7 V5.32A-195W၊ ခံနိုင်ဝန် 1000 VDC 10A၊ အလေးချိန် 14.8Kg (32.6Lb)၊ အလျား 15280 mm၊ အနံ 808 mm၊ အထူ 35 mm ရှိ SOLAR ပြားသုံးချပ် တန်ဖိုးငွေကျပ် ၁၂ သိန်းခန့်မှာ ပျောက်ဆုံးသွားကြောင်း ဆက်သွယ်အကြောင်းကြားသိရှိခဲ့ရ၍ အဆိုပါဆိုလာပြားသုံးချပ်အား ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးရန် ဦးပြည့်ဖြိုးအောင်က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် မင်းလှမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# မူဆယ်မြို့ရှိ မြဝတီဘဏ်ခွဲအား လက်နက်ကိုင်နှစ်ဦးက လာရောက်ပစ်ခတ်မှုဖြစ်ပွား

**နေပြည်တော် ဧပြီ ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော်ရပ်ကွက် ပင်လုံ(၅)လမ်းရှိ မြဝတီဘဏ်ခွဲအား ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် အရပ်ဝတ်ဝတ်ဆင်ထားသည့် လက်နက်ကိုင်နှစ်ဦးက လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။

ထိုသို့ပစ်ခတ်မှုကြောင့် မြေညီထပ်၊ ပထမထပ်နှင့် ဒုတိယထပ်ရှိ ဘဏ် ရှေ့မျက်နှာစာမှန်များတွင် လက်နက်ငယ်ကျည်များ ထိမှန်ပြီး ဘဏ်ကောင်တာမှ မှန်များနှင့် အဝင်တံခါးမှန် နှစ်ချပ်ကွဲခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရမှုမရှိကြောင်း သိရသည်။

ဖြစ်စဉ်အားစိစစ်ရာ မတ် ၁၉ ရက်နှင့် ၂၀ ရက်များတွင် မူဆယ်မြို့ရှိ ဘဏ်များသို့ ဆက်ကြေး ကောက်ခံရန် ခြိမ်းခြောက်စာများ ပေးပို့ခဲ့ပြီးနောက် ယခုကဲ့သို့ နှောင့်ယှက်ပစ်ခတ်ခြင်းဖြစ်ကြောင်း၊ တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တပ်မတော်စစ်ကြောင်းများနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ အရေးကြီးနေရာများနှင့် မြို့ဝင်၊ မြို့ထွက်ဂိတ်များတွင် ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။




**(မြဝတီ)**

## လူကိုလူချင်း ကုန်ကူးမှု ပတ်ဝန်းကျင်တွင် သတိပြု

# အရပ်ဘက်မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လှည့်လည်ဆန္ဒထုတ်ဖော်

**မြစ်ကြီးနား မေ ၂၅**

ကချင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အရပ်ဘက်အဖွဲ့အစည်းများဖြင့် ဂိုဏ်းပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် လူငယ်များ ပါဝင်သောအဖွဲ့များသည် မေ ၂၅ ရက် နံနက် ၇ နာရီက စတင်ကာ မြစ်ကြီးနားမြို့ပေါ်ရှိ ဘုရားရှိခိုးကျောင်းအသီးသီးမှ စတင်၍ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေး ဗီနိုင်းဆိုင်းဘုတ်များကိုင်ဆောင်လျက် သတ်မှတ်လမ်းကြောင်းအတိုင်း လမ်းလျှောက်၍ ခွင့်ပြုချက်ရယူကာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြပြီး စီတာပူရပ်ကွက် မနောဥယျာဉ်အတွင်း စုပေါင်းဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါ ဆုတောင်းပွဲတွင် အဖွင့်ကျမ်းစာကို သဘာပတိဆရာအင်ခွမ်တန်ဂွန်းက ဖတ်ကြားကာ တက်ရောက်သူများနှင့် မိတ်ဆက်ပေးပြီး ငြိမ်းချမ်းစွာစုဝေးလမ်းလျှောက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အရပ်ဘက်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ငယ်ဥက္ကဋ္ဌ ဦးလုံဂျာတူးရော်က အဖွင့်စကားပြောကြားကာ သိက္ခာတော်ရ ဆရာတော်ဦးလဗျလဆိုင်းနှင့် ကချင်နှစ်ခြင်း ခရစ်ယာန်အသင်းချုပ်အတွင်းရေးမှူး သိက္ခာတော်ရဆရာတော် ဒေါက်တာ ခါလမ်ဆမ်ဆွမ်တို့က မူးယစ်ဆေးဝါးသည် လူသားမျိုးနွယ်စုအား ဝါးမျိုနေမှုနှင့်စုပေါင်း တိုက်ဖျက်ရေးကို အသိပညာပေးဟောပြောကာ တက်ရောက်လာသူ အင်အား ၂၀၀၀ ခန့်က မူးယစ်ဆေးဝါးအား စုပေါင်းတိုက်ဖျက်ရေး သုံးကြိမ်ကြွေးကြော်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မိုဃ်းကျ(မြစ်ကြီးနား)**





# ငပုတောမြို့နယ် မြစ်တစ်ရာကြိုးဝိုင်းအတွင်း တောဆင်ရိုင်းများသတ်ဖြတ်ခံရ

**ပုသိမ် မေ ၂၅**

ပုသိမ်ခရိုင် ငပုတောမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီးဦးရဲအောင်သည် မေ ၅ ရက် ညနေ ၃ နာရီက တာဝန်ထမ်းဆောင်နေစဉ် တောခေါင်းထွန်းထွန်းနိုင်၏ သတင်းပေးချက်အရ မြစ်တစ်ရာသစ်တောကြိုးဝိုင်းအတွင်း၌ တောဆင်ရိုင်းတစ်ကောင်သေဆုံးနေကြောင်း သိရှိရသဖြင့် အဖွဲ့ဝင်များနှင့်အတူ သွားရောက်စစ်ဆေးရာ သဖန်းချောင်းဘေး ခန့်မှန်းမ-ပ FP-369191 ၌ ပုပ်ပွနေသောဆင်သေတစ်ကောင်တွေ့ရှိရသည်။

ထို့အပြင် ၄င်းဆင်သေ တွေ့ရှိရသည့်နေရာမှ လေးဖာလုံခန့်အကွာ ပြောင်ချောင်း အနီး၌လည်း အရိုးကျနေသော ဆင်သေတစ်ကောင် ထပ်မံတွေ့ရှိရပြန်သည်။

ထို့ကြောင့် အခင်းဖြစ်ပွားရာနေရာသည် မုဆိုးများ သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်နိုင်ကြောင်း စစ်ဆေးသိရှိရသဖြင့် မေ ၂၄ ရက် ညနေ ၄ နာရီ မိနစ် ၂၀ တွင် တောအုပ်ကြီး ဦးရဲအောင်၏ တိုင်စာပေးပို့တိုင်တန်းချက်အရ ငပုတောမြို့မရဲစခန်းက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇ (က) ဖြင့် အမှုဖွင့်ပြီး ဆင်များ သတ်ဖြတ်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပုသိမ်(လှကြည်)**

## မြန်မာ့ရုပ်မြင်သံကြား

**Entertainment Channel**

**၂၆-၄-၂၀၁၅(တနင်္ဂနွေနေ့)**

၆း၀၀ -အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေမှု အစီအစဉ် (အပိုင်း-၁၄)

၆း၂၅- မြန်မာဗီဒီယိုဇာတ်လမ်း **ဘီလူးတစ်ထောင်**

၈း၂၅ -တေးဂီတအစီအစဉ်

၈း၃၅ -ဝတ်စားဆင်ယင်မှုပြပွဲ

၉း၀၀ -ပြည်သူ့နီတိ **သားရဲကောင်သို့ချဉ်းကပ်ခြင်း**

၉း၁၀ -ဆိုကြမယ်၊ ပျော်ကြမယ်

၉း၅၅ -မြန်မာရုပ်ရှင်(ဆေးရောင်စုံ) **ကာရံအလွဲ**

ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာ၊ နန္ဒလှိုင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

# ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ ပညာပေးဟောပြောပွဲကျင်းပ

**နေပြည်တော် မေ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံး၌ ယနေ့ နံနက် ၉ နာရီက ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ ပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုးက အမှာစကားပြောကြားပြီး ဥတ္တရခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ အောင်ကျော်မိုးနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ သန်းလင်းတို့က တိရစ္ဆာန်ဆေးကုနေ့နှင့်သက်ဆိုင်သော အကြောင်းအရာများကို ဆက်လက်ဟောပြောရှင်းလင်းသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီရုံး၊ နေပြည်တော် ကျန်းမာရေးဦးစီးဌာန နေပြည်တော် ပညာရေး မှူးရုံးအဖွဲ့များနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**




# ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**မိုးညှင်း မေ ၂၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးပြီး ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း(ဓမ္မာရုံ) ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဦးက ကူးစက်ရောဂါကင်းဝေးဖို့ ခြင်၊ ယင်၊ ပိုးမွှားကာကွယ်စို့၊ မိုးညှင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ဝေမွန်ထက်က တိရစ္ဆာန်မှလူသို့ ကူးစက်တတ်သော ရောဂါများအကြောင်းတို့ကို ပညာပေးဟောပြောကြကြောင်း သိရသည်။

**တင်ဝင်းသိန်း(iprd)**

# ကျောက်ချောလမ်းသစ်ဖွင့်

**ဝါးခယ်မ မေ ၂၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) ရန်ပုံငွေဖြင့် Mega Image Co.,Ltd မှ တာဝန်ယူဆောင်ရွက်သည့် ဝါးခယ်မမြို့နယ် ဘဲချောင်းကျေးရွာအဝင်လမ်း ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မေ့လ ဒုတိယပတ်က အဆိုပါ မုခ်ဦးရှေ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်လွင်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်နှင့် ကျေးရွာရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ဘဲချောင်းကျေးရွာအဝင်လမ်းသည် ၇ ဒသမ ၃ ဖာလုံရှိပြီး ခွင့်ပြုငွေကျပ် ၄၈၅ သိန်းဖြစ်ကြောင်း သိရသည်။

**မောင်မောင်**


**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၆) နေ ဦးလှသက်မောင် (၁၂/လကန (နိုင်) ၀၁၈၄၀၀) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြော်ငြာအပ်ပါသည်။

Green World SERVICES
REALESTATE CONSTRUCTION LANDSCAPING

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မိမိ၏မူပိုင်ဖြင့် မှတ်ပုံတင်သွင်းရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ကန့်ကွက်လိုပါက (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာ ယူဆောင်ပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းအသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နန်းထက်ထက်ဇော် (LL.B, D.B.L, D.I.L)
အထက်တန်းရှေ့နေ (စဉ်-၃၃၅၂၆)
အမှတ်-(၃/၆-က)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၄၉၀၀၀၊ ၀၉ ၂၅၄၆၂၃၇၀

**မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1E/9767၊ Toyota Brevis JCG-10, S/L(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူခိုင် ၁၂/ဒဂရ(နိုင်)၀၀၀၇၁၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

**မီးသတိပြု**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ် (၅၆၀-ခ)၊ မြေကွက်တည်နေရာအမှတ် (၅၆၀-ခ)၊ အင်းဝလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဒေါ်ခင်သိန်းထွေး ၁၂/ရကန(နိုင်)၀၃၀၁၂၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သိန်းထွေးသည် အပိုကြီးဘ၀ဖြင့် ကွယ်လွန်သဖြင့် ဒေါ်ရင်မေ ၁၂/ရကန(နိုင်)၀၂၈၂၅၁၊ ဦးလှဝင်း ၇/ပတန(နိုင်)၀၀၄၇၅၄၊ ဒေါ်ခင်ဝေ ၁၂/ဒဂန (နိုင်)၀၁၃၂၁၃ တို့က ကွယ်လွန်သူ၏အစ်ကို၊ အစ်မများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးလှဝင်း၊ ဒေါ်ခင်ဝေထံမှ G.P ၁၁၂၂/ ၂၀-၁-၂၀၁၅ ရသူ ဒေါ်မိုမိုဟန် ၁၂/ဒဂတ(နိုင်)၀၃၇၃၁၉ နှင့် ဒေါ်ရင်မေထံမှ G.P ၁၁၂၃/ ၂၀-၁-၂၀၁၅ ရသူ ဦးသိန်းဟန် ၁၂/ရကန(နိုင်)၀၂၈၂၆၇ တို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမည်ပြောင်း**

ဦးကျော်လွင် ၉/မမန(နိုင်)၀၈၇၄၅၉ - ဒေါ်ဝေဝေစိုး ၁၃/လရန(နိုင်)၁၀၂၂၁၀ တို့၏သား မြတ်ပညာကျောင်း (NEC) ပထမတန်းမှ မောင်လွင်မိုးအောင်အား မောင်လွင်မိုးဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၃ယ/၆၂၃၅၅၊ Yinxing 110 ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျင် ၈/ခမန(နိုင်)၀၈၈၃၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

**မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၄၉၂၁၇၊ Honda C 90 Custom MC ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၉/အမရ(နိုင်)၀၇၅၉၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ တိုက်အမှတ်၁၃၅(သုံးလွှာ)၊ အခန်းအမှတ် 3B, ဧရိယာအလျား ၁၂½ပေ အနံပေ ၅၀အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူဦးလှရွှေ ၁၂/ဗဟန(နိုင်)၁၀၀၀၄၃ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေသည် ၂၄-၄-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤတိုက်ခန်း အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသွယ်တင်လတ် LL.B, D.B.L, D.I.L.**
**အထက်တန်းရှေ့နေ၊ တိုက် ၃၁/၆၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်၊ တာမွေမြို့နယ်၊ ရန်ကုန် ဖုန်း-၀၁-၅၅၃၆၅၄၊ ၀၉-၅၀၈၅၄၉၉**

**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**ဆေးဝါးစက်ရုံ(အင်းစိန်)မှ**
**အဆောက်အအုံ(၁၁)လုံးတို့အား ရောင်းချရန်တင်ဒါခေါ်ယူခြင်း**

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ အဆောက်အအုံ(၁၁)လုံးတို့အား မျက်မြင်အခြေအနေအတိုင်း Lot အလိုက် တင်ဒါဖြင့်ရောင်းချလိုပါသည်-

| | | | |
|---|---|---|---|
| (က) | မြင်းအဆိပ်ထိုးသွေးဖောက်အဆောက်အအုံနှင့် ရုံးခန်းနှင့်ဓာတ်ခွဲခန်းအဆောက်အအုံ | (၂)လုံး- | Lot A |
| (ခ) | မြွေကန် | (၁)လုံး- | Lot B |
| (ဂ) | မြင်းဇောင်းအမှတ် (B,C,D,E) | (၄)လုံး- | Lot D |
| (ဃ) | မြင်းဇောင်းအမှတ် (H,J,K,L) | (၄)လုံး- | Lot E |

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၄-၂၀၁၅ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၅-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇) ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ နေပြည်တော်

အသေးစိတ်စုံစမ်းသိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၄၀၈၀၆၇၊ ၄၀၈၃၉၂**

*ကျောဖုံးမှ*

ကျင်းပသွားမည်ဖြစ်သည်။

အသင်းခြောက်သင်း ပါဝင်နေသော အုပ်စု(ခ)ပွဲစဉ်များကို မေ ၂၉ ရက်တွင် စတင်မည်ဖြစ်ပြီး Bishan ကွင်း၌ကျင်းပမည်ဖြစ်သည်။ ဆီမီးပွဲစဉ်များကို ဇွန် ၁၃ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇွန် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းပွဲများကို စင်ကာပူ အမျိုးသားအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်အားလုံးကို မြန်မာစံတော်ချိန် ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းအနေဖြင့် ဆီမီးအဆင့်တက်ရောက်ရန်အတွက် ရှေ့နှစ်ပွဲတွင် ရလဒ်ကောင်းရန် လိုအပ်နေပြီး အုပ်စုတွင် အင်အားအတောင့်တင်းဆုံး နှစ်သင်းနှင့် ကစားရမည်ဖြစ်သောကြောင့် ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။ မြန်မာအသင်း ပွဲဦးထွက်ကစားရမည့် အင်ဒိုနီးရှားအသင်းနှင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအုပ်စု နောက်ဆုံးပွဲတွင် တွေ့ဆုံခဲ့ဖူးပြီး မြန်မာအသင်းမှာ ၁-၀ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ၂၀၁၁ ဆီးဂိမ်းပြိုင်ပွဲတွင် တတိယဆုရရှိထားသည်။

*ကျောဖုံးမှ*

၂၀၁၀ ရှုံး၊ ထွက် ချန်ပီယံ ဟံသာဝတီအသင်းမှာ ဒုတိယအဆင့်တွင် MNL ထိပ်သီးကလပ် ကမ္ဘောဇအသင်းနှင့် ကစားရမည်ဖြစ်သည်။

ပွဲစကတည်းက ခြေအသာရခဲ့သည့် ဟံသာဝတီအသင်းသည် ၁၃ မိနစ်တွင် အူစမန်နော့ဗ်က ဂိုးစတင်သွင်းယူပြီး နောက်ပွဲကို စိုးမိုးနိုင်ခဲ့သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို အောင်မျိုးသူရက ၂၃၊ ၂၆၊ ၅၄၊ ၅၇၊ ၆၄ မိနစ်တို့တွင် ငါးဂိုး၊ မြင့်နိုင်က ၂၇၊ ၄၃ မိနစ်နှင့် ဇော်မင်းဦးက ၅၉၊ ၈၆ မိနစ်တို့တွင် နှစ်ဂိုးစီ၊ ၁၅ မိနစ်တွင် အောင်မင်းသိန်းက တစ်ဂိုးတို့သွင်းယူခဲ့သည်။ ဖုန်ဂန်အတွက် ချေပဂိုး တစ်ဂိုးကို ၆၃ မိနစ်တွင် ပေါင်းဆိုင်က သွင်းယူပေးခဲ့သည်။

**သုဝဏ္ဏကွင်း**

Horizon - နှစ်ဂိုး

(ချီကာ)

မောရဝတီ -ဂိုးမရှိ

ယနေ့ပွဲ

**သုဝဏ္ဏကွင်း**

မြဝတီ - GFA

**အောင်ဆန်းကွင်း**

ငွေကြယ်ပွင့်လေးများ နှင့် တက္ကသိုလ်လက်ရွေးစင်

# ဆီးဂိမ်းခြင်းခတ်ပြိုင်ပွဲဝင်မည့် နိုင်ငံတကာအသင်းများ လာရောက်ပူးတွဲလေ့ကျင့်လျက်ရှိ

**မန္တလေး မေ ၂၅**

၂၀၁၅ ခုနှစ် ဇွန်လအတွင်း စင်ကာပူနိုင်ငံတွင် ကျင်းပမည့် 28th SEA Games တွင် ထည့်သွင်းကျင်းပမည့် ခြင်းလုံးခတ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ကမ္ဘောဒီးယားနိုင်ငံအသင်း၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံအသင်းတို့သည် ပြိုင်ပွဲမဝင်မီ မြန်မာနိုင်ငံမှ နည်းပညာ၊ နည်းစနစ်များ တိကျသေချာစွာရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံအတွင်း မန္တလေးတိုင်းဒေသကြီး နေပြည်တော်တို့တွင် ကြိုတင်လာရောက် ပူးတွဲလေ့ကျင့်လျက်ရှိကြောင်း သိရသည်။



ကမ္ဘောဒီးယားနိုင်ငံအသင်းသည် မြန်မာနိုင်ငံအတွင်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် လာရောက်ပူးတွဲ လေ့ကျင့်လျက်ရှိသည်မှာ ရက် ၂၀ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံအသင်းမှာ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နှင့် မလေးရှားနိုင်ငံ အသင်းသည် နေပြည်တော် Gold Camp တွင် မြန်မာနိုင်ငံအသင်းနှင့်အတူ လာရောက် ပူးတွဲလေ့ကျင့်မည်ဖြစ်ကြောင်းကို မြန်မာနိုင်ငံခြင်းလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌဦးစိုးနိုင်က ပြောသည်။ မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်ဆုနှစ်ဆုရယူရန် မျှော်မှန်းထားကြောင်းနှင့် အဆိုပါနိုင်ငံ အသင်းများအတွက် အဖွဲ့ချုပ်ဥက္ကဋ္ဌက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အနေဖြင့် ရိုးရာအားကစား စစ်စစ်ဖြစ်သည့် ခြင်းလုံး အားကစားနည်းကို ပြည်တွင်း၌လည်း မတိမ်ကောမပပျောက်စေရေးနှင့် ပြည်ပကိုလည်း ပျံ့နှံ့ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပြီး မျိုးဆက်သစ်ရရှိစေရေးအတွက် အမြို့မြို့အနယ်နယ်တွင် ခြင်းလုံးသင်တန်းများ ဖွင့်လှစ်၍ လိုအပ်သောနည်းပြများ၊ ခြင်းလုံးများပံ့ပိုးကူညီလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စပါးနှင့် ဆောက်သမ်တန်သရေကျ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် (၃၄) စနေနေ့ည အစောဆုံးပွဲစဉ်ဖြစ်သည့် ဆောက်သမ်တန်နှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ပထမပိုင်းပွဲချိန် ၂၉ မိနစ်တွင် အိမ်ရှင်ဆောက်သမ်တန်အတွက် အဖွင့်ဂိုးကို တိုက်စစ်မှူး ပယ်လီက သွင်းယူပေးခဲ့သည်။ **(ယာပုံ)** စပါးအသင်းသည် ချေပဂိုးရရန်ပြန်လည်ဖိအားပေးကစားခဲ့ရာမှ ၄၃ မိနစ်တွင် ဟယ်ရီကိန်း ဖန်တီးပေး၍ အီရစ်လာမယ်လာက ချေပဂိုးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်း ၆၅ မိနစ်တွင် လူစားဝင်လာသော ရိုင်းလောင်းမှ ဖန်တီးပေး၍ တိုက်စစ်မှူး ပယ်လီက ဆောက်သမ်တန်အတွက် ဒုတိယဂိုး ထပ်မံသွင်းယူပေးခဲ့သည်။ မိနစ် ၇၀ တွင် စပါးနောက်တန်းကစားသမား အီရစ်ဒီယာ ဖန်တီးပေးသော ဘောလုံးကို တောင်ပံကစားသမား ချာဒလီက သွင်းယူပေးခဲ့ပြီး ပွဲပြီးချိန်တွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အခြားပွဲစဉ်များတွင် ဘန်လေအသင်းက လက်စတာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ဟားလ်စီးတီးအသင်းက ပဲလေ့စ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဆွမ်ဆီးအသင်းက နယူးကာဆယ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရပြီး စတုတ်စီးတီးနှင့် ဆန်းဒါးလန်းအသင်းမှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ကျူပီအာနှင့် ဝက်စ်ဟမ်းမှာ ဂိုးမရှိသရေဖြစ်ပြီး ဝက်စ်ဘရွန်းနှင့် လီဗာပူးမှာလည်း ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။



သီဟ - ရေးသည်။

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 6E/ 8158၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီမြို့၊ ရွာသစ်ပိုင်းနေ
ဦးခင်မောင်ဝင်း(အလပြ-ငြိမ်း)-ဒေါ်အုန်းအုန်း(အထက-ဖောင်တော်သီ)တို့၏သား

**ဗိုလ်ကြီးကောင်းခန့်ဖြိုး (B.E,EC, DSTA)**

အမှတ်(၇) အဆင့်မြင့်ဆက်သွယ်မှုတပ်ရင်း၊ လားရှိုးမြို့

နှင့်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊
ညံတော ၁၂လမ်း၊ အမှတ် ၄၄နေ
အဘွား(ဒေါ်ခင်အေး)၏မြေး၊ ဆန်းသစ်တည်းခိုရိပ်သာ၊
ဦးအောင်နေဝင်း-ဒေါ်မိုးသီတာတို့၏ တစ်ဦးတည်းသောသမီး

**မအိမ့်မီမီအောင်(ခ)ဒီဇင်ဘာ**

**(LL.B) အထက်တန်းရှေ့နေ**

တို့သည် ၂၃-၄-၂၀၁၅ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၏ရှေ့မှောက်တွင် စေ့စပ် ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကောင်းခန့်ဖြိုး-မအိမ့်မီမီအောင်**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်စန်းစန်းငွေ ၉/မထလ (နိုင်)၀၇၂၆၈၂၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် (၂၃၂၂/၂၀၁၂-၂၀၁၃) ရက်စွဲ ၁၀-၉-၂၀၁၂နှင့် ထသက လက်မှတ် (၂၈၈၂၉) ရက်စွဲ ၁၄-၉-၂၀၁၂မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၀၉၆၃၇၇**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ကော့ထင်းကျေးရွာ အနောက်ပိုင်းနေ ဦးမောင်သိန်း ၁၀/ကထန(နိုင်)၀၃၀၇၈၀နှင့် ဦးမြင့်သိန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးမောင်သိန်း(ခ) ဦးမြင့်သိန်း**

**လျှော့စျေးဖြင့်အမြန်ရောင်းမည်**

ကစ်နစ်တာအသုံးပြုထားသော အောက်ပါဟိုတယ်သုံးပစ္စည်းများကို ချိုသာသောစျေးနှုန်းဖြင့်အမြန်ရောင်းမည်။

(1) မွေ့ယာ၊ ခုတင်
(2) Aircon
(3) TV
(4) Mini Bar
(5) စားပွဲ၊ ကုလားထိုင်
(6) လိုက်ကာ
(7) Table Lamp
(8) Intercon ဖုန်း
(9) ဟိုတယ်သုံးဂက်စ်မီးဖို
(10) မီးဖိုချောင်သုံးပစ္စည်းများ
(11) LED ဆိုင်းဘုတ်
(12) မှန်တံခါး နှင့်အခြားပစ္စည်းများ။

ဆက်သွယ်ရန် - 09-31164011, 09-73155865

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ် ၁၂၀၆/က၊ မြေကွက်တည်နေရာ ၁၂၀၆/က၊ လှော်ကားလမ်း၊ (၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဦးမြမောင် EG-၀၁၂၁၃၇ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမြမောင် ဖခင်နှင့် (မိခင်ဒေါ်သိန်းကြွယ်)တို့ကွယ်လွန်သဖြင့် ဒေါ်ခင်သီတာမြင့် ၁၂/ဒဂတ (နိုင်)၀၁၂၉၅၆က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**သွေးသည်အသက်**

**အမည်/မွေးသက္ကရာဇ်အမှန်**

နေပြည်တော် ပုဗ္ဗသီရိ အထက (ကျည်တောင်ကန်)၊ ဆဋ္ဌမတန်း(က) မှ ဦးဟိဏ်းသန့်၏သား မောင်ခန့်ဇွဲဟိဏ်းအား မောင်အောင်ဖုန်းမော်ဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၂-၂၀၀၂ ဖြစ်ပါကြောင်း။

**မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ မြို့မအရှေ့ရပ်ကွက်နေ
ဦးထိုက်စိမ်း (အလုပ်ရုံစိတ်မှူး-ငြိမ်း) - ဒေါ်ခင်ဝင်းရီ (အလယ်တန်းပြ-ငြိမ်း) တို့၏သားကြီး

**ဗိုလ်မှူးထိန်လင်းအောင် B.Sc (Match) D.S.A**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်နေ
ဒုတိယရဲမှူးကြီးခင်ထွန်း (ငြိမ်း) (ညွှန်ကြားရေးမှူး၊ ပြိုင်ပွဲကျင်းပရေးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်) -
ဒေါ်မိမိခင် (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း) တို့၏
တစ်ဦးတည်းသောသမီး

**မခင်ရတနာထွန်း(ခ)ပုံ့ပုံ့ B.A (Eco)**

**In Mai Kha Co., Ltd.**

တို့၏ ၁၀-၄-၂၀၁၅ ရက်တွင် Goal Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ဒုတိယခရိုင်တရားသူကြီး ဦးရွှေမောင်အားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒုဗိုလ်မှူးကြီးအေးချို(ငြိမ်း) (ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့်ဇနီး ဒေါ်စန်းစန်းဝင်းတို့အားလည်းကောင်း၊ ၁၁-၄-၂၀၁၅ ရက်တွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရား၊ ရတနာဓမ္မာရုံကျောင်းတွင် ကျင်းပပြုလုပ်သောမင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်သည့်နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၂-၄-၂၀၁၅ ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးလှဌေး(ပိုင်ရှင်၊ ဇွဲကပင်ယူနိုက်တက် FC ဘောလုံးအသင်း၊ MD, Htay Family Trading Co., Ltd.) နှင့်ဇနီး ဒေါ်ယဉ်ယဉ်လှတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဦးဘန်နီတင်အောင် (ဒု-ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်) နှင့်ဇနီး ဒေါ်ခင်လှိုင်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဘိုးဘိုးဦးသောင်းညွှန့် (နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေး)နှင့်ဇနီး ဘွားဘွားနီ၊ ဘဘဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)နှင့်ဇနီး ဒေါ်အေးမွန်ရှိန် မိသားစုအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ပေးပါသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဌေးဦးနှင့်ဇနီး ဒေါ်နီနီဝင်းမိသားစု၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီး ဒေါ်သဉ္ဇာဝင်းစိန် မိသားစု၊ ဦးဇော်ဇော် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)နှင့်ဇနီး ဒေါ်ငွေငွေခိုင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာရှေ့ဆောင်လမ်းပြပေးပါသောသမီးငယ် မဇွန်ကြာညို၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသောသမီးငယ် မဆုပြည့်ပြည့်ဝန်း၊ မင်္ဂလာ ရွှေမိုးငွေမိုးရွာသွန်းပေးပါသောသမီးငယ် မယွန်းကြာဖြူ၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဇန်းကိုင်ဆောင်ပေးပါသော မသီတာဦးနှင့် မခင်စန္ဒီမွန်၊ သတို့သားအရံ ဗိုလ်ကြီးညီညီနိုင်နှင့် ဗိုလ်ကြီးထက်လင်းအောင်၊ သတို့သမီးအရံ မကြည်သာဦးနှင့် မဝေဝေထက် တို့အားလည်းကောင်း၊ မင်္ဂလာသတို့သမီး၏လက်ဝတ်ရတနာများကို မေတ္တာဖြင့်စီစဉ်ပေးပါသော Venus Gem & Jewellery ၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော Designer မစုစုဝေအားလည်းကောင်း၊ မိတ်ကပ်ဆံပင် ကျော်မိုး(မေမိုး)နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်မှတ်တမ်းဗီဒီယို မိုးကိုဦးနှင့်အဖွဲ့၊ Yuzana Garden Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဝန်ထမ်းများအားလည်းကောင်း၊ ၁၀-၄-၂၀၁၅ရက်တွင် Goal Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို စီစဉ်ပေးပါသော မန်နေဂျာဦးအေးမင်းနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲကြီးတစ်ခုလုံးအား အစစအရာရာအဆင်ပြေချောမွေ့အောင် တာဝန်ယူစီစဉ်ဆောင်ရွက်ပေးပါသော အန်တီ ဒေါ်မြတ်မြတ်ဦးအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသောဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့် ဗိုလ်မှူးထိန်လင်းအောင်-မခင်ရတနာထွန်း**

# အပူအပင်ကင်းစေသော မန်ကျည်းသီးမှည့်လေးများ

ဇေယျတု (မကွေး)

မိသားစုကိုးကွယ်သော ဆရာတော်ကျောင်းမှ ဘုရားကြေးဆင်းတုတော်မှာ ရွှေရောင်ဝင်းအိနေပြီး ကျွန်တော့်အိမ်မှ ဗရာကြေးဆင်းတုတော်များကို ဘုရားဆို ကြေးတိုက်ဆေးနှင့် မည်မျှပင်သပ္ပာယ် ဆေးကြောစေကာမူ ပြောင်လက်လာသော်လည်း ရွှေရောင်ဝင်းအိနေခြင်း မရှိသောကြောင့် သဒ္ဓါဆန္ဒတစ်ခု မပြည့်ဝဘဲ ဖြစ်ခဲ့ဖူးသည်။ မိခင်ဖြစ်သူက မန်ကျည်းသီးမှည့်က ကြေးအရောင်ကို ရွှေလိုဝင်းအောင်လုပ်ပေးနိုင်တယ်ပြော၍ စမ်းကြည့်ရာ မပြည့်ဝခဲ့သော သဒ္ဓါစိတ်အလိုများပြည့်၍ အိမ်တွင်ဆင်းတုတော်များအား ရွှေအဆင်းဖြင့် ကြည်ညိုမဆုံး အမြဲဖူးခွင့်ရခဲ့သည်။

ထိုအချိန်မှစ၍ အမှတ်တမဲ့နေခဲ့သော မန်ကျည်းပင်၊ မန်ကျည်းသီးတို့၏ ဂုဏ်သတ္တိများကို အရင်ကထက် ပိုတန်ဖိုးထားလာခဲ့မိသည်။ အိမ်မှ အသက် ၉၀ ကျော်အဘွားသည် မန်ကျည်းဖျော်ရည်ကို မကြာခဏ သောက်သူဖြစ်ပြီး မန်ကျည်းသီးမှည့်ရည်ဖြင့် ခေါင်းလျှော်ရေချိုးလေ့ရှိသူ၊ ဘယ်သောအခါမှ ဝမ်းနုတ်ဆေးစားလေ့မရှိသူ၊ ဖုန်ထူနေပူသော နွေကာလများတွင် မန်ကျည်းသီးခေါက်လေးသွေးလိမ်း တတ်သူဖြစ်ကြောင်း တွေးကာသတိထားမိလာသည်။ ငယ်စဉ်က ကျွန်တော်ကင်းကိုက်ခံရစဉ် မန်ကျည်းသီးစေ့ကို ထက်ခြမ်းခွဲပြီး အဆိပ်ပြေအောင် အမေကပ်ပေးခဲ့သည်ကို သတိရလာသည်။

အရိပ်အာဝါသကောင်းပုံကို "နွေထနောင်း၊ ဆောင်းမန်ကျည်း" ဟုလည်း မှတ်သားခဲ့ရဖူးသည်။ ကဗျာ၊ လင်္ကာသီကုံးစပ်ဆိုရာတွင် ကာရန်သွားများ စိပ်နေသည်ကို "မန်ကျည်းရွက်ထပ်ကာရန်" ဟုလည်း သင်ကြားဖူးခဲ့သည်။ ငယ်စဉ်ကလေးဘဝက မန်ကျည်းရွက်နုလေးများ ခူး၍ အဝတ်ဖြင့်ထုပ်ပြီး မြေကျင်းလေးထဲ တူးမြှုပ်ကာ ဘုတ်ကလေးဆီဆမ်း ကစားတမ်း ဆော့ခဲ့ကြသည်ကိုလည်း မြင်ယောင်မိသည်။

ထိုအကြောင်းများကြောင့်လည်း မန်ကျည်းပင်ကို နှစ်သက်လာသကဲ့သို့ မန်ကျည်းသီးမှည့်လေးများအကြောင်းကို ဖတ်မှတ်လေ့လာဖြစ်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။

မန်ကျည်းသီးမှည့်သည် အေး၍ပွင့်သောသတ္တိရှိပြီး အပူကိုအကြောင်းခံ၍ ဖြစ်သောရောဂါများ၊အပူလွန်နာများအတွက် အားကိုးအားထားပြုအပ်သော ဆေးဖက်ဝင်အစာအာဟာရတစ်ခုဖြစ်သည်။ သဘာဝအလျောက် ပေါက်တတ်သော အပင်မျိုးဖြစ်၍ နေရာမရွေး၊ အချိန်



မရွေး ရှာဖွေရလွယ်ကူလှသည်။

ထန်းလျက်နှင့် ဖျော်ထားသော မန်ကျည်းဖျော်ရည်ကို နံနက်တစ်ခွက်၊ ညတစ်ခွက် ပုံမှန်သောက်သုံးခြင်းဖြင့် အပူချိန်လွန်ကဲမှုမှ တစ်ဆင့်ဖြစ်ပွားသော ခန္ဓာကိုယ်အတွင်း ရောဂါများ၊ အစာအိမ်ရောဂါများကို ခွဲစိတ်ကုသရသည်အထိ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည်။ ဆီး၊ဝမ်း၊ သွေး၊ လေမှန်၍ ကျန်းမာရေးအတွက် အထိရောက်ဆုံးသော ကာကွယ်ကုသခြင်းလည်းဖြစ်သည်။ ရောဂါမရှိသူများ သောက်သုံးပါက ကိုယ်ခံစွမ်းအား မြင့်မားလာပြီး သာမန်နှာစေး၊ ချောင်းဆိုး ဥတုရာသီဖျားမှစ၍ အခြားကူးစက်ရောဂါများကို အလိုအလျောက် ကာကွယ်ပြီးဖြစ်သည်။

မန်ကျည်းသီးမှည့်ဖြင့် တစ်ပတ်သုံးကြိမ်ခန့်ရေချိုးပေးပါက ပေါ့ပါးသွက်လက်သော ခန္ဓာကိုယ်နှင့် စိတ်အခြေအနေကို နေ့စဉ်ပိုင်ဆိုင်နိုင်ကြောင်း မိရိုးဖလာ လက်ဆင့်ကမ်းဗဟုသုတများအရ လက်တွေ့လိုက်နာကျင့်သုံးနေသူများလည်းရှိသည်။ အကျိုးထူးများ ခံစားနေရကြောင်းလည်း ကြားသိရသည်။ အသုံးပြုရေချိုးနည်းမှာ ရေချိုးခါနီး ရေဝဝသောက်၍ သောက်ထားသည့်ရေအား ဆီးသွားသည်အထိစောင့်၍ ဆီးသွားပြီးလျှင် လေလုံသောနေရာ၌ မန်ကျည်းသီးမှည့်အား မပျစ်မကျဲရေဖျော်ကာ တစ်ကိုယ်လုံးနေရာလပ်မကျန် လိမ်းရပါမည်။ ခြေဖဝါး၊ လက်ဖဝါးများအားရေဆွတ်၍ အိမ်သုံးဆား စတီးဇွန်းတစ်ဇွန်းခန့်စီကို ဘယ်ခြေညာလက်၊ ညာခြေဘယ်လက် အသုံးပြုပြီး နှစ်မိနစ်ကြာ (အကြိမ် ၆၀ စီ) ဒေါင့်တန်း ပွတ်တိုက်ပေးရမည်။ ငါးမိနစ်ကျော်ခန့် ခေတ္တစောင့်ပြီး ရေချိုးရမည်။

မန်ကျည်းသီးမှည့်ရည် လိမ်းခြင်း၊ ဆားပွတ်ပေးခြင်းကြောင့် ခန္ဓာကိုယ်တွင်း လူကိုဒုက္ခဖြစ်စေသော အပူ၊အပုပ်၊ အဆိုးဓာတ်များ ကိုယ်တွင်းမှထွက်လာပြီး ခေတ္တစောင့်ကာ ရေချိုးပေးခြင်းကြောင့် အရေပြားမှ တစ်ဆင့် အစုလိုက်၊ အပြုံလိုက် ထွက်ခွင့်ရပြီး ခန္ဓာကိုယ်၊စိတ်သန့်ရှင်းစင်ကြယ်ခြင်းကို ပြည့်ဝစွာရရှိနိုင်လေသည်။ အပူဓာတ်ခံ အားကြီးသူများ ရေချိုးပြီးပြီးချင်း ရုတ်တရက် ကိုယ်ပူတက်သကဲ့သို့ ဖြစ်နိုင်သော်လည်း နေ့စဉ်သုံးရက် ရေချိုးပေးပါက အပူငြိမ်းပြီး ပုံမှန်ရေချိုးရသကဲ့သို့ ပြန်ဖြစ်စေသည်။ တစ်ပတ်သုံးကြိမ်ဟု ဆိုရသော်လည်း နေ့စဉ်ထိုနည်းအတိုင်း ရေချိုးပေးပါက နွေပူပူ၊ လေပူပူအောက်မှာပင် အေးမြသော အသားအရေနှင့် ခံစားမှုကိုရရှိနိုင်ပါလိမ့်မည်။

ပွေး၊ ဝဲ၊ ဒက်၊ ညှင်း၊ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်၊ အနာစက်၊ အနာစို၊ အနာစိမ်း၊ အနာလုံးနှင့် အဖုအကျိတ်အမျိုးမျိုး၊ ယားနာ အမျိုးမျိုး၊ အသက် ၄၀ ဝန်းကျင်ခန့်တွင်စ၍ ထွက်တတ်သော အသားပိုအသီးလေးများနှင့် ကြွက်နို့၊ ငါးမျက်စိ၊ အသားမာများကို လည်းကောင်း၊ ပုရွက်ဆိတ်၊ ကြမ်းပိုး၊ ခူကောင်၊ ဗောက်ဖတ်နှင့် ကင်းအမျိုးမျိုးတို့၏ အဆိပ်ကြောင့် ဖြစ်တတ်သော ယားယံခြင်း၊ အဖုအပိမ့်ထွက်ခြင်းများကို လည်းကောင်း၊ မန်ကျည်းသီးမှည့်ရည်ဖြင့် ဆေးကြောပြီး ကွမ်းသီးစိမ်းနုအား သွေးလိမ်းပေးပါက သက်သာပျောက်ကင်းစေသည်။ အနာစိမ်းနှင့် အနာလုံး၊ အဖုအကျိတ်များကြီးပါက အနာထိပ်နေရာကိုချန်၍ မန်ကျည်းသီးမှည့်ဖြင့် ပွတ်လိမ်းပြီး ငုခေါက်ကို မန်ကျည်းအပေါ်ရည်ဖြင့် သွေးလိမ်းပေးပါက လည်းပျောက်ကင်းနိုင်ပြီး နုလျှင် ပိန်ကာ ရင့်လျှင် ပေါက်တတ်သည့်သဘောရှိသည်။

ဦးရေပူခြင်း၊ ဗောက်ထခြင်း၊ ဦးခေါင်းချွေးထွက်ခြင်း၊ ဆံပင်အဖျားများနှစ်ခြမ်းကွဲခြင်း၊ ဆံပင်ကျွတ်ခြင်းနှင့် ဦးခေါင်းယားယံနံစော်ခြင်းတို့ ပျောက်ကင်းလိုပါက မန်ကျည်းသီးဖျော်ရည်ဖြင့် စနစ်တကျ ရေချိုးပြီးလျှင် အနည်နှင့်အဖတ်များစစ်ထားသော မန်ကျည်းရည်ကျဲကျဲဖြင့် ဆံပင်အရင်းသို့စိမ့်ဝင်အောင် ဖြည်းဖြည်းချင်း ပွတ်ပေးရမည်။ ငါးမိနစ်ခန့်ပွတ်တိုက်ပြီး ပါကမိမိနှစ်သက်ရာ ခေါင်းလျှော်ရည်သို့မဟုတ် တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပေးရမည်။ တရော်ကင်ပွန်းရည်က ပိုမိုအကျိုးသက်ရောက်မှုမြန်ဆန်သည်။

နှာခေါင်းအနံ့ ချို့တဲ့သူများအနေဖြင့် မန်ကျည်းရည် မပျစ်မကျဲကို နဖူးနှင့် နှာခေါင်းပေါ်တွင် ညအိပ်ရာဝင်ခါနီးတိုင်း လိမ်းပေးခြင်း၊ မန်ကျည်းရေရှူပေးခြင်းများလုပ်ပေးပါက လပိုင်းအတွင်း အနံ့အာရုံ ထက်မြက်လာစေလိမ့်မည်။ အဆစ်အမြစ်ရောင်ခြင်း၊ ကိုက်ခဲခြင်း၊ အကြောတက်ခြင်းများအတွက် မန်ကျည်းသီးမှည့်ရည်ကျဲကျဲမကြာခဏ ပွတ်လိမ်းခြင်းဖြင့်လည်း သက်သာပျောက်ကင်းစေသည်။

မန်ကျည်းသီးမှည့်မှာ ကွမ်းရွက်ကဲ့သို့သော ဉာဏ်ရှိသရွေ့ သုံးနိုင်သော ဘက်စုံသုံး နတ်ဆေးတစ်ပါးဟုပင် ဆိုရပေလိမ့်မည်။ မန်ကျည်းရွက်ချဉ်ရည်ဟင်းကလည်း ခံတွင်းမြိန်စရာ ကောင်းလှသည်။ မန်ကျည်းသား စဉ်းတီတုံးလေးများကလည်း အိမ်အများစု၏ မီးဖိုချောင်တွင် နေရာယူထား နေဆဲဖြစ်သည်။ မန်ကျည်းတော်ဖီနှင့် မန်ကျည်းသီးမှည့် ဖြင့်လုပ်ထားသော မုန့်လေးများကိုလည်း မုန့်ဆိုင်များတွင် တွေ့ရလိမ့်မည်။ ကျွန်တော့်အိမ်၌ ကလေးများ နွေရာသီတွင်မိတ်ထွက်၍ ယားယံနေလျှင်လိမ်းရန် မန်ကျည်းခေါက်လေးက သနပ်ခါးခြင်းတောင်းထဲတွင် နေရာယူထားသည်။

နတ်မောက်နယ်ဇာတိအဘွားက မန်ကျည်းသီးစိမ်းချက်ချက်ပေးဖို့ မကြာခဏ အမေ့ကိုခိုင်းတတ်ပြီး ကျွန်တော်တို့မောင်နှမများမှ ကြက်ဥပြုတ်လေးစိတ်ခြမ်း ထည့်ထားသော မန်ကျည်းသီးမှည့်ချက်ကို အလွန်ကြိုက်ခဲ့သည်။ လူငယ်ဘဝဖြတ်သန်းခဲ့ရစဉ်က " မိန်းမမာယာ သဲကိုးဖြာ" ဟု ရွယ်တူမိန်းကလေးများကို မခံချင်အောင် ပြောမိလေတိုင်း "ယောကျာ်းမာယာကလည်း မန်ကျည်းကိုးပင်" ဟု မာယာများပုံကို မန်ကျည်းရွက်လေးများနှင့် ခိုင်းနှိုင်းပြော၍ တုံ့ပြန်တတ်ကြပုံကို မှတ်မိနေသေးသည်။ မန်ကျည်းပင်၏ ကိုင်းများမှာ ခိုင်မာသော အမျှင်များဖြင့် ဖုံးအုပ် ဖွဲ့စည်းထားဟန်ရှိပြီး "မန်ကျည်း တစ်ညို လူတစ်ခို" ဟုလည်း ကြားဖူးနားဝရှိခဲ့ဖူးသည်။

မန်ကျည်းသီးမှည့်သည် အပူဒဏ်ကိုကောင်းစွာခံနိုင်ပြီး ချဉ်သောသတ္တိရှိသည့် အသီးများတွင် အပူဒဏ်ကို လုံးဝမမှုသည့် အသီးဖြစ်ကြောင်း တွေ့ရသည်။ သံပရာသီးတစ်လုံးနှင့် ရွယ်တူ၊ အလေးချိန်တူ မန်ကျည်းသီးမှည့်တစ်လုံးတို့အား နေပူပူရှိ သံပြားပေါ်တွင် ဖြိုင်တူချ၍ ထားကြည့်ပါက တစ်ပတ်ခန့်ကြာသော် သံပရာသီးမှာ ပိန်လိန်ရှုံ့တွသွားသော်လည်း မန်ကျည်းသီးအမှည့်အလုံးမှာ ထူးခြားသောပြောင်းလဲမှုမရှိကြောင်း တွေ့ရပေလိမ့်မည်။ ခန္ဓာကိုယ်အပူများကို အန်တုနိုင်သောအသီးဖြစ်ကြောင်း ကိုးကားယုံမှားသံသယဖြစ်ဖွယ် မမြင်ပေ။

ကျွန်တော်သိသော မန်ကျည်းသီးမှည့်အကြောင်းများက နည်းလွန်းလှသည်။ သို့သော် လူသားတစ်ဦး၏ ကိုယ်တွင်းကိုယ်ပ အပူဟူသမျှကိုနိုင်နင်းသော အရာဟူ၍ လည်းကောင်း၊ မြတ်ဘုရား၏ ရွှေအဆင်းမျက်နှာတော်ကို ဖူးတွေ့ခွင့်ရ၍ သောကအပူမီးများကို ငြိမ်းအေးစေတတ်သောအရာဟူ၍ လည်းကောင်း ကျွန်တော်သိသည်။ ကျွန်တော့်အဖို့ အပူအပင်ကင်းစေသော မန်ကျည်းသီးမှည့်လေးများရှိကြောင်း လောကနှင့် လူ့ပတ်ဝန်းကျင်မှ သင်ကြားခွင့်ရခဲ့ပြီးဖြစ်သည်။

## ကျောက်တံခါးမြို့နယ်တွင် တရားမဝင်ကျွန်းသစ်လုံးများနှင့် ပျဉ်းကတိုးခွဲသားများ ဖမ်းဆီးရမိ

**ကျောက်တံခါး ဧပြီ ၂၅**

ကျောက်တံခါးမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့မှ သစ်တောဦးစီးမှူးနှင့် သစ်တောဝန်ထမ်းများ ပူးပေါင်းစစ်ကြောင်းဖြင့် ဧပြီ ၂၀ ရက် နံနက် ၈ နာရီက ကျောက်တံခါးမြို့နယ် မြို့ချောင်းကျေးရွာအုပ်စု ရဲနွယ်ဆည်ရေပိုလွှဲတာနယ်ပေါက်အနီးတွင် တရားမဝင် ကျွန်းသစ်လုံး ၂၆ လုံး ၂ ဒသမ ၀၅၈၀ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါ ပူးပေါင်းစစ်ကြောင်းအဖွဲ့မှ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက သတင်းအရ ဆက်လက်ရှာဖွေခဲ့ရာ ကျောက်တံခါးမြို့နယ် ငွေးကုန်းကျေးရွာအုပ်စု ခင်တန်းကြီးကျေးရွာ ကလောမြောင်းအနီးတွင် ကျွန်းသစ်ခွဲသားဆိုဒ်စုံအချောင်း ၁၇၀၊ ၆ ဒသမ၅၃၆၈ တန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ပြီး အဆိုပါအဖွဲ့သည် ရဲနွယ်ကြိုးဝိုင်း၊ ဘိုင်းဒါးကြိုးဝိုင်း၊ အမြန်လမ်းအနီးနှင့် ရဲနွယ်ဆည်ရေပိုလွှဲအနီးတစ်ဝိုက်တို့တွင် တရားမဝင်သစ်ခိုးထုတ်၍ သယ်ယူပို့ဆောင်နေသောအဖွဲ့များကို ဖမ်းဆီးနိုင်ရေးအတွက် ဆက်လက်ရှာဖွေဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ကွန်ပျူတာစနစ်ဖြင့် အခြေခံမဲစာရင်းများပြုစုဆောင်ရွက်

**ရန်ကုန် ဧပြီ ၂၅**

ယခုနှစ် အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလဆန်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အကြိုလုပ်ငန်းများဖြစ်သည့် မဲဆန္ဒရှင်ပြည်သူစာရင်းများ တိကျမှန်ကန်မှုရှိစေရေးအတွက် ကွန်ပျူတာဖြင့် အခြေခံမဲစာရင်း ပြုစုထိန်းသိမ်းထည့်သွင်းခြင်းလုပ်ငန်းများကို ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွင် မတ်လမှစတင်၍ ကွန်ပျူတာဖြင့်မဲစာရင်းထည့်သွင်းဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၅ အုပ်စုတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၁၄၂၀၅၀ ခန့်ကို အမြန်ဆုံး ရေးသွင်းပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၂ ရက်က ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၀၅၀၀ ကို မဲစာရင်းပြုစုရေးသွင်းပြီးဖြစ်သည်။

ကွန်ပျူတာဖြင့် မဲဆန္ဒရှင်စာရင်းပြုစုထည့်သွင်းခြင်းလုပ်ငန်းများကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေနှင့် အဖွဲ့ဝင်များကကြီးကြပ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးဦးစီးအရာရှိ ဒေါ်သန်းသန်းစိုး ဦးဆောင်ကာ ကွန်ပျူတာ ၁၅ လုံး၊ ဌာနဆိုင်ရာများမှ ကွန်ပျူတာ ကျွမ်းကျင်သူ ၁၁ ဦး၊ ပညာရေးဌာနမှ ကွန်ပျူတာကျွမ်းကျင်ဆရာ ဆရာမ ၁၀ ဦးဖြင့် မဲစာရင်းရေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာ ရပ်ကွက်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက မဲစာရင်းများ ကူညီဖတ်ကြားပေးကြသည်။

ကွန်ပျူတာဖြင့် အခြေခံမဲစာရင်းပြုစုရေးသွင်းခြင်းလုပ်ငန်းများကို မေ ၁၆ ရက်နောက်ဆုံးထား အပြီးသတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ ဝန်ထမ်းအိမ်ရာများ ရာနှုန်းပြည့်တည်ဆောက်ပြီး



**နေပြည်တော် ဧပြီ ၂၅**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံကြီးတွင် တိုးချဲ့ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နေမှုမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ အတွင်းလူနာများလက်ခံကုသခဲ့ပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသာကမ ဒေသခံပြည်သူများကိုပါ ပြုစုကုသပေးလျက်ရှိရာ အဆိုပါဆေးရုံကြီးတွင် ဝန်ထမ်းအင်အား ၂၁၅ ဦးရှိပြီး ဝန်ထမ်းများနေထိုင်နိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ တိုးချဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ထမ်းအိမ်ရာများကို ယခင်ဆေးရုံကြီး စတင်ဖွင့်လှစ်စဉ်က ဝန်ထမ်း ၆၆ ဦးနေထိုင်ရန် ၁၀ခန်းတွဲနှစ်ထပ် သုံးလုံးနှင့် နှစ်ခန်းတွဲ သုံးထပ်တစ်လုံး တည်ဆောက်ခဲ့ပြီး ယခုအခါ ဝန်ထမ်းအင်အားများပြားလာသည့်အတွက် ခြောက်ခန်းတွဲလေးထပ်ဆောင် တစ်လုံး၊ လေးခန်းတွဲ လေးထပ်ဆောင်တစ်လုံးနှင့် လေးခန်းတွဲတစ်ထပ်ဆောင် လေးလုံးကို တိုးချဲ့ဆောက်လုပ်ခြင်းဖြစ်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်ဝဏ္ဏစိုးထံမှ သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# မူဆယ် (၁၀၅) မိုင်ရှိ ကမ္ဘောဇသိင်္ဂီသီလရှင်ကျောင်းတွင် မြန်မာ-တရုတ်အမျိုးသမီးရေးရာအဖွဲ့ က လှူဖွယ်ဝတ္ထုပေးအပ်



**မူဆယ် ဧပြီ ၂၅**

ဧပြီ ၂၄ ရက်က မူဆယ်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် တရုတ်နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့တို့သည် မိုင်းယု (၁၀၅) မိုင်ကျေးရွာရှိ ကမ္ဘောဇသိင်္ဂီသီလရှင်ကျောင်းတွင် ကျောင်းထိုင် ဆရာကြီးနှင့် နှစ်နိုင်ငံရှိ အမျိုးသမီးရေးရာအဖွဲ့တို့သည် သီလရှင်ကျောင်းတွင်း၊ ကျောင်းပြင် လိုအပ်ချက်များကို လိုက်လံကြည့်ရှုခဲ့ကြပြီး သီလရှင်ကျောင်းအတွက် သစ်သီး၊ မုန့်၊ လက်ဖက်ခြောက်၊ အချိုရည်များကို လှူဒါန်းသွားခဲ့ကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

# အိမ်ခြေ-ယင်းတိုက်မူးမြစ်ကူးတံတားအမှတ်(၂) ၉၅ ရာခိုင်နှုန်းဆောက်လုပ်ပြီးစီး

**ကျွန်းလှ ဧပြီ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်နှင့် ကောလင်းမြို့နယ်တို့ ဆက်သွယ်ထားသော အိမ်ခြေ-ယင်းတိုက်မူးမြစ်တံတားအမှတ်(၂)ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထိုမူးမြစ်ကူးတံတားအမှတ်(၂)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးဖွဲ့(၂)မှ တာဝန်ယူတည်ဆောက်လျက်ရှိပြီး တံတားအရှည် ပေ ၆၅၀၊ အကျယ် ပေ၃၀ ရှိ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"ကျွန်တော်တို့ ကျေးရွာတွေမှာ ယခင်က ကျေးရွာတစ်ရွာနဲ့တစ်ရွာ ကူးရာမှာ မူးမြစ်ကို လှေနဲ့ကူးရပါတယ်။ အခု အမှတ်(၂)မူးမြစ်ကူးတံတားတည်ဆောက်ပြီးရင် ကျွန်းလှမြို့နယ်၊ ကောလင်းမြို့နယ်နဲ့ ကန့်ဘလူမြို့နယ်တွင်း ကျေးရွာတွေသွားလာရေးလွယ်ကူပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ကုန်စည်ကူးသန်းမှု ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့စားသုံးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သော အစားအသောက်များ၌ သုံးစွဲရန် ခွင့်မပြုသော ဆိုးဆေးများပါဝင်ခြင်းကြောင့် စားသုံးရန်မသင့်သော အစားအသောက်များဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသော ဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**အမှတ်တံဆိပ်နှင့်အစားအသောက်အမျိုးအစားများ**

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | ခွင့်မပြုဆိုးဆေးပါဝင်မှု |
|---|---|---|---|
| ၁။ | ရေခဲမုန့်ခွက်ဝေဖာ(ပန်းရောင်) | အမှတ်တံဆိပ်မပါ | Rhodamine B |
| ၂။ | တုတ်ထိုးချိုချဉ်(အနီရောင်) | အမှတ်တံဆိပ်မပါ | Rhodamine B |
| ၃။ | တုတ်ထိုးချိုချဉ်(အစိမ်းရောင်) | အမှတ်တံဆိပ်မပါ | Rhodamine B |
| ၄။ | တုတ်ထိုးချိုချဉ်(အဝါရောင်) | အမှတ်တံဆိပ်မပါ | Auramine O |
| ၅။ | စတော်ဘယ်ရီနို့ဝေဖာ | ပင်ကီ (Pinky) | Rhodamine B |
| ၆။ | တုတ်ထိုးချိုချဉ်(အဝိုင်း) | အမှတ်တံဆိပ်မပါ | Rhodamine B |
| ၇။ | ငရုတ်ဆီထုပ် | ရွှေနဂါး | Orange II |
| ၈။ | ငရုတ်ဆီ(ပလတ်စတစ်ဘူး) | ရွှေနဂါး | Orange II |
| ၉။ | ချိုချဉ်ချောင်း | ရွှေသဇင် | Rhodamine B |
| ၁၀။ | ကိုးသုံးလုံး | ဂျုံခေါက်ဆွဲ | Borax |
| ၁၁။ | ငရုတ်ဆီ | သားသားလေး | Rhodamine B |
| ၁၂။ | အရောင်တင်မှုန့် | ရွှေမိုး | Sudan III |
| ၁၃။ | အရောင်တင်မှုန့် | ဘုရင် | Sudan III |
| ၁၄။ | ငါးပိထောင်းဘူး | တုံတုံ | Rhodamine B |
| ၁၅။ | အရောင်တင်မှုန့် | နွယ် | Sudan III |
| ၁၆။ | အရောင်တင်မှုန့် | ဘုတ်ဘုတ် | Sudan III |
| ၁၇။ | အရောင်တင်မှုန့် | မွှေးမွှေးလေး | Sudan III |
| ၁၈။ | အရောင်တင်မှုန့် | ရွှေယုန်မင်း | Sudan III |
| ၁၉။ | ကြံပြား(ကပ်စေးနှဲ) | Angry Bird ရုပ်ပုံပါ | Rhodamine B |
| ၂၀။ | ဂျုံခေါက်ဆွဲ | ကောင်းကောင်း | Borax |
| ၂၁။ | လက်ဖက် | ဟသ်ာမင်း | Auramine O |

**ကျန်းမာရေးဝန်ကြီးဌာန**

# လောက်ကိုင်တိုက်ပွဲရှောင်ရာမှ သေဆုံးခဲ့သူပြည်သူများ၏ ကျန်ရစ်သူမိသားစုများအား ထောက်ပံ့

**တောင်တွင်းကြီး ဧပြီ ၂၅**

လောက်ကိုင်ဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်ခဲ့ကြသည့် မကွေးတိုင်း ဒေသကြီး တောင်တွင်းကြီးမြို့နယ် ရေဝေအုပ်စု မြင်းစုကျေးရွာမှ လောက်ကိုင် ဒေသ တိုက်ပွဲဖြစ်စဉ်များကြောင့် တိုက်ပွဲရှောင်ရာမှ သေဆုံးသွားခဲ့သည့် ပြည်သူခြောက်ဦးတို့၏ ကျန်ရစ်သူမိသားစုများအား ဧပြီ ၂၃ ရက် နံနက် ၁၁ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်းတို့က သေဆုံးသူတစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# မူလတန်းကျောင်း ၁၀ ကျောင်း ယူနီဆက်ဖ်တည်ဆောက်မည်

**ရန်ကုန် ဧပြီ ၂၅**

ကမ္ဘာ့ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ယူနီဆက်ဖ်မှ ယခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မူလတန်းစာသင်ကျောင်း ၁၀ ခန့်ကို ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မူလတန်းပညာသင်ကြားရေး ပိုမိုအားကောင်းလာစေရန်အတွက် ရည်ရွယ်ကာ ယူနီဆက်ဖ်မှ သုံးနှစ်စီမံကိန်းဖြင့် စာသင်ကျောင်း ၃၀ ခန့်ကို ဆောက်လုပ်အကောင်အထည်ဖော်လျက်ရှိရာ နောက်ဆုံးနှစ်အဖြစ် ၂၀၁၅ ခုနှစ်အပြီး မူလတန်းကျောင်း ၁၀ ကျောင်းခန့်ကို ရန်ကုန်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာသင်ကျောင်းများကို စိစစ်ရွေးချယ်ရာတွင် ဆင်းရဲနွမ်းပါးသည့် ကလေးငယ်များနှင့် ကျောင်းနေရန် အခက်အခဲရှိသူများအတွက် သင့်လျော်ရာနေရာများကို ရွေးချယ်ထားပြီး ကျောင်းဆောင်အပြင် ကလေးငယ်များအတွက် သန့်ရှင်းသပ်ရပ်သော ကစားကွင်းများ၊ သောက်သုံးရေကန်များနှင့် သန့်ရှင်းသော ယင်လုံအိမ်သာများကိုပါ ထည့်သွင်းတည်ဆောက်ပေးမည်ဟု ယူနီဆက်ဖ်(မြန်မာ)မှ သိရသည်။

အဆိုပါ စီမံကိန်းကို ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် Swiss Agency for Development မှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ သန်းဖြင့် ထောက်ပံ့ပေးထားပြီး သုံးနှစ်စီမံကိန်းကာလ သတ်မှတ်ကာ မြန်မာနိုင်ငံအနှံ့အပြား မူလတန်းစာသင်ကျောင်းပေါင်း ၃၀ ကို တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သတင်း-သွန်းဝသန်၊ ဓာတ်ပုံ-Denis**



## ဓာတ်တိုင်နှင့် ဓာတ်အားလိုင်းကြိုးများ တပ်ဆင်ပြီးစီး



**ရန်ကုန် ဧပြီ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းမကြီး တိုးချဲ့ပြုပြင်နိုင်ရေးအတွက် မြို့နယ်အတွင်း မြေအနေအထားအရ မလွတ်ကင်းသည့် ဓာတ်တိုင်များနှင့် နှစ်ထပ်ဓာတ်အားလိုင်းကြိုးများကို နေရာရွှေ့ပြောင်းစိုက်ထူခြင်းအား ဧပြီ ၂၃ ရက်က စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဓာတ်ကြိုးများနှင့် ဓာတ်တိုင်များကို ပြောင်းရွှေ့စိုက်ထူခြင်း၊ သွယ်တန်းခြင်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ ဦးစီးဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းလမ်းအရှည် ပေ ၅၃၀၀ တွင် ယခင်က ၁၀ မီတာဓာတ်တိုင်များအစား ၁၂ မီတာ ဓာတ်တိုင် ၄၄ တိုင်ဖြင့် အစားထိုးခဲ့ပြီး ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထို့နောက် ဓာတ်အားကြိုးလိုင်းအသစ်များ သွယ်တန်းခြင်း၊ ပြန်လည်ချိတ်ဆက်ခြင်းနှင့် ဟောင်းနွမ်းသည့် အမ်းနှင့်ကြွေသီးများ အသစ်လဲလှယ်ခြင်းများကို မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်မိုး၊ အင်ဂျင်နီယာ ဦးမင်းမင်းဦးတို့ဦးဆောင်ကာ ကျွမ်းကျင်ဝန်ထမ်း ၆၀ တို့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြင့်သန်းကြည်(ရွှေပြည်သာ)**

## သတင်းတို

### ရေးမြို့၌ဆက်သွယ်ရေးတာဝါတိုင်များစိုက်ထူ

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အများပြည်သူများအားအချိန်မီ လက်ဝယ်သို့ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ အလွယ်တကူချိတ်ဆက်ခေါ်ဆိုနိုင်ရန်အတွက် တာဝါတိုင်စိုက်ထူထားရှိပြီး အဆိုပါမြန်မာ့ဆက်သွယ်ရေးမှ စိုက်ထူထားရှိသည့်တာဝါတိုင်မှ တန်ဖိုးနည်းမိုဘိုင်းဖုန်းအချင်းချင်း ချိတ်ဆက်ခေါ်ဆိုသုံးစွဲသူများမှာ ကျောင်းရွာကျေးရွာအုပ်စုအပြင် အနီးအနားပတ်ဝန်းကျင်ကျေးရွာများနှင့် စိုက်ပျိုးတောင်သူ၊ ခြံလုပ်ငန်းလုပ်ကိုင်သူများအတွက်ပါ အလွယ်တကူ ချိတ်ဆက်ခေါ်ဆိုနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

## သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအလေးထားဆွေးနွေး

**ငါန်းဇွန် ဧပြီ ၂၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်၌ (Exim Bank of China) ချေးငွေ တိုးမြှင့်ထုတ်ချေးနိုင်ရေးအတွက် ဧပြီ ၂၃ ရက်က စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများဖြစ်သည့် ဘုရားထူးကျေးရွာ၊ ညောင်ချင်းကျေးရွာနှင့် ကမ္ဘကျေးရွာအသင်းများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ဇံ၊ ငါန်းဇွန်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ ရောက်ရှိပြီး အသင်းသားများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဘုရားထူးကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ အသင်းသား ၅၂ ဦးနှင့်လည်းကောင်း၊ ညောင်ချင်းကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ အသင်းသား ၄၈ ဦးနှင့်လည်းကောင်း၊ ကမ္ဘကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ အသင်းသား ၇၉ ဦးနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးပြီး အသင်းတွင်ထားရှိရမည့် စာရင်းဇယား ပုံစံ(၈)မျိုးကို ကြည့်ရှုကာ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ **သက်နောင်ဦး(ငါန်းဇွန်)**




### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။
(၂) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၄-၂၀၁၅ရက်
(၃) **တင်ဒါပိတ်မည့်ရက်** - ၃၀-၄-၂၀၁၅ရက်
(၄) **တင်ဒါပိတ်မည့်အချိန်** - ညနေ ၃ နာရီ
(၅) တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### အိမ်ခြံမြေ ရောင်းရန်ရှိသည်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ ကံ့ကော်လမ်းမကြီး၊ သီရိအောင်မြေ ၄ လမ်း၊ ပေ(၄၀×၆၀) မြေကွက်နှင့် သွပ်မိုးပျဉ်ထောင် တစ်ထပ်နေအိမ်၊ ပိုင်ရှင်ကိုယ်တိုင်နေသည်။

**ကျပ် ၆၅ သိန်းတိတိ**
**စုံစမ်းရန်- ဒေါ်ခေါင်နော**
**၁/မကန(နိုင်)၁၇၁၈၂၀**
**ဖုန်း-၀၉-၃၆၁၄၄၈၅၅**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဝင်းနောင် မှတ်ပုံတင်အမှတ်-၉/မတလ(နိုင်)၀၁၄၁၆၄ ၏ တင်သွင်းထားသော Mitsubishi Colt Plus Chassis No:Z23W-0605722 ၏ Custom ID နှင့် သွင်းကုန်ပါမစ် မူရင်းတို့သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် - 09 5504202

### အများသိစေရန်ကြေညာခြင်း

ဒေါ်ရင်လီ ၁၃/လရန(နိုင်)၁၀၀၄၆၇ ပိုင်ဆိုင်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်၊ ရပ်ကွက်(၈)၊ အကွက်အမှတ် (၂၅)၊ လုံလောက်ရပ်၊ ဦးပိုင်အမှတ် (၄/ခ)၊မြေချိန်ဧရိယာ ၀ ဒသမ ၁၇၀၈ဧ၊ မြေဂရန်အမှတ်အမှတ် (၇၄-၅/၂၀၀၆-၂၀၀၇)(အေ)နှင့် ၎င်းမြေကွက်ပေါ်ရှိ အာရ်စီတစ်ထပ်တိုက် အပါအဝင် ယင်းမြေကွက်နှင့် ပတ်သက်သမျှ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၂၄-၄-၂၀၁၅ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဒေါ်လော်ကွမ်မေ ၁၃/လကန(နိုင်)၀၀၂၇၂၉အား အပြီးအပိုင်ရောင်းချပြီးဖြစ်သဖြင့် အဆိုပါအရောင်းအဝယ်ပြုလုပ်သည့် လားရှိုးမြို့နယ် ကာလတန်ဖိုးစိစစ်ရေးအဖွဲ့မှ သတ်မှတ်သောရောင်းခွန်၊ ဝယ်ခွန်အားလုံးတို့ကို ရောင်းချသူ ဒေါ်ရင်လီမှ တာဝန်ယူမည်မဟုတ်ဘဲ ဝယ်ယူသူ ဒေါ်လော်ကွမ်မေ၏ တာဝန်သာဖြစ်သည်ကို အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဥမ္မာ**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၅၀၂၉၅၆၆**

### အားမာန်ပညာ့ရိပ်သာ

B.Ed ဝင်ခွင့် နေ့စဉ်တက်
သင်တန်း (၃-၅-၂၀၁၅) စဖွင့်မည်။

အမှတ် ၉၀ (၅လွှာ)၊ ၃၇လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၁-၃၇၄၄၇၀၊ ၀၉-၂၅၀၃၁၂၃၇၉


### ငြင်းချင်းထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### တောင်ငူခရိုင်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် -၃၃

ဒေါ်တင်တင်မိုး နှင့် ၁။ ဒေါ်နီနီစိုး
၂။ ဦးစည်သူအောင်

**တရားလို** **တရားပြိုင်များ**

ကျောက်ကြီးမြို့နယ်၊ သိမ်တန်းရပ်ကွက်၊ အမှတ် D/၁၅၇နေ (၁)တရားပြိုင် ဒေါ်နီနီစိုး (ဘ) ဦးပွ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုက တရားမဝင်ပျက်ပြယ်သော အိမ်နှင့်ခြံ မေတ္တာဖြင့် အပေးစာချုပ်ဖြစ်၍ တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆို နိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် မေ ၄ရက် (၁၃၇၇ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သောရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့အပ်လိုက်မည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဧပြီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူပြာအေး)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**တောင်ငူခရိုင်တရားရုံး**


### JES Driver Academy

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနားလည်ပြီးကျွမ်းကျင်စွာယာဉ်မောင်းတတ်လိုသူများ အတွက်၊ (က.ည.န) အငြိမ်းစားများဦးစီးသော**JES Driver Academy**သင်တန်းအမှတ်စဉ်(၄/၁၅) ဖွင့်ပါပြီ။ မေလ(၅)ရက်နေ့ (၅.၅.၂၀၁၅) အင်္ဂါနေ့တွင် သင်တန်းစတင်ပါမည်။ သင်တန်းကြေးမှာအမောင်းသင် - ၇၀၀၀၀/- နှင့်အတတ်သင် - ၁၄၀၀၀၀/- ဖြစ်ပါသည်။ အောက်ပါနေရာနှင့် တယ်လီဖုန်းနံပါတ်များတွင်စုံစမ်းစာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်းအသိပေးအပ်ပါသည်။*အမှတ်(၆)၊ပထမထပ်၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။*

*09 8581144, 09 32173735,*
*09 421033567,09 420165439, 09 421037413*
*www.facebook.com/jesdriveracademy*

### JES Driver Agency အတွက်

ယာဉ်မောင်းသင်တန်းတက်လိုသူများသင်တန်းကြေး-၃၀၀၀၀/-ကျပ် ဖြင့်တက်ရောက်နိုင်ပါသည်။ (၅.၅.၂၀၁၅)ရက်နေ့တွင်ဖွင့်ပါမည်။ (ခ) ယာဉ်မောင်းလိုင်စင်ရသည်အထိဆောင်ရွက်ပေးပါသည်။ လိုင်စင်ရှိသူများလည်း ဆက်သွယ်နိုင်ပါသည်။ အောက်ပါတယ်လီဖုန်းများတွင်စုံစမ်းနိုင်ပါသည်။

*09 8581144, 09 32173735*


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈/၁)၊ မြေကွက်အမှတ်(၁၈၁-က)၊ မြေကွက်တည်နေရာ အမှတ်(၁၈၁/က)၊ (၁၆၁/၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးတေဇ) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတေဇထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဦးတင်စိန်(၁၂/သလန(နိုင်)၀၉၀၉၀၄)မှဝယ်ယူ၍ မြေချပါမစ်ခြကိုက်ပျက်စီးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်များတင်ပြ၍ ပါမစ်ခြကိုက်ပျက်စီးဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ပျောက်ဆုံးကြောင်း**

ကျွန်တော်များ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှု အုပ်စုလီမိတက် တ·က·သ အမှတ်-၂၇၈၄၆ လိုင်စင်စာရွက်မူရင်းမှာ ၁၅-၃-၂၀၁၅ ရက်တွင် ခရီးသွားရင်းပျောက်ဆုံးသွားကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဗန်းမောက်မြို့နယ် မန်ယူးကျေးရွာမှ အပျိုလုပျိုစေတီတော် ရှေးလက်ရာမပျက်ပြုပြင်ရန် ရှမ်းနီတိုင်းရင်းသားများမျှော်လင့်

**ဗန်းမောက် မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မန်ယူးကျေးရွာမှ ရှမ်းနီတိုင်းရင်းသား အများစု ကြည်ညိုပူဇော်ကြသော အပျိုလုပျိုစေတီတော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ရန်အတွက် ရှမ်းနီတိုင်းရင်းသားအချို့မျှော်လင့်နေကြကြောင်း သိရသည်။

"စေတီတော်ကြီးကို ဒေသခံအချို့က ဖြိုချပြီး အသစ်တည်ထားလိုကြသလို ကျွန်တော်တို့ကတော့ ရှေးဟောင်းအမွေအနှစ်က ပိုပြီးတန်ဖိုးကြီးတာကြောင့် စနစ်တကျနဲ့ ပြုပြင်ဖို့ အားသန်ပါတယ်။ လက်ရှိမှာ ဒေသခံတွေက မတည်ငွေကျပ်သိန်း ၁၀၀ ရှိထားပါတယ်။ ရှေးဟောင်းအမွေက လူမျိုးဂုဏ်ကို ဆောင်ပါတယ်။ ဘိုးဘေးတွေရဲ့ ဂုဏ်ကို မြင့်မားစေတယ်။ လူမျိုးရဲ့ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်းတွေကိုဖော်ပြတယ်။ စေတနာကောင်းနဲ့ အသစ်ပြန်လည်တည်ထားလိုတာကို သိရှိပေမယ့် ရှေးဟောင်းသမိုင်းဝင်အမွေအနှစ် ပျောက်ဆုံးမှာကို စိုးရိမ်တယ်"ဟု ရှမ်းနီတိုင်းရင်းသားတစ်ဦးဖြစ်သူ စအိုဆွာခမ်းဖက ပြောသည်။

ဗန်းမောက်မြို့နယ် မန်ယူးကျေးရွာတွင် ရှမ်းနီတိုင်းရင်းသားအများစုနေထိုင်ကြပြီး ရွာ၏အဓိပ္ပာယ်မှာ လက်ပံပင်ရွာဖြစ်ပြီး ရှေးအခါက ထမုံအုပ်ချုပ်သည့် ရွာကြီးတစ်ရွာဖြစ်ခဲ့သည်။ ရွှေခွန်မှူးများမှတစ်ဆင့် ရွှေဆက်သရသည့် ကျေးရွာဖြစ်ကာ ဝန်းသိုစဝ်ဖလုံ၏ လက်အောက်ခံရွာတစ်ရွာဖြစ်ကြောင်း ရှမ်းနီတိုင်းရင်းသားများထံမှ သိရသည်။

"ရွာရဲ့ထူးခြားချက်က သုံးထပ်တိုက်ထက်မြင့်တဲ့ စေတီကြီးတစ်ဆူနဲ့ ရှမ်းပြည်နယ် တောင်ပိုင်းတွေမှာရှိတဲ့ ကက္ကူစေတီတော်တွေလို တည်ထားတဲ့ စေတီတော်ကုန်းဖြစ်ပါတယ်။ အခုပြန်လည်ပြုပြင်လိုတဲ့စေတီကြီးက အပျိုလုပျိုစေတီဖြစ်ပြီး ကောင်းမှုပဆာဝ်ဖမာဝ်လို့ ခေါ်ဝေါ်ကြပါတယ်။ ရှမ်းနီအပျိုလုပျိုတွေ ငွေကြေးစုဆောင်းပြီး စေတီတည်တဲ့အလေ့အထကနေ ပေါ်ပေါက်လာခဲ့တာပါ။ ယနေ့လူငယ်တွေအတွက် အတုယူဖွယ်ရာလည်းဖြစ်တာမို့ အသစ်ပြန်လည်တည်ထားဖို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတွေ သုံးသပ်လေ့လာသင့်တယ်"ဟု ရှမ်းနီတိုင်းရင်းသားတစ်ဦးက ပြောပြသည်။

စေတီတော်၏ သက်တမ်းကြာမြင့်မှုကို မသိရှိသော်လည်း သမိုင်းဝင်စေတီတော်တစ်ဆူဖြစ်ကြောင်းကို တည်ဆောက်ထားပုံနှင့် သုံးစွဲသည့် အုတ်များကို ကြည့်ရှုခြင်းဖြင့် ပုဂံမှ စေတီတော်များနှင့် ဆင်တူနေကြောင်းသိရသည်။ အရံစေတီတော်များလည်း ပါဝင်ပြီး မုခ်ပေါက်တစ်ခုသာ ပါဝင်ကြောင်းသိရသည်။

"ရှမ်းနီလူမှုအဖွဲ့အစည်းတွေ၊ ရှမ်းစာပေနဲ့ ယဉ်ကျေးမှုအသင်းတွေ၊ ရှေးဟောင်းသုတေသနဌာနတွေနဲ့ သက်ဆိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူတွေ စုပေါင်းညှိနှိုင်းပြီး ရှေးလက်ရာမပျက် စောင့်ရှောက်ပေးဖို့ မျှော်လင့်ပါတယ်"ဟု ရှမ်းနီတိုင်းရင်းသားတစ်ဦးကလည်း ပြောကြားသည်။ **နန်းနွယ်နီထွန်း**

# မျိုးဆက်သစ်ရိုးရာလက်ဝှေ့ပြိုင်ပွဲများ သိမ်ဖြူအားကစားရုံတွင် အခမဲ့ကျင်းပခွင့်ရရှိ

**ရန်ကုန် မေ ၂၅**

မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကျင်းပခွင့်လိုင်စင်များကို အားကစားဝန်ကြီးဌာနနှင့် ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ပူးပေါင်းကာ ချထားပေးလျက်ရှိပြီး လိုင်စင်ရရှိသူများသည် မျိုးဆက်သစ်များ၏ တွဲဆိုင်းများကို သိမ်ဖြူအားကစားရုံတွင် အခမဲ့ကျင်းပခွင့်ရရှိမည်ဖြစ်ကြောင်း ရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှ သိရသည်။

လက်ဝှေ့ပြိုင်ပွဲများ ယခင်ကထက် ပိုမိုခေတ်စားလာပြီးနောက် ပွဲသွင်းခွင့်လိုင်စင်များကို ချထားပေးလိုက်ခြင်းဖြစ်ပြီး လိုင်စင်ကြေးအနေဖြင့် ပထမတန်းစားအဆင့်ကို ငွေကျပ်သိန်း ၃၀၊ ဒုတိယတန်းစားအဆင့်ကို ငွေကျပ်သိန်း ၂၀နှင့် တတိယတန်းအဆင့်ကို ငွေကျပ်ငါးသိန်း သတ်မှတ်ပေးဆောင်ကြရကြောင်း ပွဲသွင်းခွင့်လိုင်စင်ရရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ လိုင်စင်သတ်မှတ်ချက်အရ ပထမတန်းအဆင့် လိုင်စင်ရထားပြီးပါက ပြည်တွင်းပြည်ပ ပွဲစဉ်များအားလုံး ကျင်းပနိုင်မည်ဖြစ်ကာ ပြည်တွင်းပွဲစဉ်များ ကျင်းပခွင့်ကို ဒုတိယတန်းစားနှင့် မျိုးဆက်သစ်ပွဲများ ကျင်းပနိုင်ခွင့်ကို တတိယတန်းစား သတ်မှတ်ထားခြင်းဖြစ်သည်။

လာမည့်လအတွင်း ထွက်ရှိဖွယ်ရှိသော ရိုးရာလက်ဝှေ့ စည်းမျဉ်းအသစ်များကိုလည်း လိုင်စင်ရရှိသူများ လိုက်နာရန်လိုအပ်ပြီး မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပခွင့်ရ တတိယတန်းစားလိုင်စင်ရသူများအနေဖြင့် သိမ်ဖြူအားကစားရုံတွင် အခမဲ့ကျင်းပနိုင်မည်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သိရသည်။

"သိမ်ဖြူမှာ ပွဲသွင်းခက ငွေကျပ်သိန်း ၂၀ရှိပါတယ်။ ဒါပေမယ့်မြန်မာ့ရိုးရာလက်ဝှေ့ပညာကို ထုတ်ဖော်ဖို့နဲ့ မျိုးဆက်သစ်တွေကို မွေးထုတ်ပေးဖို့အတွက် များပြားတဲ့ပမာဏဖြစ်နေတာတွေ့ရပါတယ်။ အခုလို မျိုးဆက်သစ်တွဲဆိုင်းယှဉ်ပြိုင်ပွဲတွေ အခမဲ့လုပ်ဆောင်ပေးလိုက်ခြင်းက အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါတယ်။ အခြားပွဲစဉ်တွေတော့ အခုအစီအစဉ်မှာ မပါသလို အခြားပွဲကြီးတွေကိုလည်း ဈေးနှုန်းလျှော့ပေါ့ပေးသွားဖို့ ရှိပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

**သတင်း-ညဏ်မိုးမြင့်၊ ဓာတ်ပုံ-မောင်သဲဦး**



# ကျေးလက်တန်ဖိုးနည်းအိမ်ရာများ ဒီးမော့ဆို၌ တည်ဆောက်

**ဒီးမော့ဆို မေ ၂၅**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်တန်ဖိုးနည်း အိမ်ရာများကို တည်ဆောက်ပေးလျက်ရှိရာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၈၆ သန်းဖြင့် တဖိုကျေးရွာ၊ ဒေါဆိုဖျ ကျေးရွာနှင့် ဒေါပဲ့ကျေးရွာ တို့တွင် တန်ဖိုးနည်းအိမ်ရာ ၆၂ လုံးကို တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

"တန်ဖိုးနည်းအိမ်ရာတွေ တည်ဆောက်ပေးလို့ ကျေးလက်ပြည်သူတွေအတွက် အများကြီးအဆင်ပြေမှုရှိလာပါတယ်။ တဖိုကျေးရွာမှာ အလုံး ၂၀ ၊ ဒေါဆိုဖျကျေးရွာမှာ ၂၂လုံးနဲ့ ဒေါပဲ့ကျေးရွာမှာ အလုံး ၂၀ တည်ဆောက်နေတာ မကြာမီပြီးစီးတော့မယ်"ဟု မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

# တီးတိန်မြို့နယ်၌ ကျေးလက်လမ်းများ ချဲ့ထွင်

**တီးတိန် မေ ၂၅**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ သန်းဖြင့် ဆောင်ရွက်သော တုန်းဇန်-ငါလ်းဘွာလ်း-ဆွေင်းဆန်-လာလ်တာကြားလမ်း အရှည် ၁၇ မိုင်၊ အကျယ် ၁၈ ပေ တာချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တီးတိန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန်၊ တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝုန်ပြင်းထန်တို့ မေ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**




# မြန်မာအက အခြေခံကဗျာလွတ်အက သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

မြန်မာအက၏အခြေခံဖြစ်သော ကဗျာလွတ်အကကို စနစ်တကျ သင်ကြားတတ်မြောက်စေရေး၊ အနုပညာဖျော်ဖြေတင်ဆက်မှုများတွင် မြန်မာအကကို မှန်ကန်စွာ တင်ဆက်ကပြနိုင်ရေး ရည်ရွယ်ချက်ဖြင့် ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များ၊ ဝါသနာရှင်များကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ''မြန်မာအက အခြေခံကဗျာလွတ်အကသင်တန်း'' အောက်ပါအစီအစဉ်အတိုင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**သင်တန်းကာလ** - ၂၁-၅-၂၀၁၅ရက်မှ ၃၀-၅-၂၀၁၅ရက်အထိ ၁၀ ရက်
**သင်တန်းအချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ
**သင်တန်းဖွင့်လှစ်မည့်နေရာ** - ယဉ်ကျေးမှုစင်တာ၊ ကမ္ဘောဇရိပ်သာ၊ အမှတ် ၁၃၁၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့
**လက်ခံမည့်သင်တန်းသားဦးရေ** - (၃၀မှ ၆၀)အထိ

စိတ်ပါဝင်စားသူ ရုပ်ရှင်သရုပ်ဆောင်များ၊ အနုပညာရှင်များ၊ ဝါသနာရှင်များသည် လျှောက်လွှာပုံစံများကို ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တွင်လည်းကောင်း၊ Website.www.culture.gov.mmနှင့် www.facebook.com/ministry ofculture culturemyanmar တွင်လည်းကောင်း download ရယူ၍ လျှောက်ထားနိုင်ပါသည်။

အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ **ဆက်သွယ်စုံစမ်းနိုင်ပါသည်-**

**ဦးသစ်လွင်စိုး (ဌာနမှူး၊ သင်တန်းရေးရာဌာန)-ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၉-၇၃၀၂၃၉၀၅**
**ဦးခိုင်ထွန်း(ပါမောက္ခ၊ သဘင်ပညာဌာန)-ဖုန်း-၀၁-၅၉၀၂၅၉၊ ၀၉-၈၃၀၃၂၆၅**
**ဒေါ်ဝင်းသန်း(ပါမောက္ခ၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန)-ဖုန်း-၀၁-၅၉၀၂၆၂၊ ၀၉-၅၁၇၆၈၂၅**



# အဆိုးရွားဆုံးရလဒ်တွေနဲ့ ရင်ဆိုင်နေရတဲ့ ရာဖေးလ်နာဒယ်

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ မြေကြီးကွင်းဘုရင်အဖြစ် လူသိများတဲ့ တင်းနစ်ကစားသမားတစ်ဦးဖြစ်ပါတယ်။ သို့ပေမယ့် ဒီနှစ်ထဲမှာတော့ ပြိုင်ပွဲအတော်များများ ရှုံးပွဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဘာစီလိုနာအိုးပင်းပြိုင်ပွဲမှာ ၁၂ နှစ်တာအတွင်း အဆိုးရွားဆုံး ရလဒ်တွေနဲ့ရင်ဆိုင်ခဲ့ရပြီး ပြိုင်ပွဲမှအစောဆုံးထွက်ခဲ့ရပါတယ်။ အီတလီကစားသမား ဖာဆီယို ဖော့နီနီကိုရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရပါတယ်။ အီတလီကစားသမားဖော့နီနီဟာ ကမ္ဘာ့အဆင့် ၁၃ သာရှိပါတယ်။ တတိယအဆင့်ပြိုင်ပွဲမှာ ၆-၄၊ ၇-၆(၈-၆) နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။ နာဒယ်ရဲ့ ဒီရလဒ်မှာ ၂၀၀၃ ခုနှစ်က ၁၆ နှစ်သားအရွယ်မှာ ကစားခဲ့ပြီးနောက် အဆိုးရွားဆုံးလို့ ဆိုပါတယ်။ ကျွန်တော့်ရဲ့ကစားပုံက အတော်လေးညံ့ပါတယ်။ ကျွန်တော်ကောင်းကောင်းမကစားနိုင်တော့ပါဘူးလို့ ရာဖေးလ်နာဒယ်က ဆိုပါတယ်။ ရာဖေးလ်နာဒယ်ဟာ ဘာစီလိုနာအိုးပင်းဖလားကို ရှစ်ကြိမ်တိတိဆွတ်ခူးသွားတဲ့ ချန်ပီယံဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လက ၄င်းရဲ့ ၁၀ လုံးမြောက် ပြင်သစ်အိုးပင်းဖလားဆွတ်ခူးခဲ့ပြီးနောက် ဆိုးရွားတဲ့ရလဒ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။

---

# အာဆင်နယ်နဲ့ ချယ်လ်ဆီးအတွေ့မှာ အသင်းဟောင်းကိုပြန်လည်ရင်ဆိုင်ရမယ့် ဖာဘရီဂတ်စ်

ချယ်လ်ဆီးကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ဟာ တနင်္ဂနွေနေ့မှာကစားမယ့် အာဆင်နယ်နဲ့ ချယ်လ်ဆီးပွဲကစားရန် အီးမရိတ်ကွင်းသို့ပြန်လာပြီး အသင်းဟောင်းအာဆင်နယ်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။

အာဆင်နယ်နည်းပြ ဝင်းဂါးက ဖာဘရီဂတ်စ်ဟာ လေးစားသင့်တဲ့ ကွင်းလယ်ကစားသမားဖြစ်တယ်လို့ ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်မှာ ၂၀၀၃ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိကစားခဲ့တဲ့ ဖာဘရီဂတ်စ်အတွက် အာဆင်နယ်အသင်းနဲ့ ပြန်လည်တွေ့ဆုံရတဲ့ ဒုတိယမြောက်ပွဲဖြစ်လာဖွယ်ရှိပါတယ်။ ဖာဘရီဂတ်စ်နဲ့ပတ်သက်ပြီး အသင်းကိုပြန်လည်ခေါ်ယူဖို့ စဉ်းစားဖွယ်မရှိဟု ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ အာဆင်နယ်အနေနဲ့ ချယ်လ်ဆီးနဲ့တွေ့ဆုံပွဲမှာ အနိုင်ရဖို့ ကြိုးစားသွားမယ့်အနေအထားရှိပါတယ်။

လက်ရှိမှာ အာဆင်နယ်အသင်းဟာ ဒုတိယနေရာမှာရှိနေပြီး ထိပ်ဆုံးရောက် ချယ်လ်ဆီးက ၁၀ မှတ်အသာရထားပါတယ်။ အာစင်ဝင်းဂါးဟာ မော်ရင်ဟိုရဲ့ချယ်လ်ဆီးနဲ့ တွေ့ဆုံခဲ့ဖူးတဲ့ ၁၂ ပွဲမှာ အနိုင်ယူနိုင်ခြင်းမရှိသေးပါဘူး။ မော်ရင်ဟိုနဲ့ အာစင်ဝင်းဂါးတို့ဟာ ပရီမီယာလိဂ်မှာတော့ ပြိုင်ဘက်ကောင်းတွေဖြစ်လို့ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ရဲ့ တနင်္ဂနွေနေ့ပြိုင်ပွဲကတော့ တကယ့်ပွဲကြီးပွဲကောင်းတစ်ပွဲလို့ ပြောဆိုနေကြပါတယ်။ ဒါကြောင့် ဖာဘရီဂတ်စ်အနေနဲ့ အသင်းဟောင်း အာဆင်နယ်ကို ဘယ်လိုရင်ဆိုင်မလဲဆိုတာ ပရိသတ်တွေ စိတ်ဝင်စားနေကြပါတယ်။



# ဆာအူးလ်ရဲ့ အနာဂတ်



ဒီနှစ်ဘောလုံးရာသီကုန်ဆုံးတော့မယ့် ကာလတွေ တဖြည်းဖြည်းရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်း ကလပ်တွေကတော့ လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလမှာ ခြေစွမ်းထက်တဲ့ လူငယ်ကစားသမားတွေကို ခေါ်ယူဖို့ပြင်ဆင်နေကြပြီး လက်ရှိကစားနေတဲ့ ကလပ်အသင်းပွဲစဉ်တွေမှာ ဘယ်လောက်အထိခြေစွမ်းပြနေတယ်ဆိုတာ ကင်းထောက်တွေလွှတ်ပြီး စောင့်ကြည့်နေတဲ့အချိန် ဖြစ်ပါတယ်။

ဒီလိုခြေစွမ်းထက်တဲ့ လူငယ်ကစားသမားတွေထဲမှာ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီး၊ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာနဲ့ ဘိုင်ယန်မြူးနစ်တို့လို ထိပ်တန်းအသင်းတွေက အပြိုင်အဆိုင်ခေါ်ယူဖို့ ကြိုးစားချဉ်းကပ်နေတဲ့ ကစားသမားကတော့ စပိန်ကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းက အသက် ၂၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဆာအူးလ်ဖြစ်ပါတယ်။

နာမည်အပြည့်အစုံက ဆာအူးလ်နီဂွတ်ဇ်အက်စ်ကလာပတ်ဇ် ဖြစ်ပြီး စပိန်နိုင်ငံ အယ်လ်ချီမြို့ဇာတိ ဖြစ်ပါတယ်။ ငယ်စဉ်ကစားတဲ့အရွယ်ကတည်းက ထူးခြားတဲ့ခြေစွမ်းပြသနိုင်ပြီး ကွင်းလယ်မှာ အကောင်းဆုံးစွမ်းဆောင်ရည်တွေ ပြသနိုင်ခဲ့တာမို့ စပိန်ယူ-၂၁ အသင်းရဲ့ အဓိက ကွင်းလယ်ကစားသမားဖြစ်လာခဲ့ သူပါပဲ။

စပိန်အသင်းရဲ့ နာမည်ကျော်ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဖာဘရီဂတ်စ်၊ ဇာဗီနဲ့ အင်နီယေစတာတို့ရဲ့ နောက်ပိုင်းမှာ တလက်လက်တောက်ပလာမယ့် ကွင်းလယ်ကြယ်ပွင့်လူငယ်တစ်ဦး ဖြစ်ပါတယ်။ ကွင်းလယ်က ဖန်တီးမှု၊ ပြိုင်ဘက်တိုက်စစ်မျိုးတွေကို ကွင်းလယ်ကပဲ ဟန့်တားဖြတ်တောက်နိုင်မှုအပြင် ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သူဖြစ်တာကြောင့် အခုအချိန်မှာ ထိပ်တန်းကလပ်တွေရဲ့ စိတ်ဝင်စားမှုကိုရရှိနေသူဖြစ်ပါတယ်။

ဆာအူးလ်ဟာ အသက် ၁၀ နှစ်အရွယ်ကတည်းက ရီးရဲမက်ဒရစ်အကယ်ဒမီကိုရောက်ပြီး သုံးနှစ်ကြာသင်ယူလေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အက်သလက်တီကိုအသင်းအကယ်ဒမီမှ ဘောလုံးပညာရပ်တွေပြည့်ဝပြီးတဲ့နောက် အက်သလက်တီကို (ခ)အသင်းမှာ ပါဝင်ကစားခဲ့ပြီး အက်သလက်တီကိုအသင်းကြီးမှာ ကစားဖို့အတွက် နည်းပြဆီမွန်နီက ခေါ်ယူခဲ့တာမို့ အခုဆိုရင် အက်သလက်တီကိုအသင်းမှာ အဓိက ကစားသမားအဖြစ် တဖြည်းဖြည်းရောက်ရှိလာခဲ့သူဖြစ်ပါတယ်။

အခုဆိုရင် အက်သလက်တီကိုအသင်းနဲ့အတူ ပွဲပေါင်း ၂၅ ပွဲကျော်ကစားခဲ့ပြီး သွင်းဂိုးလေးဂိုးအထိ သွင်းယူထားတဲ့ ကွင်းလယ်ကစားသမားဖြစ်နေပါပြီ။ တကယ်တော့ ဆာအူးလ်ဟာ အက်သလက်တီကိုအသင်းမှာ ပွဲထွက်ကစားခွင့်မရမီ ဗယ်လက်ကာနိုအသင်းမှာ တစ်ရာသီ အငှားသွားရောက်ကစားခဲ့ပြီးမှ မိခင်ကလပ်အသင်းမှာ ပြန်လည်ခြေစွမ်းပြခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဆာအူးလ်ရဲ့ ခြေစွမ်းထက်မြက်မှုကို သတိပြုမိနေတဲ့ ထိပ်တန်းကလပ်အသင်းတွေက လာမယ့်နွေရာသီ အပြောင်းအရွှေ့ကာလမှာ အပြိုင်အဆိုင်အလုအယက် ခေါ်ယူမှုတွေရှိနေတာမို့ အက်သလက်တီကိုမက်ဒရစ် အသင်းကတော့ လောလောဆယ် ရောင်းဖို့အစီအစဉ်မရှိပါဘူးလို့ ထုတ်ဖော်ပြောကြားနေပါတယ်။ ကွင်းလယ်ကစားကွက်ကို ဖြည့်ဆည်းဖို့ရှိနေတဲ့ ထိပ်တန်းအသင်းတွေအတွက် ဆာအူးလ်ဟာ အသက်အရွယ်ရော၊ ခြေစွမ်းပိုင်းပါ အကောင်းဆုံးဖြစ်နေတာမို့ လာမယ့်နွေရာသီမှာ ဘယ်အသင်းကို ရောက်ရှိသွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာအမှန်ပါပဲ။

**မိုးမြင့်လင်းလက်**

# တစ်ပတ်ပေါင်တစ်သိန်းနဲ့ ငါးနှစ်စာချုပ်တဲ့ ဟန်ဒါဆင်

လီဗာပူးကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆင်ကို တစ်ပတ်ပေါင် ၁၀၀၀၀၀ နဲ့ ငါးနှစ်စာချုပ်လိုက်ပြီဖြစ်ပါတယ်။ ဒီလိုစာချုပ်နိုင်တဲ့အတွက် လွန်ခဲ့တဲ့လများက နှစ်ဖက်ဆွေးနွေးမှုများ အဆုံးသတ်သွားပြီဖြစ်ပါတယ်။ ဒီစာချုပ်ကြောင့် ဆန်းဒါးလန်း ကစားသမားဟောင်း ဟန်ဒါဆင်ဟာ ၂၀၂၀ ပြည့်နှစ်အထိ လီဗာပူးအသင်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ယခုလို စာချုပ်လိုက်တဲ့အတွက် စိန်ခေါ်မှုတွေ၊ ဖလားတွေ ဆွတ်ခူးဖို့ ကြိုးစားရတော့မှာဖြစ်ပါတယ်လို့ အသက် ၂၄ နှစ် အရွယ်ရှိ ဟန်ဒါဆင်ကဆိုပါတယ်။ လီဗာပူးအသင်းရဲ့ ယခုနှစ်ရာသီဖလား မျှော်လင့်ချက်ကတော့ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က အက်ဖ်အေဆီးမီးဖိုင်နယ်မှာ အက်စ်တွန်ဗီလာကိုရှုံးပြီး အဆုံးသတ်သွားပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်များက လီဗာပူးနဲ့အတူ တိုးတက်အောင် ကစားနိုင်ခဲ့ပါတယ်။ လာမယ့်နှစ်များမှာ ဖလားရအောင် ကစားသွားဖို့ မျှော်လင့်ထားပါတယ်။ စိန်ခေါ်မှုတွေကို စတင်ရတော့မှာဖြစ်ပါတယ်လို့ ဟန်ဒါဆင်ဆိုပါတယ်။ အင်္ဂလန်ကစားသမား ဟန်ဒါဆင်ဟာ ၂၀၁၁ ခုနှစ်က ပေါင်သန်း ၂၀ နဲ့ လီဗာပူးသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ စတီဗင်ဂျရတ် မေဂျာလိဂ်သို့ ပြောင်းရွှေ့သွားချိန်မှာ ဟန်ဒါဆင်အနေနဲ့ အသင်းခေါင်းဆောင်ဖြစ်ဖို့ ရေပန်းစားနေပါတယ်။ ဒုတိယအသင်းခေါင်းဆောင်ဖြစ်တဲ့ ဟန်ဒါဆင်ဟာ အင်္ဂလန်နဲ့ လီဗာပူးအတွက် ၅၅ ပွဲမှာ ခုနစ်ဂိုး သွင်းယူပေးထားပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်**


Be in demand. Be ACCA.
ACCA (Association of Chartered Certified Accountants) helps develop qualified finance professionals who contribute to businesses and economies globally in 180 countries.
Start your finance and accounting career with ACCA today.
Be one of the first 100 to call / sms / email or visit our website and successfully register with our learning partners in Yangon to get an attractive, multipurpose laptop bag FREE*.
Think Ahead
ACCA
95-1-387947
SMS
95-9-793660681
www.facebook.com/ACCA.Myanmar
info.myanmar@accaglobal.com
www.accaglobal.com/myanmar/indemand
ACCA Office: No.129, Room 115, 36th Street (Middle Block), Kyauktada Township, Yangon, Myanmar
*Conditions apply, limited to the first 100 successful registrations.

*လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ကျင့်သုံးရာ၌ လိုက်နာရမည့် စံနှုန်းများ၊ ကျင့်ဝတ်များ၊ တာဝန်ဝတ္တရားများကို သိရှိနိုင်ရန်အတွက် ဥပဒေနှင့်ဒီမိုကရေစီဗဟိုဌာန (Centre for Law and Democracy) နှင့် နိုင်ငံတကာမီဒီယာထောက်ပံ့ကူညီရေးအဖွဲ့ (International Media Support-IMS) တို့မှ ပြုစုထုတ်ဝေသည့် "အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်" (လမ်းညွှန်မှတ်စုအတွဲများ)၊ Briefing Note Series "Freedom of Expression" စာအုပ်ကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးပါ မြန်မာဘာသာပြန်ဆိုချက်များနှင့် အသုံးအနှုန်းများမှာ မူရင်းဘာသာပြန်ဆိုသည့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အာဘော်သာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။*




မှတ်စုအကျဉ်း-၁၁

# အများပြည်သူနှင့်ဆိုင်သော အကြောင်းအရာများနှင့်ပတ်သက်၍ ကန့်သတ်ချက်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် လုံးဝအကြွင်းမဲ့အခွင့်အရေးတော့ မဟုတ်ချေ။ အပြည်ပြည်ဆိုင်ရာအများပြည်သူနှင့် နိုင်ငံရေးရပိုင်ခွင့်အဖွဲ့ (International Covenant on Civil and Political Rights (ICCPR) ၏ အခန်း ၁၉ ၏ ရှင်းလင်းဖော်ပြချက်အရ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို တရားဥပဒေနှင့်အညီ ကန့်သတ်နိုင်သည်။ သို့သော်လည်း ထိုကန့်သတ်မှုသည် တိကျစွာပုံစံထုတ်ထားရန် လိုအပ်ပြီး (ICCPR)၏ အခန်း ၁၉(၃)တွင် ချမှတ်ထားသည့် အချက်သုံးချက်နှင့် ကိုက်ညီရမည် (မှတ်စု အကျဉ်း ၂ တွင် ကြည့်ရန်)။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တရားမဥပဒေအရ ကန့်သတ်ရာတွင် သင့်လျော်သော ခြွင်းချက်များနှင့်အတူ တိတိကျကျဆောင်ရွက်နိုင်ရန် လိုပြီး တရားဥပဒေနှင့်အညီဖြစ်ရမည်။ အရေးအကြီးဆုံး ဥပဒေနှစ်ခုမှာ အသရေဖျက်မှုဥပဒေနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့် ဥပဒေတို့ဖြစ်သည်။

**အသရေဖျက်မှု**

အသရေဖျက်မှုဥပဒေ၏ အရေးကြီးဆုံးရည်ရွယ်ချက်အစစ်အမှန်မှာ ဂုဏ်သိက္ခာနှင့်ပတ်သက်၍ ကာကွယ်ရန်ဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည့် တရားဝင်အကြောင်းပြချက်တစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကလက်ခံထားသည်။ အသရေဖျက်မှုဥပဒေသည် ပြည်သူလူထုအား အကာအကွယ်ပေးခြင်းနှင့် နိုင်ငံရေးဆိုင်ရာ အကျယ်တဝင့်ရေးသားချက်များကြားတွင် သင့်တင့်သောဟန်ချက်ညီမှုရှိသင့်ပြီး မှားယွင်းသော အထောက်အထားများဖြင့် တစ်စုံတစ်ဦးအား ဦးတည်တိုက်ခိုက်မှုအပေါ် သင့်လျော်သော ကာကွယ်မှုရှိရမည်။

ပထမအဆင့်အနေဖြင့် အသရေဖျက်မှုဥပဒေကို တရားမမှုအရ ကန့်သတ်ရာတွင် ရာဇဝတ်မှုဥပဒေနယ်ပယ်နှင့် ဆန့်ကျင်ဘက်ဖြစ်ရမည်။ တရားမဥပဒေအရ ဂုဏ်သိက္ခာနှင့်ပတ်သက်၍ ကာကွယ်မှုတွင် ထိရောက်မှုရှိနေကြောင်း သက်သေပြနေနိုင်သမျှ နိုင်ငံအများစုတွင် အသရေဖျက်မှုဆိုင်ရာ ရာဇဝတ်မှုဥပဒေမှာ တည်ရှိမည်မဟုတ်ချေ။ ရာဇဝတ်မှုဥပဒေသည် ပိုမို၍ အနှောင့်အယှက်ပေးနိုင်သမျှ တရားမျှတအောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ၂၀၁၁ ခုနှစ် ပူးတွဲကြေညာချက်မှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အထူးထုတ်ပြန်ချက်တွင် ဖော်ပြထားသည်မှာ

> ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဥပဒေများသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ရာတွင် တရားမျှတမှုမရှိနိုင်ပေ။ အားလုံးသော ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဥပဒေများကို ရုပ်သိမ်းပြီး လိုအပ်သောနေရာများတွင် တရားမမှုဆိုင်ရာ အသရေဖျက်မှု ဥပဒေများနှင့် အစားထိုးရမည်။

ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှုဥပဒေကို မလိုအပ်ခြင်းအကြောင်းအချက်များကို ဖြည့်စွက်ရလျှင် ၎င်းဥပဒေအား ရဲအဖွဲ့၊ ပြည်သူ့ရေးရာရုံးများ၊ အခြားသောအစိုးရနှင့်နီးစပ်သည့် အာဏာရှိပုဂ္ဂိုလ်များ၏ ဂုဏ်သတင်းတို့နှင့် ပတ်သက်သည့်ကာကွယ်မှုများ ရွေးချယ်ဆောင်ရွက်ရာတွင် ရံဖန်ရံခါ၌ အလွဲသုံးစားပြုမှုမှုများ ရှိနေသောကြောင့် ဖြစ်သည်။

တရားမမှုဥပဒေ၏ သဘောသဘာဝအရ၊ အသရေဖျက်မှု ဥပဒေသည် အလွဲသုံးစားပြုမှုမှုကို ဆန့်ကျင်သော အကာအကွယ်ပေးသည့် အချက်များပါဝင်ရမည်။ ၎င်းဥပဒေသည်နိုင်ငံရေးနှင့် ဘာသာရေးသင်္ကေတများကဲ့သို့ အယူအဆများနှင့်ပတ်သက်ပြီး ကာကွယ်ရန်အတွက်မတတ်နိုင်ပေ။ နာမည်ဂုဏ်သိက္ခာကာကွယ်မှုနှင့်လည်း မပတ်သက်ချေ။ အလားတူပင်တရားဝင်ဖွဲ့စည်းထားခြင်းမဟုတ်သော အဖွဲ့အစည်းများနှင့်ပတ်သက်၍လည်း ကာကွယ်နိုင်ခြင်းမရှိပေ။ သို့သော်လည်း ၎င်းအဖွဲ့အစည်း၏ အဖွဲ့ဝင်တစ်ဦးချင်းစီမှ ပုဂ္ဂလိက ဂုဏ်သိက္ခာထိခိုက်နစ်နာမှုအတွက် တရားစွဲဆိုနိုင်ခွင့်ရှိသည်။ ကော်ပိုရေးရှင်းများအနေနှင့် ၎င်းတို့၏ဂုဏ်သိက္ခာဆိုင်ရာတန်ဖိုးများကို ကာကွယ်နိုင်ရန် အသရေဖျက်မှုအတွက်တရားစွဲဆိုခွင့်ပြုထားသည်။ သို့သော် ဒီမိုကရေစီစနစ်တွင်လူထုအဖွဲ့အစည်းများကို ပွင့်လင်းစွာထောက်ပြဝေဖန်ခြင်း၏ အဓိကအရေးပါမှုကြောင့် ပြည်သူလူထုအဖွဲ့အစည်းများအနေနှင့် အလားတူလုပ်ဆောင်ရန်ကိုမူ တားမြစ်သင့်သည်။ ပြည်သူကို ကိုယ်စားပြုသော ပြည်သူ့အဖွဲ့အစည်းများသည် ပြည်သူ့ရန်ပုံငွေဖြင့် ၎င်းတို့အား ဝေဖန်မှုကိုဥပဒေအရ ခုခံရန်မှာလည်း အငြင်းပွားဖွယ်ပြဿနာ တစ်ရပ်ဖြစ်သည်။ ပုဂ္ဂလိကများကဲ့သို့ပင် ဂုဏ်သိက္ခာရှိသော အရာရှိများသည် အသရေဖျက်မှုမှာ ကာကွယ်နိုင်ခွင့်ရှိသည်။ သို့သော်လည်း အများပြည်သူသိပုဂ္ဂိုလ်များသည် သာမန်နိုင်ငံသားများထက် အဝေဖန်ခံရမှုကို ပိုမို၍သည်းခံနိုင်ရန် ပြင်ဆင်ထားရမည်ဟု အပြည်ပြည်ဆိုင်ရာတရားရုံးများမှ အသိအမှတ်ပြုထားသည်။

အသရေဖျက်မှုဥပဒေ၏ နယ်ပယ်အကျယ်အဝန်းကို သတ်မှတ်နိုင်ရန် ထင်မြင်ယူဆချက်များ မဟုတ်သည့် အချက်အလက်များ ထုတ်ပြန်ခြင်းသည် ပိုမိုကောင်းမွန်သော အလေ့အကျင့်ဖြစ်ပြီးအပြည်ပြည်ဆိုင်ရာ ဥပဒေများမှအကြွင်းမဲ့ အကာအကွယ်ပေးထားသော ထင်မြင်ယူဆချက်များအား အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၎င်းထင်မြင်ယူဆချက်များသည် ခိုင်မာသောအထောက်အထားမရှိဟူသော အချက်ဖြစ်သည်။ လုပ်ငန်းစဉ်အရ၊ တရားပြိုင်များသည် ၎င်းတို့ဖော်ပြထားသော အချက်အလက်များမှန်ကန်ကြောင်းကို သက်သေပြနိုင်မည့်အခွင့်အရေးကိုပေးရမည်။ သို့သော်လည်း ထင်မြင်ယူဆချက်၏ နောက်ခံတွင်ပါဝင်သော အမှန်တရားကိုမူ သက်သေပြရန်မလိုပေ။ ဤအချက်မှာ မဖြစ်နိုင်ကြောင်းလည်း ထင်ရှားသည်။

လွတ်လပ်စွာပြောဆိုခြင်းနှင့် ဂုဏ်သိက္ခာအားကာကွယ်ပေးခြင်းကြားတွင် သင့်တင့်သောဟန်ချက်ညီမှုရှိကြောင်းသေချာရန် အသရေဖျက်မှုဥပဒေတွင် ခုခံကာကွယ်မှုများလည်း ပါရှိရမည်။ အသရေပျက်စေရန်ဖော်ပြမှုအတွက် တစ်စုံတစ်ဦးပိုင်ဆိုင်သော ဂုဏ်သိက္ခာနှင့်ပတ်သက်၍ တစ်စုံတစ်ဦးမှ ခုခံနိုင်ခွင့်ရှိသည်ဟူသော အတွေးအမြင်အားအခြေခံလျက် အမှန်တရားသည် အစဉ်အမြဲ အကြွင်းမဲ့ခုခံကာကွယ်သည်။ အကယ်၍ ဖော်ပြချက်သည် မှန်ကန်ပါက တစ်စုံတစ်ဦးသည် ၎င်းကိုဖုံးကွယ်ထားရန် မစွမ်းနိုင်ပါ။ တရားပြိုင်များသည် ၎င်းတို့ဖော်ပြချက်၏ မှန်ကန်မှုအပေါ် သက်သေပြနိုင်ခြင်းမရှိလျှင်တောင်မှ ၎င်းတို့ ထုတ်လွှင့်ဖြန့်ချိထားသော ဖော်ပြချက်များသည် အခြေအနေအားလုံး၏အောက်တွင် ကျိုးကြောင်းဆီလျော်ကြောင်း ဖော်ပြနိုင်လျှင် ခုခံမှုအတွက် တာဝန်ရှိခြင်းမှလွတ်ငြိမ်း၍ ၎င်းတို့သည် သဘာဝကျသောထုတ်ဝေမှု၏ ခုခံမှုမှ အကျိုးခံစားနိုင်သေးသည်။

ဤခုခံမှုများသည် အထူးသဖြင့် ဂျာနယ်လစ်များအတွက် အရေးပါသည်။ အကြောင်းအရာများကို

စာမျက်နှာ ၂၃ သို့

**အသရေဖျက်မှုဥပဒေ၏ အရေးကြီးဆုံးရည်ရွယ်ချက်အစစ်အမှန်မှာ ဂုဏ်သိက္ခာနှင့်ပတ်သက်၍ ကာကွယ်ရန်ဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်နိုင်သည့် တရားဝင်အကြောင်းပြချက်တစ်ခုအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကလက်ခံထားသည်**

**အမည်မှန်**

သထုံမြို့၊ အထက (၂) အဋ္ဌမတန်း (D)မှ ဦးသိန်းမြင့်၏သား မောင်ညီညီအောင်အား မောင်ချာန်ထူးဝေယံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ချာန်ထူးဝေယံ**

**အမည်မှန်**

သထုံမြို့၊ အထက (၁) ဆဋ္ဌမတန်း (B)မှ ဦးဇော်ထွန်းသန်း၏ သမီး မသီရိဇော်အား မမေဖူးသော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။




**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2F/9015 Suzuki Chevolet Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းရီ ၁၂/မဂတ(နိုင်)၀၃၇၇၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

**ကျေးဇူးဆပ်ပါမည်**

စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်း ဘူတာရပ်ကွက်၊ ပန်းလှိုင်(၂)လမ်း၊ အမှတ်(၈၀) နေအိမ် ဆောက်လုပ်ခွင့်ပါမစ်နှင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၅၂)၊ ဒုတိယထပ်(ယာ) တိုက်ခန်းပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ ဦးသူရဇော်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင်တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း ၀၉-၄၄၈၀၁၉၉၇...

**ဝန်ထမ်းအလိုရှိသည်**

**Light Weight Concrete Brick**

ကွန်ကရစ်အုတ်စက်ရုံတွင်တာဝန်ထမ်းဆောင်ရန်

| | |
|---|---|
| ၁။ စာရင်းကိုင်(ဘွဲ့ရ) | မ(၁)ဦး |
| ၂။ Supervisor (ဘွဲ့ရ) | ကျား(၁)ဦး |
| ၃။ Sale & Marketing (ဘွဲ့ရ) | ကျား(၁)ဦး |
| ၄။ စက်ပြင်ကျွမ်းကျင်(ဘွဲ့ရ) | ကျား(၁)ဦး |
| ၅။ စက်ပြင်(အကူ) | ကျား(၁)ဦး |

မှတ်ချက်။ ။ အမှတ်(၁+၂)အတွက် လုပ်ငန်းအတွေ့ အကြုံ အနည်းဆုံး (၃)နှစ်နှင့်အထက်ရှိရမည်။ အမှတ်စဉ်(၃+၄+၅) အတွက် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။ အလုပ်လျှောက် သူများအနေဖြင့် မှတ်ပုံတင်မူရင်း+မိတ္တူ(၂)စောင်၊ အလုပ်သမား ကဒ်မိတ္တူ၊ CV Form၊ မိမိနှင့်သက်ဆိုင်သော စာရွက်စာတမ်းများ ယူဆောင်လာရမည်။ မေလ(၂၅-၅-၂၀၁၅) နောက်ဆုံးထားလျှောက်ထားရမည်။

**ဆက်သွယ်ရန်** - အမှတ်(၃၃၁)၊ 2(B)၊ St rand Condo၊ အလုံမြို့နယ်။
ဖုန်း ၀၉-၇၉၁၆၀၆၀၅၅၊ ၀၉-၂၆၃၂၁၁၀၀၄

# လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့ပင်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်သည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ (ICCPR)၏ အခန်း(၂) ၁၇ အရ အကာအကွယ်ပေးထားသည်

စာမျက်နှာ ၂၂ မှ

ပုံနှိပ်ဖော်ပြခြင်းမပြုမီ အချက်အလက်တိုင်းသည် လုံးဝ သေချာရမည်ဆိုလျှင် ပြည်သူများထံ သတင်းအချက်အလက်ပေးပို့သည့် ၎င်းတို့၏ အခန်းကဏ္ဍသည် ပြင်းထန်စွာလျော့ကျပျက်စီးနိုင်သည်။ နောက်ဆုံးအချက်မှာ ဥပဒေပြုခြင်းနှင့် တရားစီရင်ရေးဆောင်ရွက်ခြင်းများကဲ့သို့ အချို့သောအကြောင်းအရာ အခြေအနေများတွင် ရိုးသားခြင်း၏ အဓိကအရေးပါမှုကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မျှတ၍ တိကျသောမှတ်တမ်းများနှင့်တကွ ဤအဖွဲ့အစည်းများ၏ရှေ့မှောက်၌ ပြုလုပ်သည့်ဖော်ပြချက်များကို အသရေဖျက်မှု တာဝန်ရှိခြင်းကို ဆန့်ကျင်၍ ကာကွယ်ပေးသင့်သည်။

၎င်းတို့ပိုင်ဆိုင်သည့် အလွန်အကျွံပြစ်ဒဏ်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ချိုးဖောက်မှုအား ကိုယ်စားပြုပြီး ၎င်းသည်အသရေပျက်စေသည့် အကြောင်းအရာနှင့် အထူးသဖြင့် ဆက်စပ်သော အချို့နိုင်ငံများ၌ ပျက်စီးမှုအလားအလာများ မြင့်တက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ၌ တရားလို၏ ပျက်စီးဆုံးရှုံးမှု အချိုးအစားအတိုင်း အသရေဖျက်မှုအတွက် ပြစ်ဒဏ်ချမှတ်ရန် လိုအပ်သည်။ ထိုပြစ်ဒဏ်ချမှတ်မှုသည် ဖျက်ဆီးခံရမှုအတွက် ပြန်လည်ပြင်ဆင်ရန်ဖြစ်ပြီး၊ တရားပြိုင်များအတွက် ပြစ်ဒဏ်ခတ်ရန် မဟုတ်ကြောင်း နားလည်ထားရမည်။ တစ်မူထူးခြားသော ငွေကြေးအရပျက်စီးမှုများအား ပြစ်ဒဏ်ချမှတ်ရာတွင် တရားရုံးများအနေဖြင့် ဖြစ်လာနိုင်ဖွယ်ရှိသော ဆိုးရွားသည့် အကျိုးရလဒ်များအား မျှော်မှန်းထားရမည်ဖြစ်ကြောင်း တရားဝင်ဖော်ပြထားရမည်။ ပုံမှန်ပြဿနာများအား ပြန်လည်ကုစားရာတွင် အမှားပြင်ဆင်ခွင့်နှင့် ပြန်လည်ချေပခွင့်တို့သည် ယေဘုယျအားဖြင့် ဦးစားပေးဖြစ်ရမည်။

**ကိုယ်ပိုင်လွတ်လပ်ခွင့်**

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကဲ့သို့ပင် ကိုယ်ပိုင်လွတ်လပ်ခွင့်သည် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး၊ (ICCPR) ၏ အခန်း(၂) ၁၇ အရ အကာအကွယ်ပေးထားသည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ပတ်သက်၍ အဓိကစိန်ခေါ်မှုမှာ ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန်ဖြစ်ပြီး၊ လုပ်ဆောင်ရန်ခက်ခဲသောကြောင့် တရားရုံးများမှာ ပုံမှန်အားဖြင့် ရှောင်ကြဉ်ကြသည်။ ဥပမာအားဖြင့် ဥရောပလူ့အခွင့်အရေး တရားရုံး( ECHR) မှ Niemietz နှင့် ဂျာမနီနိုင်ငံအမှုတွင် "တရားရုံးများသည် ကိုယ်ပိုင်လွတ်လပ်ခွင့်၏ စံနှုန်းများနှင့် ပတ်သက်၍ ပြည့်စုံသော အဓိပ္ပာယ်ဖွင့်ဆိုချက် ရရှိရန်ဖြစ်နိုင်သည် (သို့မဟုတ်) လိုအပ်သည်ဟု မယူဆသင့်ပေ" ဟု ဖော်ပြထားသည်။ ကိုယ်ပိုင်လွတ်လပ်ခွင့်၌ ဓမ္မဓိဋ္ဌာန်ကျသော အကြောင်းအရာများနှင့် ဓမ္မဓိဋ္ဌာန်မကျသော အကြောင်းအရာများ နှစ်မျိုးစလုံးပါဝင်သည်ဟု ယေဘုယျသဘောတူကြသည်။ ယခင်က ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်ပတ်သက်၍ ကျိုးကြောင်းဆီလျော်သော မျှော်လင့်ချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ စိတ်ဝင်စားမှုမရှိသော်လည်း နောက်ပိုင်းကာလများတွင် ပုဂ္ဂလိကတန်ဖိုးများ၊ စိတ်သဘောထားနှင့် အရေးအကြီးဆုံးဖြစ်သော အမူအကျင့်တို့ပေါ်တွင် မှီတည်သည့် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်ပတ်သက်၍ စစ်မှန်သော မျှော်လင့်ချက်များ ပါဝင်လာသည်။

ဤအခြေအနေများကို ပြန်ဆိုဖော်ပြရာတွင် တရားစီရင်မှုနှင့် မတူညီသောကိစ္စရပ်များကြားတွင် လွန်စွာကွဲပြားသည်။ အမေရိကန်ပြည်ထောင်စုရှိ တရားရုံးများမှ ကာကွယ်ရမည့် ကိုယ်ပိုင်လွတ်လပ်ခွင့် အမျိုးအစားလေးမျိုးကို ဖော်ထုတ်ထားပါသည်။

၁။ အခြားသူများ၏ မမြင်ကွယ်ရာတွင် ကျိုးကြောင်းမဲ့ ချင်းနင်းဝင်ရောက်ခြင်း၊
၂။ တစ်စုံတစ်ဦး၏အမည်ကို သိမ်းယူခြင်း(သို့မဟုတ်) ဆင်တူပြုလုပ်ခြင်း၊
၃။ တစ်စုံတစ်ဦး၏အမှားကို အများပြည်သူသိအောင် ဖြန့်ဝေခြင်း၊
၄။ တစ်စုံတစ်ယောက်၏ ပုဂ္ဂလိကဘဝကို ကျိုးကြောင်းဆီလျော်ခြင်းမရှိဘဲ အများပြည်သူသိအောင် ဖြန့်ဝေခြင်း၊

ကိုယ်ပိုင်လွတ်လပ်ခွင့်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အား ပိုမိုလွယ်ကူစေရန် အထူးအားဖြင့် သတ်မှတ်ထားသော ပရိသတ်ကိုရည်ရွယ်သော ဆက်သွယ်ရေးလမ်းကြောင်းအတွက်အဓိက အခန်းကဏ္ဍမှပါဝင်သည်။ ဤအချက်သည် အွန်လိုင်းဆက်သွယ်ရေးလမ်းကြောင်းတွင်လည်း အမှန်တရားတစ်ရပ်ဖြစ်ပြီး၊ အချို့သော ဆွေးနွေးပွဲများ၌ အမည်ဝှက်ဖြင့်ပါဝင်ကာ လွတ်လပ်စွာနှင့် ရိုးသားပွင့်လင်းစွာ ဆွေးနွေးနိုင်ရန်အားပေးသည်။ နိုင်ငံတော်သည် အင်တာနက် ဆက်သွယ်ရေးစနစ်တွင် ဖုံးကွယ်ထားသော သို့မဟုတ် ဦးတည်ချက်မရှိသောစောင့်ကြည့်ရေးပရိုဂရမ်များတည်ဆောက်ခြင်းနှင့် အင်တာနက်နှင့် တယ်လီဖုန်းဆက်သွယ်ရေး ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများအတွက်များပြားလှသောအချက်အလက် မှတ်တမ်းများ တောင်းယူခြင်းတို့မှ ရှောင်ကြဉ်ရမည်။ ထို့အပြင် အွန်လိုင်းမှ Tor ကဲ့သို့ အမည်မဲ့ဆော့ဖ်ဝဲလ်များဖြင့် ဝင်ရောက်နှောင့်ယှက်ခြင်းတို့ကိုလည်း ရှောင်ကြဉ်ရမည်။

တစ်ချိန်တည်းတွင်လည်း ပိုမိုအဆင်မြင့်သော နည်းလမ်းအားဖြင့်လည်း ကိုယ်ပိုင်လွတ်လပ်ခွင့်သည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ ပဋိပက္ခများဖြစ်လာနိုင်သည်။ ဥပမာအားဖြင့် မီဒီယာများမှ ပုဂ္ဂလိက အကြောင်းအရာများကို ညွှန်းဆိုထားသည့်ကိစ္စတစ်ရပ်ကို ဖော်ထုတ်ရန် ဆန္ဒရှိသောအခါတွင်ဖြစ်သည်။ ဤအကြောင်းအရာ၌ သတင်းအချက်အလက် ရပိုင်ခွင့်သည် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ပဋိပက္ခဖြစ်လာသည်။ တစ်ဦးတစ်ယောက်သည် သတင်းအချက်အလက်များအား ၎င်း၏ ပုဂ္ဂလိကကိစ္စအဖြစ် သတ်မှတ်ပေးပါရန် တောင်းဆိုနိုင်သည်။ လက်ခံထားသောချဉ်းကပ်ပုံအရ ဖော်ပြချက်များသည် ရိုးအီလာခြင်း(သို့မဟုတ်) ပြည်သူအများ စိတ်ဝင်စားသည့်သတင်းများ ပုံမှန်ရရှိရန် ဆောင်ရွက်ပေးခြင်းဖြင့်ပြည်သူများ၏ စိတ်ပါဝင်စားမှုကို ဟန်ချက်ညီအောင် ဆောင်ရွက်ရန်ဖြစ်သည်။

ဤအချက်ကိုအသုံးချ၍ တရားရုံးများသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကိုယ်ပိုင်လွတ်လပ်ခွင့်ထက်ပို၍ မျက်နှာသာပေးကြသည်။ သို့သော်လည်း သတင်းအချက်တွင်ပါဝင်သော အကြောင်းအရာများသည် မှန်ကန်မှုလျော့နည်းသည်ဟု ယူဆနိုင်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ECHR ၏ အဓိက အမှုတစ်ခုမှာ Von Hannover နှင့် ဂျာမနီတို့ဖြစ်ပြီး မိုနာကိုနိုင်ငံကို အုပ်ချုပ်လျက်ရှိသော မင်းသားရာနီယား၏ နေထိုင်မကောင်းဖြစ်နေစဉ်ကာလအား အဓိကထားရိုက်ကူးထားသည့်မိုနာကိုမင်းသမီး ကာရိုလိုင်၏ ဓာတ်ပုံများပါဝင်သည်။ နေထိုင်မကောင်းဖြစ်စဉ်ကာလအတွင်းမင်းသားကို ၎င်း၏မိသားစုများမှ ကြည့်ရှုစောင့်ရှောက်နေပုံများဖြစ်သည်။ တရားရုံးမှ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကာကွယ်နိုင်မှုကြား ထိန်းညှိ၍ မူဝါဒ များချမှတ်ခဲ့သည်။ ၎င်းတို့မှာ-

- ❖ အများပြည်သူမှစိတ်ဝင်စားသည့်အကြောင်းအရာအားထုတ်ဝေဖြန့်ချိမှုပမာဏ၊
- ❖ ပါဝင်သည့်ပုဂ္ဂိုလ်၏ကျော်ကြားမှု အတိုင်းအတာနှင့် အစီရင်ခံစာ၏ အဓိကအကြောင်းအရာ
- ❖ ပါဝင်သောပုဂ္ဂိုလ်၏ ယခင်က အပြုအမူများ၊
- ❖ ထုတ်ဝေဖြန့်ချိမှုတွင်ပါဝင်သော အကြောင်းအရာ၊ ပုံစံနှင့်အကျိုးရလဒ်၊
- ❖ ဓာတ်ပုံများရိုက်ကူးစဉ်က အခြေအနေ၊

ယေဘုယျအားဖြင့် မည်သည့်ထုတ်ဖော်ပြောဆိုမှု မဆို၏ အပြောကျယ်မှုကိုတရားရုံးမှ ပြသခဲ့သည်။

ဓာတ်ပုံများသည်ပင်လျှင် ပြည်သူလူထု၏စိတ်ပါဝင်စားမှုတွင်ဆွေးနွေးစရာ ငြင်းခုံစရာ ဖြစ်စေခဲ့သည်။ ECHR သည် အထူးတလည်ကိစ္စရပ်များတွင် အများပြည်သူ၏ စိတ်ဝင်စားမှုအတိုင်းအတာကို ဆန်းစစ်နိုင်သည့်စဉ်းစားဖွယ် အချက်အလက်များကို ပိုမိုယေဘုယျကျစွာ ဖော်ထုတ်နိုင်ခဲ့သည်။ ယခင်ကအပြုအမူများ၊ ထုတ်ဝေဖြန့်ချိမှုတွင် ပါဝင်သော အကြောင်းအရာ ပုံစံနှင့် အကျိုးရလဒ် ကိုယ်ပိုင်လွတ်လပ်ခွင့်အား ကျူးကျော်ဝင်ရောက်သည်ဟူသော စွပ်စွဲမှုနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့်ပတ်သက်သော သဘောသဘာဝ အခြေအနေများတို့ဖြစ်သည်။ ပုဂ္ဂလိကများ၊ အထူးသဖြင့် ထင်ရှားကျော်ကြားသူများသည် ဆန္ဒအလျောက် ၎င်းတို့၏ ပုဂ္ဂလိကဘဝကို ပြည်သူများအားသိရှိနိုင်ရန် လိုလိုလားလား ဖွင့်ပြကြသည်။ ၎င်းတို့အပေါ် အများပြည်သူနှင့် ပတ်သက်၍ သိရှိသူများပြားလာစေရန်နှင့်ဝင်ငွေတိုးပွားလာစေရန်ရည်ရွယ် ဆောင်ရွက်ကြသည်။

အချက်အလက်ကာကွယ်ရေးဆောင်ရွက်မှု စနစ်သည် များပြားလှသောပုဂ္ဂလိက အချက်အလက်များကို စုဆောင်းခြင်းနှင့် စနစ်တကျစီမံခြင်းတို့အား ကာကွယ်နိုင်ရန်ရည်ရွယ်ပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ကို ကာကွယ်ခြင်းနှင့်ဆက်စပ်နေသော်လည်း ကွဲပြားခြားနားသည်။ ဤစည်းမျဉ်းများသည် ပုဂ္ဂလိကတို့၏ တစ်စတစ်စ တိုးတက်များပြားလာသော အချက်အလက်များကို ပြည်သူ များက ဆုပ်ကိုင်ထားပြီး ဤအချက်အလက်များကိုခြယ်လှယ်ရန် နည်းပညာအရည်အသွေးတိုးမြှင့်လာခြင်းတို့ကို တုံ့ပြန်ရာမှ အစပြုပေါ်ထွက်လာခြင်းဖြစ်သည်။ အကြောင်းအရာအရ နီးကပ်စွာ ဆက်စပ်နေသော်လည်း အချက်အလက် ကာကွယ်ခြင်းနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့မှာ အငြင်းပွားဖွယ်ရာဖြစ်လာသည်။ သို့သော်လည်း ၎င်းတို့ကြား၌ အရေးကြီးသော ကွဲပြားမှုရှိသည်။ အချက်အလက်ကာကွယ်ခြင်းစနစ်အား ပုဂ္ဂလိက ကိုယ်ရေးအချက်အလက်များ အားလုံးအတွက် ကျင့်သုံးရန်ဖြစ်ပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ထက် ပိုမိုကျယ်ပြန့်သည်။ ဥပမာအားဖြင့် တစ်စုံတစ်ယောက်သည် ၎င်း၏ အီးမေးလ်လိပ်စာကို အခြားသူများနှင့် ဆက်သွယ်ရေး လွယ်ကူစေရန် ရည်ရွယ်ပြီးအွန်လိုင်းတွင် တင်ထားသည်။ သို့သော်လည်း ၎င်းအီးမေးလ်သည် ကုန်ပစ္စည်းအဖြစ် ရောင်းချရန်နှင့် ကုန်သွယ်ရန်အတွက် မဟုတ်ချေ။ ရလဒ်မှာမလိုချင်သော အီးမေးလ်မှ ကုန်ပစ္စည်းကြော်ငြာများမှ တားဆီးရန်ဖြစ်သည်။

**အမေရိကန်ပြည်ထောင်စုရှိ တရားရုံးများမှ ကာကွယ်ရမည့် ကိုယ်ပိုင်လွတ်လပ်ခွင့်အမျိုးအစားလေးမျိုးကို ဖော်ထုတ်ထား-**

**၁။ အခြားသူများ၏ မမြင်ကွယ်ရာတွင် ကျိုးကြောင်းမဲ့ ချင်းနင်းဝင်ရောက်ခြင်း၊**
**၂။ တစ်စုံတစ်ဦး၏အမည်ကို သိမ်းယူခြင်း(သို့မဟုတ်) ဆင်တူပြုလုပ်ခြင်း၊**
**၃။ တစ်စုံတစ်ဦး၏အမှားကို အများပြည်သူသိအောင်ဖြန့်ဝေခြင်း၊**
**၄။ တစ်စုံတစ်ယောက်၏ ပုဂ္ဂလိကဘဝကို ကျိုးကြောင်းဆီလျော်ခြင်းမရှိဘဲ အများပြည်သူသိအောင် ဖြန့်ဝေခြင်း၊**

**ဖခင်အမည်မှန်**
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ အထက(၅)မြောက်ဒဂုံ၊ ဆဋ္ဌမတန်း(A)မှ အောင်မြင်ပြီးဖြစ်သော မညလေးဖြူ၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဦး ၁၂/ဥကမ(နိုင်)၁၅၇၃၈၀ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်းဦး**

**အမည်ပြောင်း**
ကျွန်တော်ဦးရဲကျော်သူ၏သား အမှတ် ၈၁/၅၆ ခြံငါးခြံ ရွှေနံ့သာရပ်ကွက်နေ အထက(၂)ဗဟန်းမှ မောင်နေဦးလွင်အား မောင်ဉာဏ်ထက်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်နှင့် အလက(၃)ဗဟန်းမှ မသွယ်နုဆွေအား မခင်သက်တင်ဟု ပြောင်းလဲခေါ်ဆိုကြပါရန်။

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အောင်ရတနာလမ်း၊ အမှတ်(၁၆၊၁၈/ဘီ)ရှိ (၂)ခန်းဆွဲ(၅)ထပ်တိုက်တွင်ပါရှိသော တိုက်ခန်းများဖြစ်ကြသည့် ပထမထပ်(မှန်ခန်း)တစ်ခန်း၊ ပဥ္စမထပ်(ဒါဘာ)အပါအဝင် ညာဘက်ခြမ်းတစ်ခန်း နှင့် ဘယ်ဘက်ခြမ်းတစ်ခန်း၊ စုစုပေါင်းတိုက်ခန်း(၃)ခန်းတို့နှင့်ပတ်သက်၍**

**ကန့်ကွက်နိုင်ပါကြောင်း**

အထက်ခေါင်းစဉ်ပါ တိုက်ခန်း(၃)ခန်းနှင့်ပတ်သက်၍ မိမိသာပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ကန်ထရိုက်တာ ဦးလင်းတင် ၁၂/လမန(နိုင်)၁၁၈၀၈၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသောကြောင့် အဆိုပါတိုက်ခန်း(၃) ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန့်စန္ဒာဝင်း(ဥပဒေဘွဲ့)**
**LL.B.,D.B.L.,D.M.L., D.I.L.,P.D.S.W(Psy,)**
**C.A.E.S(ASEAN), B.D.S(MOFA) အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၇၉၈၇၇၆၅၄၄၊ ၀၉-၂၅၀၀၄၃၈၉၅**

**မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်**
(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။
(1) Junction စေနအနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

**စက်ရုံငှားမည်**
ဒဂုံအရှေ့စက်မှုဇုန်၊ အပိုင်း(၂)၊ ကညနအနီး၊
150'x150' Steel Structure ထရန်စဖော်မာ(315)
40'x20' (2)ထပ် 15'x20' ရေချိုးခန်း၊ အိမ်သာအပါ
တစ်လကျပ် သိန်း(၆၀)
**ဆက်သွယ်ရန်**
09-5133119 , 09-5503598 , 09-796468680

ကျန်းမာရွှင်မြူး အစဉ်ရေကူး၊ ရေကူးမတတ်လျှင် ရေကူးသင်
**ကုက္ကိုင်းရေကူးအသင်း နွေရာသီရေကူးသင်တန်း**
ရေမကူးတတ်သူများနည်းစနစ်မှန်ကန်စွာဖြင့် စနစ်တကျသင်ကြားပေးနေသည့် ကုက္ကိုင်းရေကူးအသင်း၏ နွေရာသီရေကူးသင်တန်းတွင် စနစ်တကျသင်ယူပါ။
■ အိုလံပစ်ရေကူးနည်း (၄)မျိုးအနက် -
+ အလွတ်ကူးနည်း
+ ရင်ခေါင်းကူးနည်း
+ ပက်လက်ကူးနည်း(၃)မျိုးကိုသင်တန်းရက်မှန်ပါက မတတ်မချင်း သင်ပေးမည်။
■ သင်တန်းသားအားလုံး သင်တန်းဆင်းအမှတ်တရတီရှပ် လက်ဆောင်ပေးမည်။
■ သင်တန်းဆင်းလျှင် ရေကူးပြိုင်ပွဲကျင်းပ၍ ဆုချီးမြှင့်မည်။
သင်တန်းကြေး- အသင်းဝင် - ၄၀၀၀၀ ကျပ်
ပြင်ပ - ၅၀၀၀၀ ကျပ်
သင်တန်းအချိန်
(၁) နံနက် (၀၆း၃၀) နာရီမှ (၀၈း၃၀) နာရီထိ
(၂) နံနက် (၀၉း၀၀) နာရီမှ (၁၁း၀၀) နာရီထိ
သင်တန်းစတင်မည့်ရက် ၂၈.၄.၂၀၁၅ (အင်္ဂါနေ့)
သင်တန်းပိတ်မည့်ရက် ၃၁.၅.၂၀၁၅(တနင်္ဂနွေနေ့)
(တနင်္ဂနွေ၊ တနင်္လာနေ့မှအပ တစ်ပတ်လျှင် ၅ ရက်သင်မည်)
အထူးအစီအစဉ် - အလှူငွေမဲ့အသင်းဝင်ခွင့် (၅) ဆုရွေးချယ်ကစ်မည်။
အမှတ်(၃၄)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၅၄၂၇၉၉၊ ၀၁ ၄၀၁၄၆၇၊ ၀၉ ၇၃၂၂၄၀၅၉

FAME
**Biogurt®**
Probiotic supplement
ဒိန်ချဉ်ဆေး
TMR 011383 (0615)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
**Vegeplex®**
Vegetable complex
ရွက်စုံအားဖြည့်ဆေး
TMR 007876 (1214)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးရုံးချုပ်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ဖော်ပြပါ ပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး (DPP ရန်ကုန်၊ အလုံစတို)မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
- (က) ရုံးသုံးစက်ကိရိယာများ
- (ခ) အခြားရုံးသုံးစက်ကိရိယာပစ္စည်းများ
- (ဂ) ရုံးသုံးယာဉ်များ

၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၄-၅-၂၀၁၅ ရက်မှ ၈-၅-၂၀၁၅ ရက် အထိ (ရုံးချိန်အတွင်း) ၁၀း၀၀နာရီ မှ ၁၆း၀၀နာရီအထိ

၃။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၁၈-၅-၂၀၁၅ရက်ရုံးချိန်အတွင်း ၁၀း၀၀နာရီမှ၁၆း၀၀နာရီအထိ

၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၅-၂၀၁၅ ရက်၉း၃၀နာရီမှ ၁၀း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၁၊ ၀၆၇-၄၃၀၂၂၅ တို့သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့**
**ရုံးအမှတ် ၅၁၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၃၇၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
## ကျောက်မျက်ရတနာသတ်မှတ်/ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များအတွက်အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၃/၂၀၁၅)
## နေပြည်တော်၊ ၁၃၇၇ခုနှစ်၊ ကဆုန်လဆန်း ၅ရက် (၂၀၁၅ခုနှစ် ဧပြီလ ၂၂ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၅ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးမည့်သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များ၊ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်း ရတနာနယ်မြေများရှိ လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့တွင် လုပ်ကိုင်ခွင့်ပြုခဲ့သည့် ၂၀၁၃ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများတွင် သက်တမ်းကုန်သည့် လုပ်ကွက်များကို ကြေညာချက် ၄/၂၀၁၃ဖြင့် ဈေးပြိုင်အဆိုပြုလွှာခေါ်ယူခဲ့သော်လည်း ၃၁-၅-၂၀၁၂ ရက်မှစ၍ တူးဖော်မှုရပ်နားထားခဲ့ရသည့်အတွက် ၎င်းအဆိုပြုလွှာများကို ဖွင့်ဖောက်ခြင်းမပြုခဲ့ပါ။ ၎င်းလုပ်ကွက်များကို ရပ်နားကာလအလိုက် သက်တမ်းတိုးပေးပါက ၂၀၁၅ခုနှစ် ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ ကြေညာချက် ၄/၂၀၀၃ တွင် တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပယ်ဖျက်၍ ၎င်းကြေညာချက်ဖြင့် ဈေးပြိုင်ခေါ်ယူခဲ့သည့် လုံးခင်း၊ ဖားကန့်၊ ခန္တီး၊ မိုးညှင်းရတနာနယ်မြေများနှင့် နန့်ယားဆိပ်ဒေသတို့ရှိ သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ ၁၂)၊ (ပုဒ်မ ၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ထပ်မံကြေညာခေါ်ယူ၍ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လုပ်ငန်းမှတ်ပုံတင်ခြင်း အဆိုပြုလွှာထုတ်ယူခြင်းနှင့်အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-
- (က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့်အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၅ခုနှစ် ဧပြီ ၂၇ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေး ငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှု လေ့လာခြင်းများဆောင်ရွက်နိုင်ပါသည်။
- (ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၅ခုနှစ် ဧပြီလ ၂၇ရက်မှ မေလ ၂၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၅။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ် တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၆။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၇။ ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများအားလုံးကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်တွင်လည်းကောင်း၊ သက်ဆိုင်ရာရတနာနယ်မြေများအလိုက် ကြေညာခေါ်ယူမည့်လုပ်ကွက်များစာရင်းနှင့် မြေပုံများကို မိုးကုတ်မြို့နှင့် မိုင်းရှူးမြို့များတွင်ရှိသည့် ကျောက်မျက်တူးဖော်ရေးဌာနများတွင်လည်းကောင်း၊ ဖားကန့်မြို့၊ မိုးညှင်းမြို့နှင့် ခန္တီးမြို့များတွင်ရှိသည့် ကျောက်စိမ်းတူးဖော်ရေးစခန်းများတွင်လည်းကောင်း ကြေညာသင်ပုန်းများတွင် ကြေညာထားပါသဖြင့် အသေးစိတ်သိရှိလိုသူများသည် ၎င်းဌာနများသို့ သွားရောက်ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး**
**စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ဟားခါးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန လက်အောက်ရှိ မင်းတပ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံး ကျောက်စီမြေထိန်းနံရံ(၁၂၀'×၃၀') တည်ဆောက်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၇-၄-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၁၄-၅-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး ဖုန်း-၀၉-၈၆၀၀၀၇၁၊ ၀၉-၅၂၃၂၈၃၃၊ ၀၉-၄၂၅၃၄၅၆၈၈ တို့သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီး၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဌာနလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသည်-
- (က) ၁၁ကေဗွီနှင့် ၀.၄ ကေဗွီဓာတ်အားလိုင်းများတည်ဆောက်ခြင်း
- (ခ) ၁၁/၀.၄ ကေဗွီ ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၂၇-၄-၂၀၁၅ ရက်မှစပြီး မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ဝယ်ယူတင်သွင်းနိုင်ပါသည်-
- (က)**အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်** - ၂၇-၄-၂၀၁၅ ရက်မှ ၂၈-၅-၂၀၁၅ ရက်အထိ
- (ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မကွေးမြို့

၃။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မကွေးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၆၃-၂၃၀၁၃၊ ၀၆၃-၂၅၈၀၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကယားပြည်နယ်အစိုးရအဖွဲ့
## ကယားပြည်နယ်-ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း ကျေးရွာမီးလင်းရေးနှင့် System Improvement အတွက် အောက်ပါလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူခြင်းတို့အား တင်ဒါ/Turn Key စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

| | |
|---|---|
| Lot(1) | လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်းအတွက် လိုအပ်သော (၁၀)မီတာနှင့် (၉)မီတာကွန်ကရစ်တိုင်များ ဝယ်ယူခြင်း |
| Lot(2) | ဖရူဆိုမြို့နယ်ရှိ လိုအပ်သော (၁၀)မီတာနှင့်(၉)မီတာကွန်ကရစ်တိုင်များ ဝယ်ယူခြင်း |
| Lot(3) | ဘောလခဲ၊ ရှားသစ်၊ ဖားဆောင်းနှင့်မယ်စဲ့မြို့နယ်အတွင်း လိုအပ်သော (၁၀)မီတာနှင့် (၉)မီတာကွန်ကရစ်တိုင်များ ဝယ်ယူခြင်း |
| Lot(4) | ရှားတောမြို့နယ်အတွင်း လိုအပ်သော(၁၀)မီတာနှင့် (၉)မီတာကွန်ကရစ်တိုင်များဝယ်ယူခြင်း |
